# ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ

ပဉ္စနိကာယဏ္ဏဝ ပိဋကတ္တယပါရဂူ

(ကျောက်တစ်လုံးတောရ)



ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ

အစိုးရ ဓမ္မာစရိယ

သာသနဇောတိပါလ ဓမ္မာစရိယ

ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယ

ပရိယတ္တိသဒ္ဓမ္မပါလ ဂန္ထဝါစကာစရိယ

ပရိယတ္တိသာသနဟိတ ဂဏဝါစက အာစရိယ

ခုဒ္ဒကနိကာယ ဝိနယဝိသာရဒ

ပိဋကတ္တယပါရဂူ

ပဥ္စနိကာယဏ္ဏဝပိဋကတ္တယပါရဂူ

၏

# သစ်ပင်ကိုရှု ရဟန်းပြု

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | ပဏာမနှင့်ပဋိညာဉ် | က |
| ၃။ | နိုပ်စက်ပူလောင် ဤကိုယ်ကောင် | ၁ |
| ၄။ | အကျိုးမျှော်လျက် စကားမြွက် | ၁၇ |
| ၅။ | လူ၏အကြိုက်ဆယ်ခါလိုက်လည်း | ၂၅ |
| ၆။ | သစ္စာဖြင့်သာလွတ်ကြောင်းရှာ | ၃၁ |
| ၇။ | ပေါလဇနက ထိုးနန်းရ | ၃၅ |
| ၈။ | မိဖုရားကြီး ထွက်ပြေးခန်း | ၄၁ |
| ၉။ | မြင်စဲခဏ မေတ္တာမျှ | ၄၉ |
| ၁၀။ | သားကိုချစ်ရှာ မိမာတာ | ၅၃ |
| ၁၁။ | ကုသိုလ်ရှိက နတ်စောင်မ | ၆၁ |
| ၁၂။ | သမီးတော်၏ အရည်အသွေး | ၇၃ |
| ၁၃။ | သေခါနီး နှုတ်မှာစကား | ၇၇ |
| ၁၄။ | မင်းလောင်းဆိုလျှင် မှတ်ကျောက်တင် | ၈၁ |
| ၁၅။ | ထီးနန်းစိုးစံ လောင်းဘုန်းလျှံ | ၉၁ |
| ၁၆။ | ကြီးမားပါသည် နှလုံးရည် | ၁၀၅ |
| ၁၇။ | ကျေးဇူးသိလျှင် သူတော်စင် | ၁၁၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | ကပ်ငြိတဏှာ ကြောက်စရာ | ၁၂၁ |
| ၁၉။ | စိတ်တော်ရှင်မြူး ဥဒါန်းကျူး | ၁၂၃ |
| ၂၀။ | မင်းကျင့်တရား အလေးထား | ၁၃၃ |
| ၂၁။ | သံဝေဂဉာဏ်ဖြစ်လာပြန် | ၁၄၁ |
| ၂၂။ | ရဟန်းဖြစ်ရန်စိတ်တော်ကြံ | ၁၅၃ |
| ၂၃။ | တောတောင်ရပ်ခွင် ရှေးရှုနှင် | ၁၅၇ |
| ၂၄။ | စွဲလန်းလို့သာလိုက်ကြရှာ | ၁၆၁ |
| ၂၅။ | အရေးသားကာ တားမြစ်ရှာ | ၁၇၁ |
| ၂၆။ | နာရဒရသေ့ လာပြီးတွေ့ | ၁၇၅ |
| ၂၇။ | မိဂါဇိန်ရသေ့လာပြီးတွေ့ | ၁၈၇ |
| ၂၈။ | အပြစ်ကင်းစင် အမဲကင် | ၂၀၁ |
| ၂၉။ | သတို့သမီးငယ် စကားကြွယ် | ၂၀၇ |
| ၃၀။ | တစ်ယောက်တည်းသာကျင့်စမ်းပါ | ၂၁၇ |
| ၃၁။ | မြက်ပင်ကိုပြ တောသို့ကြွ | ၂၂၃ |
| ၃၂။ | ပြန်ကြစို့ ဒို့ဌာနီ | ၂၂၉ |
| ၃၃။ | အတိတ်ဇာတ်ကြောင်း ပြန်လည်ပေါင်း | ၂၃၇ |
| ၃၄။ | ပတ္တနာ | ၂၄၁ |

# နိဒါန်း

ဤအရှင်သည် လက်ရှိသီတင်းသုံးရာ မုဒုံမြို့နယ်၊ ကျောက်တစ်လုံးတောရကျောင်းတိုက်၌ (၁၃၆၅) ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၇) ရက်နေ့မှစ၍ (၇) ရက်တိုင်တိုင် ရဟန်းရှင်လူ ယောဂီသူတော်စင်တို့အား "ဓမ္မာနုပဿနာသတိပဋ္ဌာန်" အလုပ်ပေးတရားစခန်း ဖွင့်လှစ်ပေးပြီး နေ့စဉ်ညဉ့်စဉ် တရားဟောပြောပြသ ဆိုဆုံးမခဲ့ပါသည်။ နေ့လယ်ပိုင်းတွင် လက်တွေ့ လုပ်ငန်းစဉ်ဆိုင်ရာ တရားများကို ဦးစားပေး ဟောကြားခဲ့ပါသည်။ ညဉ့်ပိုင်းတွင် လူမှုရေးဆိုင်ရာ၊ စာရိတ္တပြုပြင်ရေးဆိုင်ရာ တရားများကို ဦးစားပေး ဟောကြားခဲ့ပါသည်။

တရားစခန်း လာရောက်ဝင်ပြီး အားထုတ်ရန် အခက်အခဲရှိသူများ၊ တရား လာရောက်နာကြားရန် အခက်အခဲရှိသူများလည်း ဤတရားတော်ကို နာကြားရလေအောင်၊ တရားအသိဉာဏ်များ ရရှိလေအောင် ညဉ့်စဉ် ဟောကြားပြီး တရားတော်များကို စာအုပ်အဖြစ် ရေးသား ပြုစုပေးရန် အများသူငါက တိုက်တွန်း တောင်းပန်လာကြပြန်သည်။

ဤသို့ တောင်းပန်မှုကြောင့် ညဉ့်စဉ် ဟောကြားထားသော တရားတော်များကို မူရင်းအဓိပ္ပာယ်မပျက်စေဘဲ လိုရင်းကို ခြုံကာ

ရေးသားလိုက်ရပေသည်။ ညှ့်စဉ် ညှ့်စဉ် ဟောကြားသော တရား ဖြစ်၍ တရားနာပရိသတ်များ တစ်ညှ့်နှင့်တစ်ညှ့် တရား ဆက်စပ်မှု ရရှိစေရန်၊ အဆက်ပြတ်မသွားစေရန် ပြန်လည်၍ နောက်ကြောင်း ဆက်စပ်ပေးရခြင်း၊ တရားနာပရိတ်သတ်များ နားလည်သဘော ပေါက်အောင် အကြောင်းအရာတစ်ခုကို ထပ်ကာ ထပ်ကာ ဟောပြောရခြင်းတို့ကြောင့် စကားလုံးများ ထပ်၍ နေတတ်ပါသည်။

စာရေးသားရာဝယ် ထိုကဲ့သို့ အကြောင်းအရာတစ်ခုကို ထပ် ကာထပ်ကာ ဖော်ပြနေရလျှင် စာဖတ်သူများ ငြီးငွေ့၍ လာတတ်ပါ သည်။ အချိန်လည်း ကုန်တတ်ပါသည်။ ထို့ကြောင့် မူလ ဟောထား ခဲ့ပြီး တရားတော်များကို အနည်းငယ်ပြုပြင်ကာ စကားပိုများ လုံးထပ် များကို ပယ်ရှားပြီး "သစ်ပင်ကို၍ ရဟန်းပြု" ဟူသော ကျမ်း စာအုပ်ကို စာရှုသူတို့လက်သို့ အရောက် ပို့ပေးလိုက်ပါသည်။

ကျောက်တစ်လုံးတောရ စာရေးပြု ဖတ်ကြ မှတ်ကြစေ - -

ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ

## ပဏ္ဏာမနှင့်ပဋိညာဉ်

အတိတ်သာသနာတော်နှစ် (၂၅၄၇) ခုနှစ် လွတ်တော်ဝါဟာ ကောဇာသက္ကရာဇ် (၁၃၆၆) ခုနှစ် ဥတုဂိမှ နွေလရာသီ နှောင်းတန်ခူးလပြည့်ကျော် ၈-ရက်၊ ခရစ်နှစ် ၂၀၀၄-ခုနှစ်၊ ဧပြီလ ၁၂-ရက် ညဉ့်၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျောက်တစ်လုံးကျေးရွာ၊ ဘုန်းတော်ကြီး ဦးသီလ၏ ကျောက်တစ်လုံးတောရ ကျောင်းတိုက်အတွင်း၌ ဆင်ယင် ကျင်းပအပ်သော ဓမ္မာ နုပဿနာ သတိပဋ္ဌာန် အလုပ်ပေး တရားစခန်း၌ ဟော ကြားအပ်သော-

### "သစ်ပင်ကိုရှုရဟန်းပြု" တရားတော်

ဒီတရားတော်ကို မဟောမီ မနာမီ ရှေးဦးစွာ တရားပိုင်ရှင် ဖြစ်တော်မူတဲ့ အစိန္တေယျ သုံးလောကထွတ် ထား သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို အာရုံ ပြုကာ ရှိခိုး ကြည်ညိုကြပါစို့၊ တရားနာ ပရိသတ်အပေါင်း ယောဂီသူတော်စင်တို့အားလုံး လက်အုပ်ချီထားကြပါ။

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဉ္စမာနဉ္စ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော - အောင်သူတကာတို့၏အထွတ် တစ်မွတ်ဥသျှောင် ဘုန်းခေါင် ဘုန်းဖျား ငါတို့မြတ်စွာဘုရားသည်၊

မာရဠ - ဂိရိမေခလာ ဆင်မဟာကို လျှင်စွာ တက်စီး ပလ္လင်နီးဝယ် လေကြီးမိုး ကြီး ပြာပူမီးနှင့် မှောင်ကြီးတစ်တန် ဓားလှံမကြွင်း ပစ်ခတ်ခွင်းလျက် အချင်းသိဒ္ဓတ် ပလ္လင်မြတ်မှ အမြန် ထလော့ စိမ်းမြည်ကြုံးလွှင် ဗောဓိပင် နှင့် ပလ္လင်တော်ကား ထင်အရှား ပင် သင်ကားမဆိုင် ငါသာပိုင်ဟု စွဲကိုင်လက်နက် ရဲစစ်မက်ဖြင့် အောက်ထက်ဝန်းရံ သောသောညံ အောင် အသံဟစ်ကြွေး မယဉ်ကျေး သည့် ရန်ဘေးတစ်သင်း မာရ်နတ် မင်းကိုလည်းကောင်း။

ယက္ခဠ - ဓားမိုး၊ လှံမိုး၊ မီးကြီးမိုးကို ရွာဖြိုး သွန်းချ ယမ်းမီးကျသို့ ကောဓပြင်း ထန် ငါ့ဗိမာန်မှ အမြန်ထွက်သွား နှင်ရက်အားသည့် တရားကင်း

ကွာ ကြမ်းကြုတ်စွာသား အာဋ္ဌာ
ဝက တေဇထန်ပြင်း ဘီလူးမင်းကို
လည်းကောင်း၊

ဂဇဋ္ဌ - အစွယ်ထက်ချွန် အရက်မွန်လျက်
အလွန်ဆိုးညစ် အမုန်ယစ်၍ ရှင်
ချစ်သေဌ်နင်း သုံးလူမင်းကို အ
တင်းအကြပ် ဝိညာဉ်ပြတ်အောင်
ထိုးသတ်အံ့ဌာ ရှေးရှုလာသည့် နာ
ဠာဂိရိ တောင်ရှိန်းနိီး ဆင်ပြောင်
ကြီးကို လည်းကောင်း၊

စောရဋ္ဌ - ခရီးဝေးကွာ ယူဇနာကို လျင်စွာ
ပြေးစွမ်း တောမြိုင်တန်းက လူဖမ်း
လက်ဖြတ် သေအောင်သတ်၍ နန်း
ရပ်ကကျော် မွေးမယ်တော်ကို မြင်
သော်စိုက်စိုက် ဓားဖြင့်လိုက်၍
မကိုဋ္ဌထွတ်တင် ဘုရားရှင်ကို အသင်
ရှောင်ဝေး ဘယ်ကြောင့် ပြေးဟု
ဓားရေးပြကာ သတ်မည့်လာသား
လွန်စွာဆိုးဘိ အင်္ဂုလိခေါ် သူခိုး
ကျော်ကိုလည်းကောင်း။

စိဋ္ဌမာနဋ္ဌ - အလွန်ကောက်ကျစ် တိတ္တိညစ်တို့ အပြစ်ရှာကြံ မကောင်းညာဏ်ဖြင့် စီမံဆုံးဖြတ် စေလွှတ်လတ်၍ ပရိသတ်ထဲ အရှက်ကွဲအောင် စွပ်စွဲတတ်စွာ စိဋ္ဌမာဟု သညာဖော်ထုတ် မိန်းမယုတ်ကိုလည်းကောင်း၊

သစ္စကံ - မစင်မဖြူ မိစ္ဆာယူဖြင့် မည်သူကိုမျှ မာန်မချဘဲ ဝါဒချင်းပြိုင် သူကပိုင်အောင် အနိုင်လွှမ်းမိုး အယူဆိုးသည့် တိတ္ထိမျိုးမိုက် သစ္စကပရိဗိုဇ်ကိုလည်းကောင်း၊

နာဂဋ္ဌ - ဒေါသလွှမ်းမိုး မျက်စောင်းထိုးက အရိုးကျေမွ ဖွဲပြာကျသို့ တေဇထန်ပြင်း နန္ဒောပနန္ဒနဂါးမင်းကိုလည်းကောင်း၊

ဗကဋ္ဌ - ညာဏ်မြင်ကင်းကွာ နိစ္စသာဟု မိစ္ဆာလွှမ်းမိုး အယူဆိုးသည့် တန်ခိုးအရောင် ထိန်ပြောင်ညီးညီး ဗကဗြဟ္မာကြီးကိုလည်းကောင်း၊

အဇိနိ - ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုးလျက် ရှိခိုးတုပ်ကွ

ပြားပြားကျအောင် ဆုံးမသွန်သင်
အောင်ပွဲတော်ယင်ခဲ့လေပြီ။

ဧတေန သစ္စဝဇ္ဇေန- အောင်ခြင်းရှစ်ချက် ဂုဏ်တော်
နက်ကို နှုတ်မြွက်ဖော်ကြား ဤ
သစ္စာစကားကြောင့်။

မေ - မအောင်သေးခင် အောင်ကြွေးတင်
၍ အောင်မြင်ရန်မျှော် တပည့်
တော်၏။

ဝေါ - တုမှာကံ - မအောင်သေးခင် အောင်ကြွေးတင်
၍ အောင်မြင်ရန်မျှော်တောင်း
သင်တရားနာပရိသတ်အပေါင်း
သူတော်ကောင်းတို့၏)

ဇယမင်္ဂလံ - အောင်ရန်အတိတ် အောင်နိမိတ်
နှင့် အောင်ဘိသိက်သွင်း အောင်
ဟိတ်ကျင်းလျက် အောင်ခြင်းစဉ်
ကာ မင်္ဂလာသည်၊

ဟောတု - တက်သစ်နေဝန်း ထွန်းသစ်လစန်း
ပွင့်သစ်ပန်းသို့ ဆန်းအဖုံဖုံ စခန်း
စုံအောင် အစွမ်းကုန်မသွေ ဖြစ်
ပေါ်ပါစေသတည်း။

သာဓု - သာဓု - သာဓု။



# နိပ်စက်ပူလောင်ဤကိုယ်ကောင်

အားလုံး တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ သက်သက်သာသာ ထိုင်ပြီး နာကြားကြပါ။

ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကောသလတိုင်း သာဝတ္ထိမြို့ရဲ့ အနောက်တောင်ဘက်မှာ တည်ရှိတဲ့ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူစဉ်က တစ်ခုသော နေ့မှာဖြင့် ရဟန်းတော်အရှင်မြတ်တွေဟာ တရားဟော တရားနာရာ ဓမ္မာရုံတော်မြတ်အတွင်းမှာ စုဝေးပြီးတော့ တရားစကားကို တိုင်ပင် ဆွေးနွေးနေကြပါတယ်။ အထူးသဖြင့် ရှင်တော်ဗုဒ္ဓရဲ့ နိက္ခမပါရမီတော်အကြောင်းကို စုဝေး ပြောဆိုနေကြတာဖြစ်ပါတယ်။ နိက္ခမပါရမီဆိုတာ သံသရာ ဝဋ်ဒုက္ခမှ ထွက်မြောက်ဖို့အရေး တောထွက်ပြီး ကျင့်ကြံ အားထုတ်နေမှုပါပဲ။ ဒီရဟန်းတော်တွေ ပြောဆိုနေကြပုံက-

"အရှင်ဘုရားတို့ ရှင်တော်ဗုဒ္ဓဟာ သိဒ္ဓတ္ထမင်းသားဘဝနဲ့ လူ့စည်းစိမ်ကို ခံစားနေစဉ်က ကပိလဝတ်နေပြည်တော်မှာ-

၁။ ရမ္မ

၂။ သုရမ္မ

၃။ သုဘ

ဆိုတဲ့ ခမ်းနား ထည်ဝါလှတဲ့ နန်းပြာသာဒ်ဆောင်ကြီး သုံးဆောင်မှာ ရာသီအလိုက် တစ်လှည့်စီ ပြောင်းရွှေ့ပြီး ခံစားတော်မူခဲ့ရတယ်။ ယသောဓရာ ဒေဝီ အမှူးရှိတဲ့ ထောင်သောင်းမက များပြားလှတဲ့ မင်းသမီးကညာတွေကလည်း မပျင်းမရိရလေအောင် တီးမှုတ် ကခုန်မှု၊ ခြေဆုပ်လက်နယ်မှုတွေနဲ့ အမျိုးမျိုး ပြုစု ယုယပေးခဲ့တယ်။ သုံးမကုန် စွဲမကုန် တန်ဖိုးများစွာထိုက်တဲ့ ရွှေအိုးကြီးလေးလုံးကိုလည်း အပိုင်ရထားခဲ့တယ်။ အဲဒီလောက်ပြည့်စုံကြွယ်ဝတဲ့ လောကီအာရုံ ကာမဂုဏ်တွေကို ခံစားနေရပါလျက်နဲ့ နိမိတ်ကြီးလေးပါးကို မြင်လိုက်ရတဲ့အခါ လက်ရှိစည်းစိမ်တွေအပေါ် ကပ်ငြိ သာယာမှုကို ပယ်ခွာပြီး ဘဝများစွာက အတူတူ ရေစက်ပါလာခဲ့တဲ့ ယသောဓရာဒေဝီကိုတောင် အသိမပေးဘဲ ဘုရားအဖြစ်ကို အလွန်တောင့်တနေတာကြောင့် ဆန္ဒအမတ်ကို အဖော်ခေါ်ပြီး

တောထွက် ရဟန်းပြုခဲ့တာဟာဖြင့် အလွန်အံ့ဩဖို့ ကောင်းလိုက်တာ”လို့ ပြောဆိုနေကြပါတယ်။

ဒီနေရာမှာ နန်းပြာသာဒ်ကြီး သုံးဆောင် အကြောင်းကို နည်းနည်း ပြောပြချင်ပါတယ်။ ဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်ပြီးလို့ (၁၆)နှစ် အရွယ်လောက် ရောက်တဲ့အခါ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးဟာ ကပိလဝတ် နေပြည်တော်အတွင်း ဗိသုကာ လက်သမား ပန်းရန် ပန်းပု ပန်းချီ အတတ်ပညာတွေမှာ လိမ္မာကျွမ်းကျင်သူတွေကို စည်းဝေးခေါ်ယူပြီး မင်္ဂလာ နက္ခတ် ကောင်းတဲ့အချိန်မှာ ပန္နက်တော်ချလို့ နန်း ပြာသာဒ်ကြီး သုံးဆောင်ကို ဆောက်လုပ်စေခဲ့တာပါ။

ဆောင်းရာသီမှာ စံမြန်းဖို့ စီမံထားတဲ့ ပြာသာဒ် ကိုတော့ ရမ္မပြာသာဒ်လို့ ခေါ်ပါတယ်။ ဘုံဆင့် ကိုးဆင့် ရှိပါတယ်။ အနွေးဓာတ် ရယူနိုင်အောင် ဘုံအဆင့် အထပ် တွေကို နိမ့်နိမ့် တည်ဆောက်ထားပါတယ်။ ပြတင်းပေါက် တွေကိုလည်း စေ့စေ့စပ်စပ် လုံလုံခြုံခြုံ စီမံထားပါတယ်။ နံရံမျက်နှာကြက် အခင်းအရံတွေကိုလည်း လှလှပပ ပြုလုပ်ထားပါတယ်။

နွေရာသီမှာ စံမြန်းဖို့ စီမံထားတဲ့ ပြာသာဒ်ကိုတော့ သုရမ္မ ပြာသာဒ်လို့ ခေါ်ပါတယ်။ ဘုံအဆင့် ငါးဆင့် ပါဝင်

ပါတယ်။ ပူအိုက်တဲ့ အချိန်မှာ အအေးဓာတ် ရအောင် ဘုံအဆင့် အထပ်တွေကို ခပ်မြင့်မြင့်၊ ပြတင်းပေါက်တွေကို ကျယ်ကျယ်ဝန်းဝန်း ပြုလုပ်ထားပါတယ်။ တံခါးရွက်တွေမှာ ရွှေဇာ ငွေဇာတွေ တပ်ဆင်ထားပါတယ်။ နံရံအမိုးတွေမှာ စမ်းရေတွေ စီးနေပုံ၊ ကြာမျိုးငါးပါးရှိတဲ့ ရေကန်ပုံတွေကိုလည်း စီမံပေးထားပါတယ်။ နန်းပြာသာဒ်အနီး အရပ်လေးဘက်လေးတန်မှာလည်း အညစ်အကြေး ကင်းစင်ပြီး ကြည်လင်တဲ့ ရေရှိတဲ့ ရေကန်ကြီး လေးလုံးတို့ကိုလည်း စီမံထားပါတယ်။

မိုးရာသီမှာ စံမြန်းဖို့ စီမံထားတဲ့ နန်းပြာသာဒ်ကိုတော့ သုဘပြာသာဒ်လို့ ခေါ်ပါတယ်။ ဘုံအဆင့် (၇)ဆင့်ရှိပါတယ်။ အပူအအေး နှစ်မျိုးလုံးကို လိုသလိုရနိုင်အောင် မနိမ့်လွန်း မမြင့်လွန်း မကျဉ်းလွန်း မကျယ်လွန်းစေဘဲ စီမံထားပါတယ်။ အချို့ တံခါးရွက်တွေကို စေ့စေ့စပ်စပ် ပြုလုပ်ထားပြီး အချို့ တံခါးရွက်တွေမှာတော့ ဇာပေါက်တွေ ပြုလုပ်ထားပါတယ်။ အဝတ်အရုံ အခြုံအခင်းတွေကိုလည်း အအေးအပူ နှစ်မျိုးလုံး မျှမျှတတရှိအောင် ပြုလုပ်ထားပါတယ်။

ဒီ နန်းပြာသာဒ်ကြီးသုံးခု အတွင်းအပြင် နှစ်ဌာနမှာလည်း လှပ ဆန်းကြယ်ပြီး အဖိုးများစွာထိုက်တဲ့ ရတနာ

တွေနဲ့ စီခြယ်ထားပါတယ်။ လောကီအာရုံ ကာမဂုဏ်လိုသမျှ အားလုံး ပြည့်စုံအောင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက စီမံပေးထားပါတယ်။ သားတော် ငြီးငွေ့မှုမရှိရအောင် ဖျော်ဖြေပေးမယ့်သူတွေကိုလည်း ခန့်ထားပါတယ်။ ၁၆-နှစ်သား အရွယ်မှာ ထီးနန်းကို စိုးစံပြီးယသောဓရာဒေဝီ အမျိုးရှိတဲ့ မောင်းမတွေရဲ့ ပြုစု ယုယမှုကို ခံယူပြီး ၁၃-နှစ်တိုင်တိုင် စကြဝတေးမင်းရဲ့ စည်းစိမ်ပမာ ကြီးကျယ်တဲ့ စည်းစိမ်ကို ခံစားနေရာက သက်တော် ၂၉-နှစ် ရောက်တဲ့နေ့မှာ မင်္ဂလာ ဥယျာဉ် တော်ကိုသွားရောက် ပျော်ပါးလိုတာကြောင့် အာဇာနည်သိန္ဓောမြင်းလေးကောင် တပ်ထားတဲ့ ရထားကို စီးပြီးနန်းပြာသာဒ်ဆောင်ကနေ ထွက်တော်မူခဲ့ပါတယ်။ ရက်စွဲအတိအကျနဲ့ ပြောရရင် မဟာသက္ကရာဇ် ၉၆-ခုနှစ်၊ ဝါဆိုလပြည့်နေ့ ဖြစ်ပါတယ်။

အလောင်းတော် မြင်းရထားနဲ့ ထွက်လာစဉ်လမ်းခရီးအကြားမှာ သုဒ္ဓါဝါသဘုံသား ရဟန္တာ ဗြဟ္မာကြီးများက လူအိုကြီးအသွင်ကို ဖန်ဆင်းပြလိုက်ပါတယ်။ ဆံပင်ကဖြူ၊ သွားတွေက ကျွေ၊ ခါးကလည်းကုန်း၊ တောင်ဝှေး လက်စွဲလို့ တုန်တုန်ချိချိ အသွင်ကို မြင်လိုက်

ရတော့ အလောင်းတော်မှာ အံ့ဩစရာ ဖြစ်နေပါတယ်။ နတ်တွေရဲ့ တန်ခိုးကြောင့် ဒီ လူအိုကို အလောင်းတော်နဲ့ ရထားထိန်းပဲ မြင်တွေ့ရပါတယ်။ အခြားသူတွေ မမြင်ရပါဘူး။ ယခင်က အလောင်းတော်ရဲ့ အနီးပတ်ဝန်းကျင်မှာ ပျို့မြစ်နုနယ်သူတွေပဲ နေစေပါတယ်။ အိုမင်းမစွမ်းတဲ့ သူတွေကို တစ်ယောက်မှ အနားမကပ်စေရအောင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက စီမံထားပါတယ်။ ဒါကြောင့် အခုအချိန်မှာ အလောင်းတော်ဟာ မမြင်စဖူး လူအိုကြီးကို ပထမဆုံးအကြိမ် မြင်လိုက်ရပြီပေါ့။

အဲဒီလို မြင်ရတော့ အလောင်းတော်ဟာ ရထားထိန်းကို အကျိုးအကြောင်း မေးကြည့်ပြီး အိုခြင်းသဘောကို ဘယ်သူမှ မလွန်မြောက်နိုင်ဘူးဆိုတာ သိရတာကြောင့် ထိတ်လန့်မှု သံဝေဂဉာဏ်တွေ ဖြစ်ပေါ်လာပြီး ဥယျာဉ်တော်ကို ရောက်အောင် မသွားတော့ဘဲ လူအိုကြီးကို မြင်ရတဲ့အရပ်ကနေပြီးတော့ ရွှေနန်းတော်ဆီကို ပြန်လာခဲ့ပါတယ်။ ဘုန်းကြီးတို့ ပရိသတ်လည်း နေ့စဉ် စားဝတ်နေရေး ကိစ္စအတွက်နဲ့ လှုပ်ရှား သွားလာနေကြတာ လူအိုကို တွေ့ခဲ့တဲ့ အကြိမ်ပေါင်း မနည်းတော့ပါဘူး။ အလောင်းတော်လို သံဝေဂဉာဏ် ဘယ်နှခါ ဖြစ်ခဲ့ဖူး

သလဲလို့ ပြန်စဉ်းစားကြပါဦး၊ အလောင်းတော် မင်းသား ဟာ ပါရမီ ရင့်သန်နေတာကြောင့် နန်းတော် ရောက်တဲ့ အခါ "ပဋိသန္ဓေ တည်နေရမှု ဇာတိသဘောဟာ ရှုံမုန်း စက်ဆုပ်ဖွယ်ကြီးပါလား၊ ဇာတိတရား ထင်ရှားရှိနေသူ မှန်သမျှ အိုမင်းရင့်ရော်မှု ဇရာ ထင်ရှားဖြစ်ရမှာပါလား" လို့ စဉ်းစား ဆင်ခြင်ပြီး မျက်နှာတော် မကြည်မလင်နဲ့ ကြံမှိုင်နေပါတယ်။

ဒီအကြောင်းကို သုဒ္ဓေါဒနမင်းကြီးက လေ့လာ သိရှိပြီး ယခင်ကထက် ပိုပြီးတော့ ဖျော်ဖြေမှုတွေကို စီရင် ပေးတယ်။ အစောင့် အရှောက်တွေကိုလည်း စီမံပေး တယ်။ အဲဒီလို အာရုံငါးပါး ကာမဂုဏ်တရားတွေရဲ့ ဆွဲဆောင်မှုကြောင့် အလောင်းတော်ရဲ့ သံဝေဂဉာဏ် ကလေးဟာ တဖြည်းဖြည်း အားနည်းပြီးတော့ ကာမဂုဏ် တောထဲမှာ ပျော်မွေ့သွားပြန်ပါတယ်။ အခု ယောဂီတို့ တစ်တွေလည်း တရားတွေနာထား၊ တရားတွေ အားထုတ် ထားလို့ သတိသံဝေဂလည်း နည်းနည်းပါးပါး ရခါရှိသေး အိမ်ပြန်ရောက်တဲ့အခါ သားသမီး စီးပွားဥစ္စာ အာရုံတွေရဲ့ ဆွဲဆောင်မှုကြောင့် ရထားပြီးတဲ့ သံဝေဂ ဉာဏ်ကလေး တွေ ကုန်သွားပြန်ရော မဟုတ်လား။

နောက် လေးလကြာတဲ့အခါ ရက်စွဲအတိအကျနဲ့ ပြောရမယ်ဆိုရင် မဟာသက္ကရာဇ် (၉၆)ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့ ဖြစ်ပါတယ်။ အဲဒီနေရာမှာလည်း အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ရှေးနည်းအတူ မြင်းရထားစီးပြီးတော့ ဥယျာဉ်တော်ကို ထွက်ခဲ့ပါတယ်။ ဒီအကြိမ်မှာတော့ သုဒ္ဓါဝါသဘုံသား ရဟန္တာ ဗြဟ္မာကြီးတွေက လမ်းခရီးအကြားမှာ ကျင်ကြီးကျင်ငယ်တွေနဲ့ ပေလူးပြီး မထနိုင် မထိုင်နိုင် အော်ဟစ် ငြီးတွားနေတဲ့ လူနာကြီးအသွင်ကို ဖန်ဆင်းပြလိုက်ပါတယ်။ ဒီလူနာကို မြင်လိုက်ရပြီး ရထားထိန်းကို အကျိုးအကြောင်း မေးကြည့်ပြီးနောက် နာဖျားခြင်းသဘောကို မလွန်မြောက်နိုင်တဲ့ ငါဟာ မင်္ဂလာဥယျာဉ်တော် သွားပြီး ပျော်ပါးနေလို့ ဘာအကျိုးရှိတော့မှာလဲလို့ ဆင်ခြင် တွေးတောပြီး လူနာကို မြင်ရာအရပ်က နေပြီးတော့ပဲ နန်းတော်ကို ပြန်လာခဲ့ပါတယ်။

နန်းတော် ရောက်တဲ့အခါ ပဋိသန္ဓေတည်နေရမှု ဇာတိသဘော ထင်ရှားရှိနေသူ မှန်သမျှဟာ အိုခြင်း ဇရာ၊ နာဖျားခြင်း ဗျာဓိသဘောနဲ့ ကြုံတွေ့ရဦးမှာပါလား” လို့ သံဝေဂဉာဏ် အကြီးအကျယ် ဖြစ်ပြီး မျက်နှာ မရွှင် မပျ

ကြဲမှိုင်ပြီးတော့ နေပါတယ်။ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက ရှေးကထက် ပိုပြီးတော့ အစောင့်အရှောက်တွေ ချပေးထားတယ်။ ပြုစုယုယမှု ဖျော်ဖြေမှုတွေကိုလည်း ပိုပြီးတော့ စီမံပေးလိုက်တယ်။ အာရုံရဲ့ ဆွဲဆောင်မှုအား ကောင်းတာကြောင့် အလောင်းတော်ဟာ ပျော်မွေ့သွား ပြန်ပါတယ်။

အဲဒီလိုနဲ့ နောက် လေးလကြာတဲ့အခါ မဟာ သက္ကရာဇ် (၉၆)ခုနှစ်၊ တပေါင်းလပြည့်နေ့မှာ ဥယျာဉ် တော်ကို ထွက်တော်မူပြန်ပါတယ်။ ဒီအကြိမ်မှာတော့ သုဒ္ဓါဝါသဘုံသား ဗြဟ္မာကြီးတွေက လမ်းခရီးအကြားမှာ လူပေါင်းများစွာ ဝန်းရံပြီး ထမ်းလာတဲ့ လူသေ အလောင်း ကို ဖန်ဆင်းပြလိုက်ပါတယ်။ အဲဒီမြင်ကွင်းကို တွေ့လိုက် တော့ အလောင်းတော် သိဒ္ဓတ္ထဟာ ရထားထိန်းကို ကျိုးကြောင်း စုံလင် မေးမြန်းကြည့်ပါတယ်။ မိမိလည်း တစ်ချိန်မှာ ဒီလို သေခြင်းသဘောနဲ့ ကြုံတွေ့ရမယ်ဆိုတာ သိပြီး-

"အမောင် ရထားထိန်း၊ ဘယ်သူမဆို သေခြင်း သဘောကို မလွန်မြောက်နိုင်ဘူးဆိုရင် သေခြင်းသဘော ကနေ မလွန်မြောက်နိုင်တဲ့ ငါ့မှာ မင်္ဂလာဥယျာဉ်တော်

သွားပြီး ပျော်ပါးနေလို့ အလကားပေါ့။ ဒီနေရာကနေ ပြီးတော့ပဲ ရွှေနန်းတော်ကို ပြန်ကြစို့”လို့ ပြောကြားပြီး မရွှင်မပျဘဲ နန်းတော်ကို ပြန်ရောက်လာခဲ့ပါတယ်။ “ဘဝ တစ်ခုမှာ ပဋိသန္ဓေ တည်နေရတာ ကြောက်စရာကြီး ပါလား။ ပဋိသန္ဓေ တည်နေမှု ဇာတိသဘောရှိသူ မှန်သမျှ ဟာ အိုခြင်းဇရာ၊ နာခြင်း ဗျာဓိ၊ သေရခြင်း မရဏတရား တွေနဲ့ ဧကန် ကြုံတွေ့ရမှာပဲ”လို့ သံဝေဂဉာဏ်တွေ အကြီး အကျယ် ဖြစ်ပြီး ကြံမှိုင်နေပါတယ်။ ခမည်းတော် သုဒ္ဓေါ ဓနမင်းကြီးလည်း ပိုပြီးတော့ အစောင့်အကြပ်တွေ ချထား လိုက်တယ်။ မောင်းမမိဿံ အခြွေအရံတွေကိုလည်း အခါ တိုင်းထက် ပိုပြီး ပြုစုယုယ ဖျော်ဖြေပေးဖို့ ညွှန်ကြား လိုက်ပါတယ်။ အာရုံအမျိုးမျိုးရဲ့ ဆွဲဆောင်မှုကြောင့် အလောင်းတော်ရဲ့ သံဝေဂဉာဏ်တွေဟာ တဖြည်းဖြည်း လျော့နည်းသွားပြီး နန်းတော်ထဲမှာ ပျော်မွေ့သွားပြန် ပါတယ်။

နောက် လေးလကြာတဲ့အခါ မဟာသက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့်နေ့မှာတော့ အလောင်းတော်ရဲ့ သက်တော်ဟာ ၂၉-နှစ် ပြည့်ခဲ့ပြီးလို့ ၂-လတောင် စွန်းခဲ့ ပါပြီ။ အဲဒီနေ့မှာ မင်္ဂလာဥယျာဉ်တော်ကို စတုတ္ထအကြိမ်

ထွက်ပြန်ပါတယ်။ ဒီအကြိမ်မှာ သုဒ္ဓါဝါသ ဗြဟ္မာကြီးတွေက ဆံ မုတ်ဆိတ် ကျင်စွယ်ကို ပယ်ပြီး ဖန်ရည်ဆိုးတဲ့ သင်္ကန်းကို ဝတ်ရုံထားတဲ့ ရဟန်းအသွင်ကို ဖန်ဆင်းပြလိုက်ပါတယ်။

ဒီလို ထူးဆန်းတဲ့ အသွင်သဏ္ဌာန်ကို မြင်ရပြီး ရထားထိန်းကို အကျိုးအကြောင်း မေးကြည့်တော့ ရထားထိန်းက နတ်တို့ရဲ့ အာနုဘော်ကြောင့် ဤသူဟာ ရဟန်းဖြစ်ကြောင်း ရဟန်းတို့ရဲ့ ဂုဏ်ကျေးဇူးဟာ ဘယ်လိုဘယ်ပုံ ရှိကြောင်းတွေကို ပြောပြ သံတော်ဦး တင်လိုက်တဲ့အခါ ရဟန်းဘဝကို အလောင်းတော်အနေနဲ့ အလွန်ပဲနှစ်သက် သဘောကျသွားပါတယ်။ အဲဒါကြောင့် "ငါဒီနေရာမှာ ရဟန်းပြုတော့မယ်လို့" ခိုင်ခိုင်မြဲမြဲ ဆုံးဖြတ်ချက်ချပြီး ဥယျာဉ်တော်ကို ရောက်အောင် ကြွသွားပါတယ်။

အဲဒီ ဥယျာဉ်ထဲမှာ တစ်နေ့လုံး မြူးထူး ပျော်ပါးပြီးနေခဲ့ပါတယ်။ အဲဒီနေ့မှာပဲ ဘုရားအလောင်းတော်ရဲ့ မိဖုရားခေါင်ကြီး ဖြစ်တဲ့ ယသောဓရာဒေဝီက သားရတနာကို ဖွားမြင်ခဲ့ပါတယ်။ သုဒ္ဓေါဓနေ မင်းတရားကြီးက ဒီအကြောင်းကို ဘုရားအလောင်းတော်ထံ မင်းချင်း

ယောက်ျားတစ်ယောက်ကို စေလွှတ်ပြီး သတင်းပို့ခိုင်းလိုက်ပါတယ်။ ဘုရားအလောင်းတော်ဟာ ဒီသတင်းကို ကြားရတဲ့အခါ "ငါ့ကို ဖမ်းစားတော့မယ့် ရာဟု အသူရိန်တော့ ဖွားမြင်လာပြီ၊ အနှောင်အဖွဲ့ကြီး ဖြစ်ပေါ်လာခဲ့ပါလား"လို့ မိန့်ကြားပါတယ်။ သတင်းပို့တဲ့ မင်းချင်းယောက်ျားက ညည်းညူလိုက်တဲ့ စကားကို သုဒ္ဓေါဒနမင်းကြီးထံ လျှောက်ထား တင်ပြလိုက်တော့ သုဒ္ဓေါဒနမင်းကြီးက "ငါ့ရဲ့ မြေးတော်ကို ရာဟုလာလို့ မှည့်ခေါ်ကြ" လို့ မိန့်ကြားလိုက်ပါတယ်။

ဘုရားအလောင်းတော်ဟာ နေဝင်ခါနီးအချိန်မှာ မင်္ဂလာဥယျာဉ်တော်ကနေ နန်းတော်ကို ပြန်လာခဲ့ပါတယ်။ ရဟန်းကို မြင်တွေ့ပြီးတဲ့ အချိန်က စပြီး ငြိမ်းချမ်းစွာနေဖို့ တောထွက် ရဟန်းပြုတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကလည်း ချထားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် အလောင်းတော်ဟာ များမြတ် ကြီးကျယ်တဲ့ ကျက်သရေအစုတွေနဲ့ အလွန်ဆန်းကြယ် မွေ့လျော်ဖို့ကောင်းတဲ့ နန်းပြာသာဒ်ကို ရောက်ပြီး အသရေရှိတဲ့ သလွန်တော်ပေါ်မှာ စောစောစီးစီးပဲ လျောင်းစက်တော်မူလိုက်ပါတယ်။ တီးမှုတ် ကခုန်ဖျော်ဖြေနေကြတဲ့ ကာမဂုဏ် အာရုံတွေ ရှိနေသော်လည်း

အလောင်းတော်ဟာ ကိလေသာမီး တိုးပွားမှုမှာ စက်ဆုပ်ငြီးငွေ့တော်မူ တာကြောင့် တီးမှုတ် ကခုန် သီဆိုမှုတွေကို ကြည့်ရှုခံစားမှု မပြုတော့ဘဲ ခဏကလေးနဲ့ အိပ်ပျော်သွားပါတော့တယ်။

မောင်းမမိဿံ ရံရွေ ကခြေသည်အပေါင်းတို့ဟာ "ငါတို့ မင်းကြီးအတွက် ငါတို့ ဖျော်ဖြေနေကြရတာ ဖြစ်တယ်။ အခုတော့ ငါတို့ရဲ့ မင်းကြီး အိပ်ပျော်နေပြီမို့ အပင်ပန်းခံပြီး ဖျော်ဖြေစရာ မလိုတော့ဘူး"လို့ နှလုံးသွင်းကြပြီး မိမိတို့ ကိုင်ထားတဲ့ တူရိယာတွေကို ဖိပြီး အိပ်စက်ကြပါတယ်။ ရွှေနန်းတော်အတွင်းမှာလည်း ညှိထွန်းထားတဲ့ ဆီမီးတွေဟာ ညီးညီးထိန်ထိန် ထွန်းလင်းတောက်ပနေပါတယ်။ သန်းခေါင်ယံအချိန်မှာ တစ်ရေးနိုးတော့ အလောင်းတော်ဟာ သလွန်ပေါ်မှာ တင်ပျဉ်ခွေထိုင်ပြီး ပတ်ဝန်းကျင် အခြေအနေကို ကြည့်ရှုလိုက်ပါတယ်။

အချို့ ကခြေသည်မတွေဟာ သွားရည်တွေယိုစီးပြီး ပါးစောင်မှာ ညစ်ပတ် ပေရေလို့ အိပ်ပျော်နေကြတယ်။ အချို့ကျတော့ သွားတွေကို ကြိတ်ပြီး အိပ်ပျော်နေကြတယ်။ အချို့က ကျီးကန်းအော်သံလို အသံမြည်ပြီး

ဟောက်နေကြတယ်။ အချို့ကတော့ နှုတ်ကနေ မြည်တမ်း ယောင်ယမ်း ပြောဆိုနေကြတယ်၊ အချို့ကတော့ ခံတွင်း ပါးစပ် ဟင်းလင်း ပွင့်နေကြတယ်။ အချို့ကတော့ အဝတ် တွေ ကျွတ်နေကြတယ်။ အချို့ကတော့ ဆံပင်တွေ ဆံထုံး တွေ ပြေကျပြီး ပွရွနေကြတယ်။ ဒီမြင်ကွင်းကို ကြည့်ပြီး တော့ အလောင်းတော်ဟာ ရှေးကထက် ပိုပြီး လောကီ အာရုံ ကာမဂုဏ်တွေရဲ့ အပေါ်မှာ စက်ဆုပ်ပြီး ငြီးငွေ့ သွားပါတယ်။ အဲဒီလို ငြီးငွေ့မှု ပြင်းထန်လာတော့ နှုတ် ကနေ "ဥပဒ္ဒုတံ ဝတ ဘော၊ ဥပဿဋ္ဌံ ဝတ ဘော"လို့ မြည်တမ်း ရွတ်ဆိုမိပါတယ်။ အဓိပ္ပာယ်ကတော့-

"ဘော- သံသရာ ကရွတ်ကွင်းမှာ ပျော်ရွှင်ခြင်း လက်ကိုင်နှင့် မထွက်နိုင်ငြား အို လူမိုက်သားတို့၊ ဤခံ - အပုပ်တွေ သိုလှောင်ထားတဲ့ ဂိုဒေါင်ပမာ ဤရုပ်ခန္ဓာ ကြီးသည်။ ဥပဒ္ဒုတံ ဝတ- နှစ်သက်ဖွယ်မမြင် ခင်မင်ဖွယ် မရှိ ကပ်ငြိပြီး မစွဲလမ်းနိုင်အောင် အမြဲတမ်း နှိပ်စက် လေစွတကား။ ဘော - ကာမဗွက်တော မက်မောတုံငြား အို- လူအများတို့၊ ဤခံ - သေချာစွာ မတွေးဝံ့အောင် သွေးရွံ့၍ ထိတ်စရာ အဝိဇ္ဇာဖိစီး ဤခန္ဓာကြီး၏ အဖြစ် သည်၊ ဥပဿဋ္ဌံဝတ - အနှစ်ဟူ၍ မြူငွေ့မသမ်း ဆိုးသွမ်း

ယုတ်မာ တဏှာဂုဏ်တက်လျက် စုံမက်ခြင်း ပြင်းပြင်းနှင့် ဝဋ်အတွင်းမှာ ထူထောင်၍ ပူလောင် ညှဉ်းဆဲလေစွ တကား။

◇



# အကျိုးမျှော်လျက် စကားမြွက်

အဲဒီလို ကျူးရင့် မြည်တမ်းပြီးတော့ အလောင်းတော်ဟာ "ယနေ့ပဲ ငါ တောထွက်မှ ဖြစ်မယ်"လို့ ကြံစည်ပြီး တံခါးခုံမှာ ခေါင်းဆိုက်အိပ်နေတဲ့ ဆန္နအမတ်ကို ခေါ်ပြီး ကဏ္ဍကမြင်းကို စီးလို့ ကပိလဝတ် နေပြည်တော်ကနေ ထွက်လာခဲ့ပါတယ်။ အချိန်အခါအားဖြင့် မဟာသက္ကရာဇ် (၉၇)ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ သန်းခေါင်ယံအချိန် ဖြစ်ပါတယ်။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်တိုင် အေးအတူ ပူအမျှ ပါရမီအတူတူ ဖြည့်ခဲ့တဲ့ ယသောဓရာဒေဝီကိုရော၊ ဒီနေ့မှ ဖွားမြင်စဖြစ်တဲ့ ရင်သွေးရတနာ ရာဟုလာ မင်းသားကိုရော စွန့်ပြီး တောထွက်လာခဲ့ပါတယ်။ အဲဒီလို အလောင်းတော် တောထွက်လာခဲ့ရပုံကို ရဟန်းတော် အရှင်မြတ်တွေက အကျယ်တဝင့် ထုတ်ဖော် ချီးကျူး ပြောဆိုနေကြပါတယ်။

ရဟန်းတော်တွေက တရားဟော တရားနာရာ ဓမ္မာရုံတော်ထဲမှာ ပြောဆိုနေကြသော်လည်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဂန္ဓကုဋိတိုက်တော်မှာ သီတင်းသုံးနေရာက ဒိဗ္ဗသောတနားနဲ့ ကြားတော်မူပါတယ်။ ဇေတဝန်ကျောင်းတိုက်တော်အတွင်းမှာ-

၁။ ကရေရိကုဋိ

၂။ ဂန္ဓကုဋိ

၃။ ကောသမ္ဗကကုဋိ

၄။ သလဠာဂါရကုဋိ အားဖြင့် ကုဋိလေးလုံး ထင်ထင်ရှားရှား ရှိနေပါတယ်။ ကုဋိဆိုတာ ကျောင်း အဆောက်အအုံကို ပြောတာပါ။

ကရေရိကုဋိဆိုတာက အနီးအနားမှာ ကတက်ပင် (ခံတက်ပင်) ရှိတဲ့ အဆောက်အအုံလို့ အဓိပ္ပာယ်ရပါတယ်။ အနာထပိဏ် သူဌေးကြီးက သံဃာတော်များအတွက် ဆောက်ထားတာ ဖြစ်ပါတယ်။ အခုအခါကျတော့ အထိမ်းအမှတ် တည်ရာလောက်ပဲ ကျန်ရစ်ပါတော့တယ်။ ဇေတဝန် ကျောင်းတိုက်ကြီးရဲ့ မြောက်ဘက်အဖျားမှာ အရှေ့ဘက်အရပ်ကို မျက်နှာမူပြီး တည်ဆောက်ထားပါတယ်။

ဂန္ဓကုဋိဆိုတာကတော့ အနာထပိဏ်သူဌေးကြီးက မြတ်စွာဘုရားအတွက် ရည်စူးပြီး ဆောက်ထားတဲ့ ကျောင်းတော်ပါပဲ။ အမွှေးနံ့သာတွေနဲ့ ထုံမွမ်းထားတဲ့ ကျောင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဇေတဝန် ကျောင်းတိုက်တော် အတွင်းမှာ ပထမဦးဆုံးဆောက်လုပ်ခဲ့တဲ့ ကျောင်းတော်ပါပဲ။

ကောသမ္ဗကကုဋိဆိုတာကတော့ ကြို့ပင်ရဲ့ အနီးမှာ ရှိတဲ့ ဆောက်ထားတဲ့ ကျောင်းလို့ အဓိပ္ပာယ် ရပါတယ်။ အနာထပိဏ် သူဌေးကြီးက သံဃာတော်တွေအတွက် ရည်စူးပြီးတော့ ဆောက်လုပ်ထားတာပါ။ အစဦးဆုံး ဆောက်လုပ်စဉ်ကတော့ ကျောင်းတိုက်ရဲ့ တောင်ဘက် အစွန်အဖျားမှာ ရှိနေပါတယ်။

နောက်ပိုင်းမှာ သလဠာဂါရကုဋိ တိုးလာတော့ ကောသမ္ဗကကုဋိက အလိုလို ကျောင်းတိုက်ရဲ့ အလယ် ခေါင်မှာ ဖြစ်သွားပါတယ်။

သလဠာဂါရကုဋိဆိုတာကတော့ ထင်းရှူးသားနဲ့ ဆောက်လုပ်ထားတဲ့ ကျောင်းလို့ ဆိုပါတယ်။ ကောသလ မင်းကြီး ဆောက်လုပ် လှူဒါန်းထားတဲ့ ကျောင်းပါ။ ရဟန်း တော်များ သီတင်းသုံးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခန်း

(၂၄)ခန်း ထည့်သွင်း ပြုလုပ်ထားပါတယ်။ ဘုန်းကြီးတို့ သာဝတ္ထိ (ဆာဟေ့မဟေ့) (ဆရာဗစတိ) ရောက်ခဲ့စဉ်က ဒီကျောင်းတော်တွေဟာ အထိမ်းအမှတ်သဘောလောက်ပဲ ကျန်ရစ်ခဲ့တာကို ကြေကွဲစရာ တွေ့မြင်ခဲ့ရပါတယ်။

အဲဒီလို ကုဋီ (ကျောင်းတော်)လေးလုံးအနက် မြတ်စွာဘုရားဟာ ဂန္ဓကုဋိတိုက်တော်မှာ သီတင်းသုံးနေစဉ် ရဟန်းတော်တွေရဲ့ ပြောဆိုသံကို ကြားရတာဖြစ်ပါတယ်။ ရဟန်းတော်တွေ ပြောဆိုနေကြတာဟာ တိုးတိုးညင်ညင် သာပါပဲ။ ရှင်တော်ဗုဒ္ဓက အတော်အတန် အလှမ်းကွာ ဝေးတဲ့ ဂန္ဓကုဋိတိုက်တော်ကနေ ကြားရတယ်ဆိုတာ ဒိဗ္ဗသောတဉာဏ်တော်ရဲ့ အစွမ်းကြောင့်ပါပဲ။ ဒိဗ္ဗသောတ ဆိုတာ နတ်တို့ရဲ့ နားကဲ့သို့ အင်မတန် သိမ်မွေ့တဲ့အသံ၊ အင်မတန် ဝေးကွာလှတဲ့အရပ်မှာရှိတဲ့ အသံကို ကြားခြင်း ငှာ စွမ်းနိုင်တဲ့ ဉာဏ်ပါပဲ၊ ရှင်တော်ဗုဒ္ဓဟာ ရဟန်းတော်တွေ ပြောဆိုနေတဲ့ စကားကို ကြားတော်မူတယ်ဆိုရင်ပဲ ဒီစကားကို အကြောင်းပြုပြီး အတိတ် ဖြစ်စဉ်တစ်ခုကို ဟောပြရရင် များစွာသော သတ္တဝါတွေအတွက် အကျိုးရှိ လိမ့်မယ်လို့ မြင်တော်မူပါတယ်။

ဒီလို မြင်တော်မူတာကြောင့် ရဟန်းတော်များ

စုဝေးတော်မူရာ ဓမ္မာရုံတော်မြတ်ဆီ ကြွချီပြီး အဆင်သင့် ခင်းထားတဲ့နေရာမှာ ထိုင်ပြီး သီတင်းသုံးတော်မူပါတယ်။

ရဟန်းတော်များ အစည်းအဝေး ပြုလုပ်တဲ့ နေရာမှာပဲဖြစ်စေ၊ တစ်ပါးတည်း နေတော်မူတဲ့ အခါမှာပဲဖြစ်စေ၊ အကြောင်းကိစ္စ ပေါ်ပေါက်လာရင် မြတ်စွာဘုရားက ချက်ချင်း ကြွရောက်တော်မူလာတတ်ပါတယ်။ အဲဒါကြောင့် ဓမ္မာရုံတော်ထဲမှာလည်း မြတ်စွာဘုရားအတွက် နေရာတော်ကို အဆင်သင့်ပဲ ခင်းထားကြပါတယ်။ မြတ်စွာဘုရား ကြွရောက်တော်မူလာတော့ ရဟန်းတော်များဟာ အားလုံးပဲ စကားမပြောဘဲ တိတ်ဆိတ် ငြိမ်သက်နေကြပါတယ်။ မြတ်စွာဘုရားရဲ့ အပေါ်မှာ ရှိသေ လေးစားမှု အားကြီးတာကြောင့် အခုလို တိတ်ဆိတ်နေကြတာပါ။ အခု ဘုန်းကြီးတို့ရဲ့ ကျောက်တစ်လုံးတောရ ကျောင်းတိုက်မှာလည်း ရဟန်းရှင်လူ ယောဂီ သူတော်စင်တို့ဟာ တရားကျင့်ကြံ ပွားများနေလေတော့ ရောက်ရှိလာကြတဲ့ ဧည့်ပရိသတ်တွေဟာ ယောဂီသူတော်စင်တို့ရဲ့ အားထုတ်မှုမှာ အနှောင့်အယှက် မဖြစ်ရလေအောင် အလိုက်သိစွာနဲ့ စကားပြောတဲ့အခါ တိုးတိုး ညင်ညင်သာသာ ပြောဆိုနေကြတယ်ပေါ့။ ဒါဟာ သူတော်ကောင်းတွေရဲ့ ကိုယ်ကျင့်

တရားကို လေးစားမှုကြောင့် ဖြစ်ရတာပါ။ တိတ်ဆိတ်ငြိမ်သက်မှု မရှိဘဲ ဆူညံနေခြင်းကို သူတော်ကောင်းများ မနှစ်သက်ကြပါဘူး။

ရဟန်းတော်တွေ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြတော့ မြတ်စွာဘုရားက "ကိလေသာကို ဖျက်ဆီးဖို့ အားထုတ်နေကြတဲ့ ရဟန်းတို့၊ ငါဘုရား ဓမ္မာသနပလ္လင်တော်ပေါ် မရောက်မီ သင်တို့တစ်တွေ ဘာစကားတွေကို ပြောဆိုနေကြတာလဲ"လို့ စတင်ပြီး မေးမြန်းတော်မူလိုက်ပါတယ်။ မြတ်စွာဘုရားဟာ သိပင် သိသော်လည်း မေးမြန်းတော်မူသေးသလို သိလျက် တမင်သက်သက် မမေးမမြန်းတာလည်း ရှိပါတယ်။ တရားဟောတော်မူရာအခါ၊ ဝိနည်းသိက္ခာပုဒ်တော်ကို ပညတ်တော်မူရာအခါ၊ ပြဿနာကို ဖြေဆိုပေးတော်မူပေးဖို့ အခါတွေကို သိတော်မူပြီး အကျိုးရှိမယ်ဆိုရင် မေးမြန်းတော်မူပါတယ်။ အကျိုးမရှိဘူးဆိုတာကို သိရင် ဘာတစ်ခုကိုမျှ မေးမြန်းတော်မမူပါဘူး။ အခုတော့ တရား ဟောပြော ပြသသင့်တဲ့ အချိန်အခါ ရောက်နေပြီ၊ တရားဟောရင် ဘယ်လို အကျိုးတရားတွေ ဖြစ်လာလိမ့်မယ်ဆိုတာကို သိတော်မူတာကြောင့် မေးမြန်းတော်မူခြင်း ဖြစ်ပါတယ်။

ရဟန်းတော်များက "မြတ်စွာဘုရား တပည့်တော်တို့ဟာ ရှင်တော်ဗုဒ္ဓရဲ့ နေက္ခမ္မပါရမီ (လောကီအာရုံကာမဂုဏ်မှ ထွက်မြောက်ခြင်း)နဲ့ စပ်လျဉ်းပြီး ပြောဆိုနေကြပါတယ်ဘုရား" လို့ လျှောက်ထားလိုက်တဲ့အခါ ရှင်တော်ဗုဒ္ဓက-

"ရဟန်းတော်များ အိုချစ်သားတို့၊ ငါဘုရားဟာ သိဒ္ဓတ္ထမင်းသားအဖြစ်နဲ့ ပါရမီတော်တွေ ရင့်နေလို့ လူ့စည်းစိမ်တွေကို စွန့်ပြီး တောထွက်ခဲ့တာဟာ အံ့ဩစရာမဟုတ်သေးပါဘူး။ ရှေးရှေးသောဘဝ ပါရမီနုစဉ်အခါက အဲဒီလို ယသောဓရာဒေဝီကဲ့သို့ ချောမော လှပ မြင့်မြတ်တဲ့ မင်းသမီးနဲ့အတူ ကြီးကျယ် ခမ်းနားလှတဲ့ မင်းစည်းစိမ်ကို ခံစား သုံးဆောင်ပြီးတော့ မထင်မရှား သေးမွှားလှတဲ့ အာရုံနိမိတ်ကို မြင်ခဲ့ရပြီး မင်းစည်းစိမ်ကို ငြီးငွေ့လို့ နန်းတော်မှာ ဘယ်သူ့ကိုမှ အသိမပေးရဘဲ ရဟန်းအသွင်ဆင်မြန်းပြီး အဖော်မမှီး တစ်ကိုယ်တော်တည်း တောထွက်ခဲ့ဖူးတယ်။ အဲဒီတုန်းက အခုလို လွတ်လွတ်လပ်လပ်လည်း ထွက်သွားရတာ မဟုတ်။ ကြင်ယာတော် မိဖုရားနဲ့ အခြွေအရံတွေက ကြားသိတော့ နောက်ကနေ အစဉ်တစိုက် လိုက်ပြီး မင်းနေပြည်ကို ပြန်ဖို့ နည်းပရိယာယ်

အမျိုးမျိုးနဲ့ ဖြားယောင်း တောင်းပန်ကြတယ်။ အဲဒီလို တောင်းပန်ကြသော်လည်း လောကီအာရုံ ကာမဂုဏ်ကို ခံတွင်းကနေ ထွေးထုတ်ပြီးတဲ့ တံတွေးလို မငဲ့မကွက် စွန့်ပြီးတော့ ဘုရားအဖြစ်ကို ရည်သန်လို့ တောထွက်တော်မူခဲ့တယ်"လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

✧



# လူ၏အကြိုက် ဆယ်ခါလိုက်လည်း

အဲဒီအခါမှာ ရဟန်းတော်တွေက "မြတ်စွာဘုရား အခု အကျဉ်း မိန့်တော်မူခဲ့ပြီးတဲ့ အတိတ်ကာလက တောထွက်ခဲ့ပုံကို အကျယ်တဝင့် ဟောပြတော်မူပါဘုရား"လို့ လျှောက်ထား တောင်းပန်တဲ့အခါ ရှင်တော်ဗုဒ္ဓက အတိတ်ဖြစ်ရပ် အတ္ထုပ္ပတ္တိကို ဟောပြတော်မူခဲ့ပါတယ်။

အတိတ်ဝေးစွာ ရှေးအခါတုန်းက ဝိဒေဟရာဇ်တိုင်း၊ မိထိလာမြို့မှာ မဟာဇနကမင်းကြီးဟာ ထီးနန်းရိုးစိုက်ပြီး မင်းပြုနေပါတယ်။ "ဝိဒေဟရာဇ်"ဆိုတာ ထူးခြားသော ခန္ဓာကိုယ် တင့်တယ်ခြင်းရှိတဲ့မင်းရဲ့ အုပ်စိုးရာတိုင်းပြည်လို့ အဓိပ္ပာယ် ရပါတယ်။ "မိထိလာ"ဆိုတာကတော့ ရန်သူတွေကို နှိပ်စက်တတ်တဲ့မြို့လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီ မဟာဇနကမင်းကြီးမှာ သားတော် နှစ်ယောက် ထွန်းကားခဲ့ပါတယ်။ သားတော် အကြီးကိုတော့

"အရိဋ္ဌဇနက"လို့ အမည်ပေးထားပါတယ်။ သားတော် အငယ်ကိုတော့ "ပေါလဇနက"လို့ အမည်ပေးထားပါ တယ်။ သားတော်တွေရဲ့ နာမည်ထဲမှာ ဖခင်ရဲ့အမည် တစ်စိတ်တစ်ဒေသ ထည့်ပြီး မှည့်ခေါ်ထားကြပါတယ်။ အခုခေတ်မှာလည်း အချို့အချို့သော သားသမီးတွေကို မိဘတွေက အဖေအမည်(သို့မဟုတ်) အမေအမည်ကို တစ်စိတ်တစ်ဒေသ ထည့်သွင်းပြီး မှည့်ခေါ်နေကြတာ ရှိပါသေးတယ်။ ဒါမျိုးဟာ ရှေးကာလကတည်းက ရှိခဲ့ဖူး တယ်လို့ နားလည်ထားကြပါ။

ခမည်းတော် မဟာဇနကမင်းကြီးဟာ အရိဋ္ဌ ဇနက မင်းသားကို အိမ်ရှေ့အရာ ပေးထားပါတယ်။ အိမ်ရှေ့မင်းဆိုတာ နန်းရံပုဂ္ဂိုလ်ပါပဲ။ ခမည်းတော် မင်းတရားကြီး နတ်ရွာစံသွားရင် အဆင်သင့် ရှင်ဘုရင်လုပ်ရမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သားတော် အငယ်ကိုတော့ သေနာပတိ (စစ်ဦးစီးချုပ်) အရာ ခန့်ထားပါတယ်။ မဟာဇနက မင်းကြီးဟာ မင်းစည်းစိမ်ကို ကာလကြာမြင့်စွာ ခံစားခဲ့ ပြီး တစ်နေ့မှာတော့ နတ်ရွာစံခဲ့ပါတယ်။ ခမည်းတော် နတ်ရွာစံသွားတဲ့အခါ အိမ်ရှေ့မင်းဖြစ်တဲ့ အရိဋ္ဌဇနက မင်းသားက ထီးနန်း သိမ်းပိုက်ပြီးတော့ ရှင်ဘုရင် လုပ်ပါ

တယ်။ ညီတော်ဖြစ်တဲ့ ပေါလဇနက မင်းသားကို ရာထူး တိုးမြှင့်ပြီး အိမ်ရှေ့မင်းနေရာ ပေးလိုက်ပါတယ်။

အိမ်ရှေ့မင်းသားရဲ့ ယုံကြည်စိတ်ချ အားထားရတဲ့ အမတ်တစ်ယောက်ဟာ အိမ်ရှေ့မင်းသားထံမှာ အခွင့် အရေးတွေ အမျိုးမျိုး တောင်းခဲ့ပါတယ်။ အိမ်ရှေ့မင်းသား ကလည်း ပေးသင့်တဲ့ အခွင့်အရေးတွေကို ပေးခဲ့ပါတယ်။ တစ်နေ့မှာတော့ အဲဒီအမတ်ဟာ အိမ်ရှေ့မင်းသားထံ ကနေ ဥပဒေဘောင်ကို ကျော်လွန်ပြီးတော့ အခွင့်အရေး တောင်းပါတယ်။ အိမ်ရှေ့မင်းသားက ဒီတောင်းဆိုချက် ကို မလိုက်လျောဘဲ ပယ်ချခဲ့ပါတယ်။ အဲဒါကို မကျေနပ် တာကြောင့် ဒီအမတ်ဟာ မိမိရဲ့ အရှင် အိမ်ရှေ့မင်းသားကို ရန်သူလို့ စွဲမှတ်သွားပါတော့တယ်။ ဒါကြောင့် **“လူ၏ အကြိုက်၊ ဆယ်ခါလိုက်လည်း၊ မလိုက်တစ်ခါ၊ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ၊ စွဲမှတ်ယူ၏၊ သတိမြဲမြံ၊ ကြည့်ဆက်ဆံလော့”** လို့ ပတ်ဝန်းကျင်နဲ့ ဆက်ဆံတဲ့အခါ လိုက်နာဖို့ သတိပေး ဆိုရိုးစကားလေးကို ပညာရှိများ မိန့်ကြားထားခဲ့ပါတယ်။ တကယ်လည်း မှန်ပါတယ်။ ယနေ့ လောကကြီးမှာလည်း လူတစ်ယောက်ကို ဆယ်ကြိမ်လောက် သူ့အလို လိုက်လျော ခဲ့ပြီး နောင်တစ်ချိန်မှာ အကြောင်းအားလျော်စွာ မလိုက်

လျှောခဲ့ရင် အရင်က ဆယ်ကြိမ်လောက် လိုက်လျှောခဲ့တဲ့ ကျေးဇူးတွေကို အလေးမထားတော့ဘဲ နောက်ဆုံးတစ်ကြိမ် မလိုက်လျှောခဲ့တာကို အကြောင်းပြုပြီး ရန်သူလို သဘောထားပြီး အပြစ် ကြံဖန် ရှာတတ်ကြပါတယ်။

အခုလည်း အိမ်ရှေ့မင်းရဲ့ လူယုံအမတ်ဟာ အိမ်ရှေ့မင်းရဲ့အပေါ် အငြိုးထားပြီး အရှိဋ္ဌဇနက မင်းကြီးထံ သွားပြီး "အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ ညီတော်ဖြစ်တဲ့ အိမ်ရှေ့မင်းသားဟာ အရှင်မင်းကြီးရဲ့ အသက်အန္တရာယ်၊ စည်းစိမ်တော်ရဲ့ အန္တရာယ်တွေကို ပြုလုပ်ဖို့ ရည်ရွယ်နေပါတယ်။ အရှင်မင်းကြီး သတိကြီးကြီးထားပါ။ ကျွန်တော်မျိုးကတော့ ကိုယ့်အရှင်သခင်ဖြစ်တဲ့ အိမ်ရှေ့မင်းရဲ့ တင့်တယ် ကောင်းမွန်တာကို လိုလားပါသော်လည်း အရှင်မင်းကြီးရဲ့ အကျိုးမဲ့ ဆင်းရဲဒုက္ခ ကြုံတွေ့ရမှာ စိုးရိမ်မိတဲ့အတွက်ကြောင့် မထိန်မဝှက်ဘဲ ကြိုတင် သံတော်ဦး တင်ရခြင်း ဖြစ်ပါတယ်ဘုရား"လို့ ကုန်းတိုက်စကား ပြောကြားလိုက်ပါတယ်။

ကုန်းတိုက်တယ်ဆိုတာ ဝစီကံ အကုသိုလ်ပါ။ ချစ်ခင်သူ နှစ်ယောက်တို့ရဲ့ အကြားမှာ ရှိနေတဲ့ မေတ္တာတရားကို ပျက်စီးသွားအောင် ကြိုတ်ချေတတ်တဲ့သတ္တိ ရှိတာ

ကြောင့် ပါဠိလို "ပိသုဏာဝါစာ"လို့ ခေါ်ပါတယ်။ ပထမ တော့ အရိဋ္ဌဇနက မင်းကြီးဟာ "ငါ့ညီတော်ဟာ ငါ့ အပေါ်မှာ မကောင်းတာ ကြံမယ်လို့တော့ မထင်ပါဘူး"လို့ နှလုံးသွင်းပြီး အသာ ငြိမ်နေလိုက်ပါတယ်။ ကုန်းတိုက်တဲ့ အမတ်ကလည်း အခွင့်မသာသေးမီ ငြိမ်ငြိမ်နေပြီး အခွင့် သာလာတဲ့အခါမှာ ရှေးနည်းအတူပဲ မင်းကြီးထံ သွားလို့ ကုန်းတိုက်စကားနဲ့ သံတော်ဦးတင်ပြန်ပါတယ်။ အဲဒီလို နဲ့ ဒီအမတ်ဟာ အခွင့်သာတိုင်း အခွင့်သာတိုင်း ကုန်းသွား တိုက်နေတော့ အရိဋ္ဌဇနက မင်းကြီးအနေနဲ့ သူ့စကားကို တဖြည်းဖြည်း ယုံလာတယ်။

ဒါကြောင့် "အင်း. . . ဒီအမတ်ဟာ ခဏခဏ ငါ့ထံလာပြီး သံတော်ဦးတင်နေတယ်။ ကေန္တတော့ ငါ့ညီ တော်ဟာ ငါ့အပေါ် တကယ်ပဲ မကောင်းကြံနေပြီနဲ့ တူပါ ရဲ့"လို့ တွေးမိပြီး ညီတော်ရဲ့ အပေါ်မှာ ချစ်ခင်မှုတွေ ကွယ်ပျောက်သွားပါတော့တယ်။ ကျောက်တုံးတောင် တိုက်ပါများရင် လှုပ်တတ်တယ်ဆိုတော့ ကုန်းတိုက်စကား ကြားရဖန်များတော့ မင်းကြီးလည်း ယုံလာတော့တာပေါ့။ မကောင်းတဲ့သူများဟာ မကောင်းတာလုပ်ဖို့၊ မကောင်း တာ ပြောဖို့လောက်ပဲ ကြံစည်နေတတ်ပါတယ်။ အရိဋ္ဌ

ဇနက မင်းကြီးဟာ "ငါကတော့ ငါ့ညီကိုချစ်လွန်းလို့ အိမ်ရှေ့မင်းရာထူးပေးပြီး ချီးမြှောက်ထားတယ်၊ ငါ့ရဲ့ ကျေးဇူးကို မထောက်ထားဘဲ ဒင်းက ငါ့ကို သေကြောင်း ကြံရက်တယ်"လို့ တွေးပြီး အမျက်ဒေါသတွေက တဖြည်းဖြည်း ကြီးထွားလာပါတယ်။ တစ်နေ့မှာတော့-

"ညီတော် ပေါလဇနကမင်းသားကို အချုပ်ချင်း ဖမ်းပြီး သံခြေကျဉ်း အနှောင်အဖွဲ့နဲ့ ထောင်ထဲမှာထား လိုက်"လို့ မြို့တော်ဝန်ကို အမိန့်ပေးလိုက်ပါတယ်။ မြို့တော်ဝန်ကလည်း မင်းကြီးခိုင်းတဲ့အတိုင်းပဲ ဆောင် ရွက်လိုက်ပါတယ်။

✧



# သစ္စာဖြင့်သော လွတ်ကြောင်းရှာ

"ကောဓေ အတ္ထံ နဇာနာတိ = အမျက်ဒေါသ ထွက်နေသူဟာ အကျိုးတရားကို နားမလည်ဘူး"လို့ မြတ်စွာဘုရား ဟောထားတာ ရှိပါတယ်။ အခုလည်း အရိန္ဒဇနကမင်းကြီးဟာ ဒေါသထွက်နေတာကြောင့် အကျိုးသင့် အကြောင်းသင့် စဉ်းစား ဆင်ခြင် ဝေဖန်မှု ကင်းပြီး အမိန့်ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။ အိမ်ရှေ့ မင်းသားဟာ ထောင်ထဲမှာ အနှောင်အဖွဲ့ ခံရစဉ် "ငါဟာ ခမည်းတော် နတ်ရွာစံပြီးနောက် နောင်တော် မင်းဖြစ်ပြီး ငါ့ကို အိမ်ရှေ့မင်းအရာ ထားခဲ့သည်မှ အခုအချိန်တိုင် အောင် နောင်တော်မင်းမြတ်ရဲ့အပေါ်မှာ ရန်သူလို သဘောထားပြီး ပြစ်မှားမိခဲ့တာဆိုလို့ ဆံလွှာမြူမျှတောင် မရှိခဲ့ဘူး၊ သို့ပါလျက် အခုတော့ ငါ့ကို နောင်တော်ဟာ

အကျဉ်းချထားလိုက်ပြီ။ ငါ့မှာ သစ္စာတရားမှတစ်ပါး အားကိုးစရာ မရှိတော့ဘူး”လို့ စိတ်ထဲကနေ ကြံပြီး-

“ငါဟာ နောင်တော်မင်းမြတ်ရဲ့ ရန်သူစင်စစ် ဖြစ်ခဲ့ပါလျှင် ဤနှောင်အိမ်တံခါး သံခြေကျဉ်း အနှောင်အဖွဲ့တွေဟာ မပွင့်ဘဲ နေပါစေသတည်း။ နောင်တော် မင်းမြတ်ရဲ့ ရန်သူစင်စစ် မဟုတ်ခဲ့ပါလျှင် ဤနှောင်အိမ် တံခါး သံခြေကျဉ်း အနှောင်အဖွဲ့တွေဟာ အခုချက်ချင်း ပွင့်သွားပါစေသတည်း” လို့ နှုတ်ကနေ ထွက်ဆိုပြီး သစ္စာ ပြုလိုက်ပါတယ်၊ သစ္စာစကားရဲ့စွမ်းအားကြောင့် နှောင်အိမ် တံခါးလည်း ပွင့်သွားပါတယ်။ သံခြေကျဉ်း အနှောင်အဖွဲ့ တွေဟာလည်း အလွန် ထက်မြက်တဲ့ ဓားသန်လျက်နဲ့ ခုတ်ဖြတ် ခံလိုက်ရသလို အပိုင်းပိုင်း ပြတ်ထွက်သွားပါ တယ်။

သစ္စာစကားဟာ အခုလို အရေးကြုံလာရင် အားကိုး ရတယ်ဆိုတာ နားလည်ပြီးတော့ ယောဂီတို့လည်း နေ့စဉ် သစ္စာပြုတဲ့ သစ္စာဆိုတဲ့ အလေ့အကျင့်ကလေးတွေ ပြုလုပ် ထားကြပါ။ ဘာမှ ခက်ခဲတာလည်း မဟုတ်ပါဘူး။ ဥပမာ- ဒီနေ့တစ်နေ့တာအတွင်းမှာ ငါးပါးသီလအထဲက သုံးပါး လုံတယ်ဆိုရင် ညဥ့်အိပ်ခါနီး ဘုရားစင်ရှေ့မှာ “ငါသည် ယနေ့နံနက် မိုးသောက်သည်မှစ၍ ယခုအချိန်တိုင်အောင်

ငါးပါးသီလထဲမှ သိက္ခာပုဒ်သုံးပါးကို မကျိုးပေါက်အောင် စောင့်ထိန်းခဲ့ပါသည်”လို့ ဆိုလိုက်ရင် ဒါဟာ သစ္စာပြုတာပဲပေါ့။ ကိုယ့်ရဲ့ ကောင်းမြတ်တဲ့ ကိုယ်ကျင့်တရားတွေကို အခြေခံပြီး မှန်ကန်တဲ့အတိုင်း ပြောဆိုလိုက်ရင် အနှစ်ရှိတဲ့ သစ္စာစကား ဖြစ်သွားတာပေါ့။ အမှန် ထုတ်ပြောရဲလောက်အောင် မိမိရဲ့ ကိုယ်ကျင့်သီလကလည်း ကောင်းနေဖို့ လိုပါတယ်။ မှန်ပင် မှန်သော်လည်း အနှစ်သာရမရှိတဲ့စကားတွေကျတော့ အစွမ်းမထက်ပါဘူး။ ဥပမာ- “ငါသည် ငါ့အမေဝမ်းဗိုက်ထဲကနေ ထွက်လာသူဖြစ်သည်” လို့ ဆိုတဲ့စကားဟာ မှန်တော့မှန်တယ်။ ဒါပေမယ့်လို့ ကောင်းမြတ်တဲ့ မိမိရဲ့ ကိုယ်ကျင့်တရားကို အခြေခံမှု မရှိတာကြောင့် အစွမ်းမထက်မြက်ပါဘူး။

အခု ပေါလဇနကမင်းသား ဆိုလိုက်တဲ့သစ္စာစကားဟာ သူ့ရဲ့နောင်တော်အပေါ်မှာ ရန်သူလို သဘောမထားခဲ့ပါဘူးလို့ ကောင်းမြတ်တဲ့စိတ်ထားကလေးကို အခြေခံထားတာကြောင့် အနှစ်ရှိတဲ့ အစွမ်းထက်မြက်တဲ့ သစ္စာစကား ဖြစ်သွားပါတယ်။ ပေါလဇနကမင်းသားဟာ အနောင်အဖွဲ့ကနေ ကင်းလွတ်ပြီး အမုန်ယစ်ပဲ့ ဆင်ပြောင်ကြီးပမာ မင်းဖြစ်ထိုက်တဲ့ ဘုန်းကံကလည်း ရှိနေတယ်။ ဖြောင့်မှန်တဲ့ စိတ်နှလုံးကလည်း ရှိနေတယ်။

ဒါကြောင့် သူ့ကို တစ်စုံတစ်ယောက် ဘယ်သူကမျှ မဖမ်းဆီးဝံ့ဘဲ မြို့ကနေ လွတ်လွတ်ကင်းကင်း ထွက်သွားပါတယ်။ တိုင်းစွန်းနယ်ဖျား ရွာငယ်ကလေးတစ်ရွာမှာ နေထိုင်ပါတယ်။ ရွာသူရွာသားတွေကလည်း အိမ်ရှေ့မင်းဖြစ်ကြောင်း သိကြတော့ သိပ်ပြီးတော့ ရိုသေလေးစားကြပါတယ်။ အရိဋ္ဌဇနကမင်းကိုယ်တိုင်ကလည်း ညီတော်ကို ဖမ်းဆီးဖို့ မတတ်နိုင် ဖြစ်နေပါတယ်။

"တရားမထောင့်၊ အမှန်စောင့်က၊ စောင့်သည့်တရား၊ ထိုသူအားကို၊ မမှားဆတ်ဆတ်၊ စောင့်သတတ်တည်း"လို့ မဃဒေဝလင်္ကာမှာ မိန့်တော်မူထားပါတယ်။ ဆိုလိုရင်း အဓိပ္ပါယ်ကတော့ မိမိက တရားကျင့်သုံးမှုရှိလျှင် တရားက ကိုယ့်ကို ပြန်ပြီး စောင့်ရှောက်တယ်လို့ ဆိုလိုတာပါ။ ဒီထက် ရှင်းအောင် ပြောရရင် ဒါနပြုတဲ့သူဟာ ဒါနရဲ့ အကျိုးကို ခံစားရမယ်။ သီလစောင့်ထိန်းသူဟာ သီလရဲ့ အကျိုးကို ခံစားရမယ်။ ဘာဝနာတရား ပွားများတဲ့သူဟာလည်း ဘာဝနာတရားရဲ့ အကျိုးပေးကို ခံစားရမယ် ဆိုတာပါပဲ။ သစ္စာတရားကို လက်ကိုင်ထားပြီး ကျင့်သုံးနေတဲ့သူဟာလည်း သစ္စာတရားရဲ့အစွမ်းကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးကို ခံစားရပါတယ်။

✧



# ပေါလဇနက ထီးနန်းရ

ပေါလဇနကမင်းသားဟာလည်း ကဖြည်းဖြည်းနဲ့ နယ်စွန် နယ်ဖျားက ကျေးရွာ မြို့ပြတွေကို သိမ်းသွင်း စည်းရုံးပြီး လက်နက်အင်အား၊ လူအင်အား စုဆောင်း လိုက်ပါတယ်။ အင်အားခိုင်မာ တောင့်တင်းလာတဲ့အခါ

"ငါဟာ အရင်တုန်းက နောင်တော်ရဲ့ ရန်သူ မဟုတ်ခဲ့ဘူး။ အခုအချိန်မှာတော့ ရန်သူလုပ်ရတော့မယ်"လို့ ကြံစည်ပြီး စစ်သည် ဗိုလ်ပါနဲ့အတူ မိထိလာမြို့ကို ချီတက်လာပါတယ်။ မြို့အပြင် မနီးမဝေး တစ်နေရာမှာ သစ်တပ်ကြီး တည်ပြီး နေလိုက်ပါတယ်။ အရင်တုန်းက ပေါလဇနကမင်းသားထံမှာ အမှုထမ်းခဲ့ဖူးသူတွေ၊ သစ္စာခံ အမတ်တွေဟာလည်း ပေါလဇနကမင်းသား အကျဉ်းထောင်ထဲ ရောက်ကတည်းက ရာထူးတွေ အဖြုတ်ခံလိုက်ရတော့ မကျေမနပ် ဖြစ်နေကြတယ်။ ဒါကြောင့်

ဆိုရသတဲ့လား”လို့ ဆိုပြီးတော့ “အခုပဲ ငါကိုယ်တိုင် စစ်သည်ရဲမက်တွေနဲ့ ထွက်ပြီး သင့်ရဲ့ ဦးခေါင်းကို ဖြတ်ယူတော့မယ်လို့ မှတ်ပေတော့” လို့ အကြောင်း ပြန်ကြားလိုက်ပါတယ်။ အဲဒီအချိန်မှာ အရိဋ္ဌဇနက မင်းကြီးရဲ့ မိဖုရားကြီးဝမ်းမှာ ဘုရားအလောင်းတော် ပဋိသန္ဓေယူနေတာ ကိုယ်ဝန်လည်း ရင့်မာနေပါပြီ၊ အရိဋ္ဌ ဇနကမင်းနဲ့ ပေါလဇနက မင်းသားတို့ဟာ ညီအစ်ကို အရင်းတွေပါပဲ။ ဒီလောက် ချစ်ခင်ကြတဲ့ ညီအစ်ကို နှစ်ယောက် စိတ်ဝမ်းကွဲပြီး ရန်သူတွေ ဖြစ်သွားကြ တာဟာ အကြောင်းရင်း ရှာလိုက်တော့ ကုန်းတိုက်တဲ့ အမတ်က တရားခံပါပဲ၊ အကြောင်းကံတို့မည်သည် တူသော အကျိုးတရားကို ဖြစ်ပေါ်စေတတ်ပါတယ်။ သူ တစ်ဖက်သားတွေ စိတ်ဝမ်း ကွဲပြားသွားအောင် ကုန်း တိုက်မှုကြောင့် ဒီ အကြောင်းကံနဲ့တူစွာ မိမိမှာလည်း ချစ်ခင်ရသူတို့နှင့် ကွေ့ကွင်းရခြင်းဆိုတဲ့ မကောင်းကျိုးကို ရရှိဦးမှာဖြစ်ပါတယ်။ ကုန်းတိုက်မှု အကုသိုလ် ပြုလုပ် တဲ့သူတွေဟာ မိမိရဲ့ အခြေအရံ ပရိသတ် တည်မြဲမှု မရှိပါဘူး။

အရိဋ္ဌဇနကမင်းကြီးဟာ မိဖုရားကြီးကို ခေါ်ပြီး “နှမတော်၊ စစ်တိုက်တယ်ဆိုတာ အရှုံးအနိုင်ကို ကြိုတင်

ပြီးတော့ မသိနိုင်ဘူး၊ အဲဒါကြောင့် အခု စစ်ပွဲမှာ အခြေအနေကို ကြည့်ပြီးတော့ ကိုယ်ဝန် သားငယ်ကိုလည်း မပျက်စီးရအောင် စောင့်ရှောက်ထားပါ”လို့ မှာကြားပြီး ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ်တွေနဲ့အတူ ညီတော် ပေါလဇနကမင်းသားကို ရင်ဆိုင်တိုက်ဖို့ ထွက်လာခဲ့ပါတယ်။ အခက်အခဲဆိုတာ အနည်းနဲ့အများဆိုတာလို ကိုယ်စီကိုယ်စီ ရှိတတ်ကြပါတယ်။ ‘စစ်ရေးမက်ရေး ရန်သူဘေးကြောင့် အပြေးအလွှား ဆွေမျိုးကွဲသား ပြည်ထဲရေးရာ ခက်သည်သာတည်း”လို့ ဆိုရိုးစကား ရှိခဲ့ပါတယ်။

စစ်ဖြစ်နေပြီဆိုရင် စစ်ဘေးစစ်ဒဏ်ကို ရှောင်တိမ်းနေရတာကြောင့် နေမိနေရာမှာ ဖြစ်သလို နေရတယ်။ အစားအသောက်တွေလည်း မမှန်၊ ကိုယ်နဲ့မသင့်မလျော်တဲ့ ရာသီဥတုဒဏ်ကိုလည်း ခံရ၊ သူ့လူလိုလို ကိုယ့်လူလိုလိုနဲ့ မသင်္ကာစရာတွေဖြစ်ပြီး ဖမ်းဆီးနှိပ်စက်မှုကိုလည်း ခံရတယ်။ ဆွေတကွဲ မျိုးတကွဲ အသက်ဘေးကို လုပြီး ပြေးနေရတယ်။ ဒါကြောင့် မိဖုရားကြီးလည်း အရိပ်အခြည်ကို သတင်းနားထောင်ပြီးတော့ ပြေးဖို့ ပြင်ဆင်နေပါတယ်။ ပေါလဇနက မင်းဟာလည်း စစ်သည်

အင်အား အလုံးအရင်းနဲ့ အဆင်သင့် ပြင်ဆင်ထားပါတယ်။ ညီနောင်နှစ်ပါး အကြိတ်အနယ် ယှဉ်ပြိုင် စစ်ထိုးတဲ့အခါ ပေါလဇနကမင်းသားရဲ့ စစ်သည်တော်များ လက်ချက်ကြောင့် အရိဋ္ဌဇနကမင်း နတ်ရွာစံသွားရပါတယ်။

နတ်ရွာစံတယ်ဆိုတာ ရှင်ဘုရင်တွေ သေဆုံးတဲ့အခါ ပြောရိုးဆိုစဉ် ယဉ်ကျေးမှု စကားတစ်ရပ်ပါပဲ။ တကယ်တော့ အရိဋ္ဌဇနက မင်းဟာ ဒေါသစိတ် ရှေ့ထား တိုက်ခိုက်နေရင်း သေဆုံးရတယ်ဆိုတော့ နတ်ရွာမှာ စံရလိမ့်မယ်လို့တော့ မထင်ပါဘူး။ ဒုဂ္ဂတိဘုံ ရောက်ဖို့တော့ သေချာပါတယ်။

ဘုန်းကြီးတွေ သေဆုံးတဲ့အခါကျတော့ ပျံလွန်တော်မူတယ်လို့ ပြောကြပါတယ်။ လူ့ပြည်က နေပြီး နတ်ပြည် ဗြဟ္မာပြည်ကို ပျံတက်သွားတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောဆိုနေကြတာပါ။ သာသနာတော်မှာ ကောင်းကောင်း မွန်မွန် ဗုဒ္ဓအဆုံးအမနဲ့အညီ နေထိုင် ကျင့်သုံးရင်တော့ ပျံတော်မူတယ်ဆိုတာ ဟုတ်တာပေါ့။ ဗုဒ္ဓအဆုံးအမနဲ့ မညီဘဲ ထင်ရာတွေ လုပ်နေရင်တော့ အထက်ကို ပျံမတက်ရဘဲ အောက် ဒုဂ္ဂတိဘုံကို သျှိုးဝင်သွားရပါလိမ့်မယ်။

အရိုင္ဇနကမင်းကြီး ကျဆုံးသွားတဲ့အခါ ပေါလဇနကမင်းဟာ မိတ္ထိလာပြည် ထီးနန်းစည်းစိမ်ကို သိမ်းပိုက်ပါတော့တယ်။ ဒီသတင်းဟာ အုတ်အုတ်ကျက်ကျက်ဖြစ်ပြီး တစ်တိုင်းလုံး တစ်ပြည်လုံး ကျော်ကြားသွားပါတယ်။

✧



# မိဖုရားကြီး ထွက်ပြေးခန်း

အရိဋ္ဌဇနကမင်းကြီး နတ်ရွာစံသွားပြီဆိုတဲ့သတင်းကိုလည်း ကြားရော မိဖုရားကြီးက ဘဏ္ဍာတိုက်ထဲက ရွှေစင်ရွှေကောင်း ပတ္တမြား အစရှိတဲ့ ကျောက်မျက်ရတနာတွေကို အလျင်အမြန် ထုတ်ယူလိုက်ပြီး တောင်းတစ်ခုထဲမှာထည့်၊ ပုဆိုးနွမ်းနဲ့ အထပ်ထပ် ရစ်ပတ်၊ အပေါ်ကနေ ပုဆိုးနွမ်း တစ်ထည်နဲ့အုပ်ပြီး အဲဒီအပေါ်မှာ ဆန်စေ့ကလေးတွေကို ကြဲဖြန့်ထားတယ်။ ဆင်းရဲလှတဲ့ အမျိုးသမီးတစ်ဦးအသွင်နဲ့ တောင်းကိုရွက်ပြီး စစ်မျက်နှာကနေ လွတ်ရာ မြောက်ဘက်တံခါးကနေပြီးတော့ ထွက်သွားပါတယ်။ ဘယ်သူ တစ်စုံတစ်ယောက်ကမျှ မိဖုရားကြီးကို မမှတ်မိကြဘူး။ အရိဋ္ဌဇနကမင်းကြီး နတ်ရွာစံရတဲ့အကြောင်းကို စိစစ်ကြည့်ရင် သူတစ်ဖက်သားက လာရောက် ကုန်းတိုက်တာကို စူးစမ်း ဆင်ခြင်တတ်တဲ့

ပညာ ကင်းပြီး ဆုံးဖြတ်ချက် စောသွားလို့ပါပဲ။ သူ့ရဲ့ ညီတော်ဟာ သူ့ကို တကယ်ပဲ မကောင်းကြံတယ်ထင်ပြီး ဒေါသထွက်လာတော့ အပြစ်ကင်းမဲ့တဲ့ ညီတော်ကို ပြစ်မှားမိရာကနေ ပြဿနာ ရှုပ်တော့တာပါပဲ။

မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်တွေကို ပြစ်မှားမိတဲ့သူတွေဟာ အပြစ်ဒဏ် (၁၀)မျိုးမှာ တစ်မျိုးမျိုး သင့်တတ်တယ်။ အဲဒီ ဆယ်မျိုးဆိုတာ-

၁။ ကြမ်းတမ်းတဲ့ ရောဂါဝေဒနာတွေ ဖြစ်ပေါ်လာတတ်တယ်။ ဥပမာ- ကင်ဆာရောဂါမျိုးတွေ၊ နာတာရှည် ခေါင်းကိုက်ရောဂါမျိုးတွေပေါ့။

၂။ ပင်ပန်းမှုကြီးစွာနဲ့ ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေ ဆုံးရှုံး ပျက်စီးမှုနှင့် ကြုံတွေ့ရတတ်တယ်။

၃။ လက်ပြတ်ခြင်း၊ ခြေပြတ်ခြင်း စသည့် အင်္ဂါကြီးငယ်တွေ ချွတ်ယွင်းမှုနဲ့လည်း ကြုံရတတ်တယ်။

၄။ ကုဋ္ဌနူနာ အစရှိတဲ့ ဆေးကုမရတဲ့ ကြီးမားတဲ့ အနာရောဂါတွေလည်း ဖြစ်ပေါ်လာတတ်တယ်။

၅။ စိတ်ဖောက်ပြန် ရူးသွပ်မှုနဲ့လည်း ကြုံတွေ့ရတယ်။

၆။ မင်းပြစ်မင်းဒဏ် ထိပြီး ဖမ်းဆီး ချုပ်နှောင်ခံရတာတို့၊ အလုပ်ရာထူး အဖြုတ်ခံရတာတို့နဲ့လည်း ကြုံရတတ်တယ်။

၇။ သူတစ်ဖက်သားတွေက မိမိကို ကြမ်းကြမ်း တမ်းတမ်း စွပ်စွဲလာတာနဲ့လည်း ကြုံရတတ်တယ်။
၈။ မိမိရဲ့ အားကိုးအားထား ဆွေမျိုး မိတ်သင်္ဂဟ တွေလည်း ပျက်စီး ဆုံးရှုံးကုန်ခန်းသွားတတ်တယ်။
၉။ စည်းစိမ် အခြွေအရံ အသင်းအပင်း အရှိန်အဝါ တွေလည်း ကျဆင်း ဆုံးရှုံးရတတ်တယ်။
၁၀။ အိမ်ကို မီးလောင်ခြင်း၊ မိုးကြိုး လောင်မီး ထိခြင်း တွေနဲ့လည်း ကြုံတွေ့ရတတ်တယ်။ သေပြီး နောက် ဘဝမှာလည်း ငရဲကျရောက်တတ်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူထားပါတယ်။ မဃဒေဝလင်္ကာမှာတော့-

**လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား၊ လျော့ပါးစည်းစိမ်၊ နေအိမ် မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊ ကျိုးပျက် အင်္ဂါ၊ နူနာစိတ်ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန် စွပ်စွဲ၊ ပြိုကွဲ မျိုးဆွေ၊ ရွှေငွေကျွဲနွား၊ ယွင်းဖောက် ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်၌အမြဲ၊ သေဖောက်လဲသော်၊ ငရဲကြီးစွာ၊ လားဘို့ရာ၏** လို့ မိန့်ဆိုထားပါတယ်။

ဒါကြောင့် သူတစ်ဖက်သားက မလိုမုန်းထား ကြီးလို့ မဟုတ်မမှန် လုပ်ကြံပြောတာကို အရမ်း ယုံကြည်

ပြီး မပြစ်မှားသင့်သူတွေ၊ အပြစ်ကင်းမဲ့သူတွေကို မပြစ်မှားမိရလေအောင် ယောဂီတို့ သတိကြီးကြီး ထားကြပါ။ အထူးသဖြင့် အသင်းအဖွဲ့တွေမှာ ခေါင်းဆောင်နေတဲ့ သူတွေဆိုရင် နာယကဂုဏ် ရှိရပါမယ်။

နာယကဂုဏ်ဆိုတာ-

၁။ ကိုယ့်ကို သူတစ်ဖက်သားက ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ထိပါး ပုတ်ခတ်မှု၊ ပြောဆိုမှု ပြုလုပ်လာရင် ဘာမှ မပြောပလောက်တဲ့ သေးငယ်တဲ့ ကိစ္စကလေးမှာ မသိဟန်ဆောင်ပြီး သည်းခံခြင်းဆိုတဲ့ "**ခမာ**"ဂုဏ်။

၂။ သွားလာ နေထိုင် စားသောက်ခြင်း အစရှိတဲ့ ကိစ္စတိုင်းမှာ သတိပညာ မြဲစွာထားခြင်းဆိုတဲ့ "**ဇာဂရိယ**"ဂုဏ်။

၃။ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေမှာ လက်အောက်ငယ်သားတွေထက် နှစ်ဆသုံးဆတက်ပြီး လုံ့လပြုခြင်းဆိုတဲ့ "**ဥဋ္ဌာန**" ဂုဏ်။

၄။ နေရာဒေသ အချိန်ကာလ လူ့ဝလေ့တို့ကို နှိုင်းချင့်ပြီး ဝေဖန်ထုံးဖွဲ့ခြင်းဆိုတဲ့ "**သံဝိဘာဂ**"ဂုဏ်။

၅။ လက်အောက် ငယ်သားတွေကို ကိုယ်ချင်းစာတရား ထားပြီး သနားခြင်းဆိုတဲ့ "**ဒယာ**"ဂုဏ်။

၆။ ကိစ္စတိုင်း ကိစ္စတိုင်းမှာ တွေးခေါ် မြော်မြင်ဆင်ခြင်ခြင်း ဆိုတဲ့ "ဣက္ခဏ"ဂုဏ်။

အဲဒါတွေဟာ နာယကဂုဏ်ခြောက်ပါးပါပဲ။ အိမ်တစ်အိမ်မှာ၊ ကျောင်းတစ်ကျောင်းမှာ ရပ်ကွက်တစ်ခုမှာ၊ မြို့တစ်မြို့မှာ၊ တိုင်းနိုင်ငံတစ်ခုမှာ အကြီးအကဲ ပြုလုပ်ပြီး အုပ်ချုပ်နေတဲ့ သူတွေဟာ အခု ပြောပြခဲ့တဲ့ နာယကဂုဏ်ခြောက်ပါးဆိုတာ ရှိကိုရှိရပါမယ်။ အခု တရားနာပရိသတ်များအနေနဲ့လည်း တစ်နေရာရာမှာ အကြီးအကဲလုပ်တော့မယ်ဆိုရင် မိမိတို့မှာ ဒီ နာယကဂုဏ်တွေ ရှိမရှိ ပထမဦးစွာ စိစစ်ကြည့်ပါလို့ မှာကြားပါရစေ။

အရိန္ဒမနက မင်းကြီးဟာ မလိုသူက ကုန်းတိုက်တာကို ဆင်ခြင်ဉာဏ်ကင်းပြီး ယုံမှားမိရာကနေ အခုလို သေပွဲဝင်ရတဲ့ အခြေအနေထိ ရောက်ခဲ့ရတာပါပဲ။ အရိန္ဒမနကမင်းကြီးရဲ့ မိဖုရားကြီးဟာ မိထိလာမြို့ရဲ့ မြောက်ဘက် တံခါးကနေ ထွက်ပြေးသွားပါပြီ။ အရင်က ဘယ်အရပ်ကိုမျှလည်း မသွားဘူးတာကြောင့် ခရီး လမ်းမှန်ကိုလည်း မသိ။ ဘယ်အရပ် ဘယ်ဒေသကို သွားရမယ်ဆိုတာကိုလည်း ဦးတည်ချက် မရှိတဲ့အတွက်ကြောင့် မြို့ကနေခွာပြီး ဝေးဝေး မသွားဝံ့သေးဘဲ ဇရပ်တစ်ဆောင်မှာ

ခဏ ဝင်နားနေပါတယ်။ အဲဒီလို နားနေရင်း မိထိလာမြို့ကနေ မြောက်ဘက် ယူဇနာ ခြောက်ဆယ်အကွာမှာ ကာလစမ္ပာနဂိုရ်မြို့ ရှိတယ်ဆိုတာ သူများတွေ ပြောထားတာ သွားပြီး အမှတ်ရပါတော့တယ်။

ဒါကြောင့် ဇရပ်အနား ရောက်လာသူတွေကို တွေ့တိုင်း ကာလစမ္ပာနဂိုရ်မြို့ သွားတဲ့လမ်းကို မေးပါတော့တယ်။ ကာလစမ္ပာနဂိုရ်ဆိုတာ မည်းနက်တဲ့ စကားပင် ရှိရာမြို့လို့ အဓိပ္ပာယ်ရပါတယ်။ မိဖုရားကြီးရဲ့ ဝမ်းမှာ ပဋိသန္ဓေတည်နေတဲ့ ဘုန်းရှင်ကံရှင် ဘုရားအလောင်းတော်ရဲ့ အာနုဘော်ကြောင့် တာဝတိံသာ နတ်ပြည် ပင်လယ်ကသစ်ပင်အရင်းမှာ ခင်းထားတဲ့ သိကြားမင်း ထိုင်တဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးဟာ စည်းမျက်နှာပြင်လို တင်းမာပြီးတော့ ပူနွေးလာပါတယ်။ ဒီကျောက်ဖျာကြီးဟာ အလွန်ပဲ နူးညံ့ ပျော့ပြောင်းပါတယ်။ သိကြားမင်း တက်ထိုင်လိုက်ပြီဆိုရင် ခါးအထိအောင် နစ်မြုပ်သွားပါတယ်။ အခုတော့ ထူးထူးခြားခြား ပူနွေးလာ၊ တင်းမာလာတဲ့အခါ သိကြားမင်းက စိတ်နှလုံး မသက်မသာ ဖြစ်ရပါတယ်။

ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးဟာ အကြောင်းမဲ့ တင်းမာ လာတယ်၊ ပူပြင်းလာတယ်ရယ်လို့ မရှိပါဘူး။

သိကြားမင်း စုတိစိတ်ကျခါနီး(သေခါနီး)ပြီဆိုရင်လည်း တင်းမာ ပူပြင်းလာတတ်ပါတယ်။ တစ်စုံတစ်ယောက်က သိကြားမင်းရာထူးကို လုယူတော့မယ် ဆိုရင်လည်း တင်းမာ ပူပြင်းပြီးတော့ လာတတ်ပါတယ်။ အခုလည်း တင်းမာ ပူပြင်းပြီးတော့ လာတဲ့အခါ သိကြားမင်းက စိတ်နှလုံး မသက်မသာနဲ့ "ဘယ်လို အကြောင်းကိစ္စတွေများ ဖြစ်နေပါလိမ့်"လို့ ဆင်ခြင် ကြည့်ရှုတဲ့အခါ "အရိဋ္ဌဇနက မင်းကြီးရဲ့ မိဖုရားဟာ အခက်အခဲနဲ့ ကြုံနေရပြီ၊ မိဖုရားဝမ်းမှာတည်တဲ့ ဘုန်းရှင်ကံရှင် အာနုဘော်ကြောင့် အခုလို အခြင်းအရာ ဖြစ်ရတယ်"လို့ သိပြီးတော့ "မင်းဖြစ်ထိုက်တဲ့ သူဟာ မပျက်စီးသင့်ဘူး။ ဒီသူငယ် အသက်ရှည်စွာ တည်နေရင် တိုင်းသူပြည်သားတွေ အကျိုးများကြလိမ့်မယ်။ ဒါကြောင့် ဒီယောက်ျားမြတ် အန္တရာယ် မဖြစ်ရလေအောင် ငါ သွားပြီးတော့ ကူညီသင့်တယ်"လို့ ကြံပြီး ရထားပေါင်းချုပ်ကို ဖန်ဆင်း၊ အဲဒီ ရထားပေါ်မှာ ကုတင်ညောင်စောင်းကိုခင်းလို့ အဘိုးအိုအသွင်နဲ့ မိဖုရားရှိရာဇရပ်ကို ရောက်ရှိလာပါတယ်။ အနားရောက်တော့ "ကာလစမ္ပာနဂိုရ်မြို့ကို ရောက်မယ်၊ လိုက်ကြမလား"လို့ အော်ပြောလိုက်ပါတယ်။

မိဖုရားကြီးက "အဘိုး၊ ကျွန်ုပ် ကာလစမ္ပာနဂိုရ်မြို့ကို သွားချင်ပါတယ်"လို့ ပြောတဲ့အခါ သိကြားမင်းက "သမီး၊ ဒီလိုဆိုရင် အပေါ်တက်၊ အခုပဲ သွားကြစို့" ဆိုတော့ "အဘိုး၊ ကျွန်ုပ်မှာ ကိုယ်ဝန် ရင့်မာနေတာကြောင့် ရထားမစီးနိုင်ပါဘူး။ ကျွန်ုပ်ရဲ့ တောင်းကိုသာ ရထားပေါ် တင်ပါရစေ၊ ကျွန်ုပ် နောက်ကပဲ ခြေလျင် လိုက်ခဲ့ပါ့မယ်" လို့ ဆိုပါတယ်။ အဲဒီအခါ သိကြားမင်းက "သမီး၊ အဘိုးဟာလေ ရထားမောင်းနှင်တဲ့နေရာမှာ ကျွမ်းကျင်ပါတယ်၊ မကြောက်ပါနဲ့"လို့ ပြောလိုက်ရော မိဖုရားကြီး တက်ရာ မြေပြင်အရပ်ကလည်း ယေပြည့်တဲ့ သားရေအိတ်လို ကြွမောက်လာပြီး ရထားနောက်မြီးနဲ့ ထိသွားပါတယ်။ မိဖုရားကြီးလည်း ပကတိ မြေပြင်အရပ်မှာ လှမ်းသလို လှမ်းပြီး ရထားပေါ်ရောက်သွားပြီး ညောင်စောင်းပေါ်မှာ အဆင်သင့် ခင်းထားတဲ့ အိပ်ရာမှာ လျောင်းမိကာမျှနဲ့ပဲ နတ်တို့ရဲ့ အတွေ့ကြောင့် အိပ်ပျော်သွားပါတယ်။ ကုသိုလ်ရှင်ဆိုတော့ နတ်သိကြားများကလည်း လာရောက် ကယ်တင်ရပါတယ်။

✧



# မြင်ဆဲခဏ မေတ္တာမျှ

သိကြားမင်းလည်း ရထားကို မောင်းနှင်လိုက်တာ တစ်ခဏအတွင်းမှာပဲ မိထိလာမြို့ကနေ ယူဇနာသုံးဆယ် ကွာဝေးတဲ့အရပ်မှာ ရှိတဲ့ မြစ်အနီးကို ရောက်တော့ ရထားကို ခဏနားပြီး မိဖုရားကြီးကို နှိုးပြီး ရေချိုးခိုင်း ပါတယ်။ ရေချိုးပြီးနောက် အဆင်သင့်ပါလာတဲ့ ဝတ်စုံကို ဆင်မြန်းစေပြီး ထမင်းဘောဇဉ်ကိုလည်း ကျွေးမွေးပါ တယ်။ မိဖုရားကြီးလည်း စားပြီး တစ်ဖန် အိပ်ပျော်သွား ပြန်ပါတယ်။ သိကြားမင်းလည်း ရထားကို ဆက်လက် မောင်းနှင်သွားလိုက်တာ ညနေချမ်းအခါ ကာလစမ္ပာ နဂိုရ်မြို့ရဲ့ တောင်ဘက်တံခါးကို ရောက်တော့ မိဖုရား ကြီးကို နှိုးလိုက်ပါတယ်။ နောက်ပြီး ကာလစမ္ပာနဂိုရ်မြို့ကို ရောက်နေကြောင်း၊ မိမိမှာ လမ်းခရီးအဖြောင့်အမှန်ကို သိကြောင်း၊ ရထားမောင်း ကျွမ်းကျင်ကြောင်း၊ အဲဒါ

ကြောင့် တစ်ခဏချင်း ဆိုက်ရောက်လာကြောင်း၊ အခုအခါ ခရီးဆက်ရန် ရှိသေးသဖြင့် သွားရဦးမည်ဆိုတဲ့အကြောင်း ပြောပြီး မိဖုရားကြီးကို အနီးရှိ ဇရပ်တစ်ခုမှာ ချထားခဲ့ပြီး နတ်ပြည် ပြန်တက်သွားပါတယ်။

အဲဒီမြို့မှာ ဗေဒင် နက္ခတ် လက္ခဏာ တတ်ကျွမ်းတဲ့ ပုဏ္ဏား ဆရာကြီးတစ်ယောက်ဟာ အနယ်နယ် အရပ်ရပ်က ရောက်ရှိလာကြတဲ့ မင်းသား၊ ပုဏ္ဏားသား၊ သူဌေးသား၊ သူကြွယ်သားတွေကို ပညာသင်ကြားပေးနေပါတယ်။ ဒိသာပါမောက္ခဆရာကြီး ဆိုပြီးတော့ တစ်မြို့လုံးမှာ ကျော်ကြားနေပါတယ်။ ဒိသာပါမောက္ခ ဆရာကြီးဟာ မိဖုရားကြီး ဇရပ်ထဲ အနားယူနေတဲ့အချိန် တပည့် အခြွေအရံတွေနဲ့အတူ မြစ်ဆိပ်သွား ရေချိုးဖို့ တောင်ဘက်တံခါးကနေ ထွက်လာခဲ့ပါတယ်။ ဆရာကြီးဟာ ဇရပ်ပေါ်မှာ အနားယူနေတဲ့ မိဖုရားကို ခပ်လှမ်းလှမ်းကနေ မြင်လိုက်ရတဲ့အခါမှာ ဝမ်းထဲမှာရှိတဲ့ ဘုရားအလောင်းတော်ရဲ့ တန်ခိုးအာနုဘော်ကြောင့် ကာလကြာမြင့်စွာ ကွဲကွာနေရတဲ့ ကိုယ့်နှမငယ်ကို အခုမှ ပြန်တွေ့ရသလို မေတ္တာစိတ် သက်ဝင်လာပြီး ပရိသတ်ကနေ ခွဲထွက်လာပြီး ဇရပ်ထဲ ဝင်လို့ အကျိုးအကြောင်း မေးမြန်းကြည့်ပါတယ်။

ဝိဒေဟရာဇ်တိုင်း မိထိလာမြို့ကနေ ထွက်လာခဲ့ကြောင်း အရိဋ္ဌဇနကမင်းကြီးရဲ့ မိဖုရားကြီး ဖြစ်ကြောင်း၊ အခု ဒီအရပ်မှာဆိုရင် အကျွမ်းဝင်သူ ဆွေမျိုးသားချင်းလည်း တစ်ယောက်မျှ မရှိကြောင်း စသည်ဖြင့် စုံစုံလင်လင် ပြောကြားလိုက်ပါတယ်။

အဲဒီအခါ ဒိသာပါမောက္ခဆရာကြီးက ကရုဏာ ဖြစ်ပြီး "ငါ့နှမ၊ ဘာမှမစိုးရိမ်နဲ့၊ သင့်ကို နှမအရင်းလို သဘောထားပြီး လုပ်ကျွေး ပြုစုထားပါမယ်။ သင် ကလည်း ငါ့ကို အစ်ကိုအရင်းလို သဘောထားပြီး ငါ့ ခြေထောက်ကို ဖက်ပြီးတော့ "အစ်ကိုကြီးရဲ့၊ ကွဲကွာ သွားတာ ကြာပြီ၊ မသေလို့သာ အခု ပြန်တွေ့ရတယ် စသည်ဖြင့် ပြောပြီး အော်လိုက်"လို့ သင်ပေးပါတယ်။ မိဖုရားကလည်း ဒိသာပါမောက္ခဆရာကြီး သင်ပေးတဲ့ အတိုင်း လုပ်ပါတယ်။ ပါမောက္ခကြီးကလည်း "ငါ့နှမကို ကံကောင်းလို့ အခု ပြန်တွေ့ရတယ်" စသည်ဖြင့် ပြောပြီး ငိုပြန်ပါတယ်။ အဲဒီလို ဇရပ်ပေါ်က ငိုသံကြားတော့ တပည့်တွေ ပြေးလာပြီး အကျိုးအကြောင်း မေးမြန်းကြည့် တော့ ဒိသာပါမောက္ခဆရာကြီးက-

"အမောင် တပည့်တို့၊ နှစ်ပေါင်းများစွာ ကွေကွင်း ပြီး နေခဲ့ရတဲ့ ငါ့နှမကို အခုမှ မသေမပျောက်ဘဲ ပြန်တွေ့

ရတာကြောင့် ဝမ်းလည်းသာ ဝမ်းလည်းနည်းလို့ ငိုမိပါ တယ်”လို့ ဆိုတဲ့အခါ တပည့်တွေက “ဆရာကြီးရယ်၊ ကိုယ့် နှမနဲ့ ကိုယ် ပြန်တွေ့ရတာ အလွန်ကောင်းပါတယ်။ ဆောင်ရွက်စရာ ကိစ္စကို တပည့်တို့ ဆောင်ရွက်ပါမယ်။ ဘာမှ မစိုးရိမ်ပါနဲ့”လို့ ဆိုတော့ ဆရာကြီးက အိမ်ကနေ ရထားပေါင်းချုပ် ယူခိုင်းလိုက်ပြီး မိဖုရားကြီးကို တပည့် တွေနဲ့အတူ အိမ်အရောက် ပို့ခိုင်းလိုက်ပါတယ်။ ဇနီးဖြစ်သူ ပုဏ္ဏားမကိုလည်း ကောင်းကောင်းမွန်မွန် ပြုစုစောင့် ရှောက်ဖို့ မှာလိုက်ပါသေးတယ်။ ဒီနေရာမှာ ပါမောက္ခ ဆရာကြီးက သူတစ်ဖက်သားကို ကယ်တင်ချင်တဲ့ အတွက်ကြောင့် ပရိယာယ်ဆင်ပြီး ဆောင်ရွက်လိုက်တာ ဟာ အရင်းခံ စေတနာ သန့်ရှင်းနေတာကြောင့် ကုသိုလ် အမှု ဖြစ်သွားပါတယ်။

မဟုတ်မမှန် လိမ်ညာတဲ့အတွက်ကြောင့် အကုသိုလ် ဖြစ်တယ်လို့ မထင်လိုက်ကြပါနဲ့။

✧



# သားကိုချစ်ရှာ မိယာတာ

ပုဏ္ဏားမကြီးကလည်း ဝမ်းပန်းတသာ ကြိုဆိုပြီးတော့ ကောင်းကောင်းမွန်မွန် ပြုစု စောင့်ရှောက်ထားတယ်။ ဒီသာပါမောက္ခ ဆရာကြီးနဲ့ ဇနီးတို့ဟာ မိဖုရားကြီးအပေါ် စေတနာအပြည့်အဝနဲ့ စောင့်ရှောက် ပေးခဲ့တာ မကြာမြင့်မီမှာပဲ မိဖုရားကြီးဟာ ရှုချင်စဖွယ် ရုပ်ရည်အဆင်းနဲ့ ပြည့်စုံတဲ့ သားတော်ကလေးကို ဖွားမြင်ခဲ့ပါတယ်။ သားတော်ကို ကင်ပွန်းတပ်အမည်မှည့်တဲ့နေ့မှာ မိဖုရားကြီးက အခြားအခြားအမည်တွေကို မမှည့်ဘဲ ဘိုးတော်မင်းကြီးရဲ့ အမည်အတိုင်း 'မဟာဇနက' လို့ မှည့်ခေါ်လိုက်ပါတယ်။ မဟာဇနကဆိုတဲ့ ပါဠိဟာ များစွာသော လူအပေါင်းတို့ရဲ့ ချစ်ခင် နှစ်သက်အပ်တဲ့သူလို့ အဓိပ္ပာယ်ရပါတယ်။

မဟာဇနကမင်းသား သိတတ်တဲ့ အရွယ် ရောက်တဲ့အချိန်မှာ အခြား အဖော်ဖြစ်တဲ့ ကလေးတွေနဲ့အတူ ဆော့ကစားနေစဉ် အချင်းချင်း ရန်ဖြစ်ကြတယ်။ အဲဒီအခါ မဟာဇနက မင်းသားက ခွန်အားလည်း ကြီးတယ်ဆိုတော့ ရန်ဘက် ကလေးတွေကို ပြန်ပြီး မလှုန့်ဝံ့အောင် နာနာကျင်ကျင် ထိုးလိုက်ကန်လိုက် ပြုလုပ်ပါတယ်။ အဲဒီအခါ ကလေးတွေက ငိုပြီးတော့ "မုဆိုးမသားက လုပါးဝတယ်"လို့ မိဘတွေဆီမှာ တိုင်ကြပါတယ်။ အဲဒီလို တိုင်သံကြားတော့ မဟာဇနက မင်းသားက "ငါဟာ တကယ်ပဲ မုဆိုးမသား ဟုတ်လေသလား" လို့ သံသယ ဝင်လာတယ်။ ဒါကြောင့် တစ်နေ့မှာတော့ သူ့မိခင်ထံမှာ "မိခင်၊ သားရဲ့ဖခင်ဟာ ဘယ်သူလဲ"လို့ မေးတော့ မိခင်က "ချစ်သား ဒိသာပါမောက္ခဆရာကြီးဟာ သားရဲ့ဖခင်ပဲ"လို့ ပြောပြလိုက်တော့ မင်းသားဟာ မိခင်ရဲ့စကားကို အမှန်ပဲထင်ပြီး ယုံကြည် လက်ခံလိုက်ပါတယ်။

နောက်တစ်ကြိမ် ကစားဘက်တွေနဲ့ ရန်ဖြစ်တဲ့အခါ ရန်ဘက်တွေက အရင်လိုပဲ အထိုးအနှက် ခံလိုက်ရတော့ "မုဆိုးမသားက တော်တော်လုပါးဝတယ်"ဆိုပြီး ငိုယို တိုင်တန်းကြပြန်တယ်။ ဒီတော့ မဟာဇနကမင်းသား

က မခံချင်စိတ်နဲ့ "ဘယ်ကလာ မုဆိုးမ သားရမှာလဲကွ၊ ငါ့မှာ အဖေစုံ အမေစုံ ရှိတယ်။ ဒိသာပါမောက္ခ ဆရာကြီးဟာ ငါ့အဖေပဲကွ"လို့ ပြောလိုက်တော့ ရန်ဖြစ်ဘက် ကလေးတွေက သူတို့မိဘတွေရဲ့ စကားကို တစ်ဆင့်ကြားထားရလေတော့ ဒိသာပါမောက္ခ ဆရာကြီးဟာ မင်းအဖေအရင်း မဟုတ်ဘူးကွ၊ မင်းတို့ သားအမိဟာ တစ်နယ်တစ်ကျေးကနေ လွင့်ပါးပြီး ဒီမြို့ကို ရောက်လာကြတာ၊ ရေမျောကမ်းတင်တွေကွ၊ ဒိသာပါမောက္ခ ဆရာကြီးနဲ့ မင်းတို့နဲ့ ဘာမှ မတော်ဘူးကွ"လို့ ပြောကြတယ်။

အဲဒီလို ကြားရတော့ 'မဟာဇနကမင်းသားဟာ ဒီကောင်တွေက ငါ့ကို မုဆိုးမသားလို့ပဲ အခိုင်အမာ ပြောဆိုနေကြတယ်။ သူတို့ပြောတဲ့အတိုင်း ဟုတ်များ ဟုတ်လေသလား။ ငါ့အမေဟာ ငါ့ကို လိမ်ညာပြောနေတာများ ဖြစ်လေမလား၊ ငါ့အမေဟာ ငါ့ကို ဘာဖြစ်လို့များ အမှန်မပြောရတာလဲ၊ ငါ အမှန်သိချင်လိုက်တာ"လို့ ကြံစည်ပြီး အခွင့်ကို စောင့်နေပါတယ်။ မိဖုရားကြီးမှာလည်း ဒီ သားတစ်ယောက်တည်း ရှိတယ်ဆိုတော့ မဟာဇနက မင်းသားဟာ နို့စို့တဲ့အရွယ် မဟုတ်

သော်လည်း တစ်နေ့မှာတော့ မိခင်ရဲ့ ရင်ခွင်မှာ နေလို့ သားမြတ်အစွန်းကို ကိုင်ပြီး "မိခင်၊ သားရဲ့ဖခင်ဟာ ဘယ်သူလဲဆိုတာ မှန်မှန်သာ ပြောစမ်းပါ။ အမှန်အတိုင်း မပြောရင် သားမြတ်စွန်းကို ပြတ်သွားအောင် ကိုက်ပစ်လိုက်မယ်နော်"လို့ ဆိုတော့ မိခင်ဖြစ်သူဟာ လှည့်ပတ်ပြီး မပြောဝံ့တာကြောင့် "ချစ်သား၊ သင်ဟာ မိထိလာပြည့်ရှင် အရိဋ္ဌဇနကမင်းကြီးရဲ့သား ဖြစ်တယ်" စသည်ဖြင့် ကာလစမ္ပနဂိုရ်မြို့ ရောက်လာခဲ့ရပုံ အကြောင်းစုံကို ပြောပြလိုက်ပါတယ်။

အဲဒီအခါက စပြီး ကစားဖော် ကစားဖက်တွေက "မုဆိုးမသား"လို့ နှိမ်ချပြောဆိုတဲ့အခါ အမျက်ဒေါသလုံးဝ မထွက်တော့ဘဲ သူတို့က မှန်တာကို ပြောတာပဲလေ"လို့ နှလုံးသွင်းပြီး သည်းခံပါတယ်။ ယောဂီတို့ အနေနဲ့လည်း အရပ်ထဲမှာ ကိုယ့်ပတ်ဝန်းကျင်ကို လေ့လာကြည့်ပါ။ ဟုတ်တာမှန်တာပြောလို့ မခံနိုင်တာတွေလည်း အများကြီး ရှိပါတယ်။ သူခိုးကို "ဟေ့ သူခိုး"လို့ ပြောကြည့်၊ လူမိုက်ကိုလည်း "ဟေ့ လူမိုက်"လို့ ပြောကြည့်ပါ၊ မခံနိုင်ကြဘူး။ မဟုတ်တာ ပြောရင်လည်း မခံနိုင်၊ ဟုတ်တာ ပြောရင်လည်း မခံနိုင်ဆိုတော့ သည်းခံခြင်းတရား

ဘယ်မှာ ရှိတော့မှာလဲ။ ဘုရားအလောင်းတော် ကတော့ မိမိကို နှိမ့်ပြီး ပြောတဲ့စကားကို ဟုတ်လို့ မှန်လို့ ပြောတာပဲ လို့ နှလုံးသွင်းပြီး သည်းခံပါတယ်။ ဘုရားအလောင်း တော် မဟာဇနကမင်းသားဟာ တဖြည်းဖြည်းနဲ့ ပညာ သင်ချိန် ရောက်လာတော့ ဒိသာပါမောက္ခ ဆရာကြီးထံ မှာပဲ ဗေဒင်ကျမ်း၊ ဓမ္မသတ်ကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာ ကျမ်း၊ သဒ္ဒါကျမ်း၊ နီတိကျမ်း အစရှိတဲ့ အတတ်ပညာ တွေကို ဆုံးခန်းတိုင်အောင် သင်ယူခဲ့ပါတယ်။

အသက် (၁၆)နှစ် ပြည့်ပြီးတဲ့အခါမှာ ဘုရား အလောင်းတော်ဟာ နှစ်သက်ဖွယ် ရုပ်အဆင်းကို ဆောင်ပြီး ကာယဗလ စွမ်းအားနဲ့လည်း ပြည့်စုံလာပါတယ်။ ပညာ ကလည်း ပြည့်စုံနေပြီဆိုတော့ "ငါ့ ခမည်းတော်ရဲ့ အရိုက် အရာဖြစ်တဲ့ မိထိလာပြည်ကို ယောကျ်ားတို့ လုံ့လအစွမ်းနဲ့ ရအောင် ငါ သိမ်းယူရရင် ကောင်းမယ်"လို့ ကြံပြီး မယ်တော်ကို "မိခင်၊ ပစ္စည်းဥစ္စာ နည်းနည်းလောက် မရှိဘူးလား၊ သားမောင် အရောင်းအဝယ်လုပ်ငန်း ပြုလုပ်ပြီး ပစ္စည်းဥစ္စာ စုဆောင်းမိတဲ့အခါ ဖခင်ရဲ့ အရိုက်အရာ ဖြစ်တဲ့ မိထိလာပြည်ကို ပြန်ပြီး သိမ်းပိုက်ချင်ပါတယ်"လို့ ဆိုပါတယ်။ မယ်တော်က "ချစ်သား၊ မိခင်အနေနဲ့

မိထိလာပြည်ကနေ ဆင်းဆင်းရဲရဲ လက်အချည်းနှီး သက်သက်နဲ့ ပြေးလာရတာ မဟုတ်ပါဘူး။ အလွယ်တကူ ယူလို့ရတဲ့ အဖိုးတန်ရတနာတွေကို ယူပြီး လာခဲ့ပါတယ်။ အခု မိခင်လက်မှာ ဝတ်ဆင်တဲ့ လက်ဝတ်တန်ဆာတွေကို အသာထားလိုက်ဦး၊ သားမောင်ရဲ့ ခမည်းတော် ဝတ်ဆင်တဲ့-

(၁) ပုလဲရတနာတစ်လုံး

(၂) မြကောင်းတစ်လုံး

(၃) စိန်ကောင်းတစ်လုံး

အဲဒီ ကျောက်မျက်ရတနာ သုံးလုံးတို့လည်း ပါလာသေးတယ်။ အဲဒီကျောက်မျက်ရတနာ သုံးလုံးကို ဘယ်သူမှ တန်ဖိုး မဖြတ်နိုင်ကြပါဘူး။ အဲဒီ ရတနာ သုံးလုံးဟာ သားမောင်ရဲ့ ခမည်းတော် လက်ထက်မှာသာ ဖြစ်ပေါ်လာတာမဟုတ်ဘူး။ ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်ကနေ ဆင်းသက်ပြီး နန်းစဉ် ရထားတဲ့ ကျောက်မျက်ရတနာနှစ်တွေ ဖြစ်တယ်။ အဲဒီ ကျောက်သုံးလုံးထဲမှာ တစ်လုံးတစ်လုံးစီကပဲ တစ်တိုင်း တစ်ပြည်မကာ အဖိုးထိုက်တန်နေတာကြောင့် ကျောက် မျက်ရတနာ တစ်ခုလောက်ကို ယူပြီး ခမည်းတော်ရဲ့

အရိုက်အရာဖြစ်တဲ့ မိထိလာပြည်ကို သိမ်းယူပါ။ ကုန်ကူးသန်း ရောင်းဝယ်ဖောက်ကားတာကို မပြုပါနဲ့” လို့ တားမြစ်ပါတယ်။

မယ်တော်ရဲ့စကားကို ကြားရတဲ့အခါ ဘုရားအလောင်းတော်က “မိခင်၊ အခု လက်ရှိဥစ္စာကို ထက်ဝက်ခွဲပြီး သားမောင်ကို ပေးပါ။ အဲဒီဥစ္စာကို တိုးပွားလာအောင် ပြုလုပ်ပြီး သုဝဏ္ဏဘူမိတိုင်းကို သွားပြီး ဥစ္စာနှစ်စုဆောင်းပါ့မယ်။ ဥစ္စာအင်အား၊ လူသူအင်အား တောင့်တင်းလာရင် မိထိလာပြည်ကို သားမောင် သိမ်းပိုက်ပါမယ်” လို့ ဆိုတော့ မယ်တော်ကလည်း သားမောင်ရဲ့ဆန္ဒအတိုင်း ထက်ဝက် ခွဲပေးလိုက်ပါတယ်။ ဘုရားအလောင်းတော်ဟာ အဲဒီဥစ္စာကို လုံလုံခြုံခြုံ ထုပ်ဖွဲ့ပြီး သုဝဏ္ဏဘူမိတိုင်းကို ထွက်ခွာတော့မယ့် သင်္ဘောပေါ်မှာ တင်ထားခဲ့ပြီး မယ်တော့်ထံ ပြန်လာပြီး ပန်ကြားပါတယ်။

မယ်တော်က “ချစ်သား၊ မဟာသမုဒ္ဒရာဆိုတာ ဘေးအန္တရာယ် သိပ်များတယ်။ ရေလမ်းခရီး သွားသူတွေဟာ ကိုယ်လိုရာအရပ် ရောက်ဖို့ရာ တော်တော်ခဲယဉ်းတယ်။ ချစ်သား လိုက်မသွားပါနဲ့၊ ပစ္စည်းဥစ္စာတွေ ပေါများတော့လည်း ဘာလုပ်မှာလဲ၊ အခု မိခင်မှာရှိတဲ့

ပစ္စည်းဥစ္စာတွေနဲ့တောင် မိထိလာတစ်ပြည်သာမက တိုင်းပြည်များစွာကိုတောင် သိမ်းယူလို့ ရပါတယ်။ အခု ရှိတဲ့ ဥစ္စာနဲ့ပဲ ရင်းနှီးပြီး မိထိလာပြည်ကို သိမ်းယူလို့ ရပါတယ်"လို့ ပြောပြီး တားမြစ်ပါတယ်။ မိခင်ဖြစ်သူဟာ သားရဲ့အပေါ်မှာ သံယောဇဉ် ကြီးမားပါတယ်။ ရေလမ်း ခရီးမှာ အန္တရာယ်ဖြစ်မှာစိုးလို့ တားမြစ်တာပါ။ မိခင်ဖခင် များဟာ သားသမီးတွေအတွက် စိတ်မချဘဲ ပူပန်မှု မကင်းဘဲ သေသွားရတာ များပါတယ်။ အဲဒီလို စွဲလမ်း ပူပန်မှုတွေကြောင့် သေပြီး ပြိတ္တာဘဝ ရောက်ကြရရှာ ပါတယ်။ ဒါကြောင့် သားသမီးတွေဟာ မိမိတို့ ဒါနသီလ အစရှိတဲ့ ကုသိုလ်ပြုပြီးတိုင်း တမလွန်ဘဝ ပြောင်းသွား ကြတဲ့ မိဘတွေကို ရည်စူးပြီး အမျှပေးဝေတဲ့ အမှုကို ပြုသင့်ပါတယ်။

✧



# ကုသိုလ်ရှိက နတ်စောင်မ

ဘုရားအလောင်းတော်က "မိခင်၊ သားမောင် အားလုံးကို စီစဉ်ထားပြီးလို့ အဆင်သင့်ဖြစ်နေပါပြီ။ အသာတကြည် ခွင့်လွှတ်တော်မူပါ"လို့ ဆိုပြီး ရှိခိုး ဦးချလို့ သင်္ဘောဆိပ်ကို ထွက်လာခဲ့ပါတယ်။ ခုနစ်ရာလောက် ရှိတဲ့ ခရီးသည်တွေနဲ့အတူ သုဝဏ္ဏဘူမိတိုင်းကို ရှေးရှုပြီး ထွက်လာခဲ့ပါတယ်။ သင်္ဘောစထွက်တဲ့ နေ့မှာပဲ မိထိလာ ပြည်မှာ လက်ရှိအုပ်ချုပ်နေတဲ့ ဘထွေးတော် ပေါလဇနက မင်း မကျန်းမမာ ဖြစ်ပါတော့တယ်။ သင်္ဘောထွက်ခွာပြီး ခုနစ်ရက်ကြာတော့ သမုဒ္ဒရာအလယ်မှာ လေမုန်တိုင်း မိပြီး သင်္ဘောပျဉ်စပ်တွေ ကွဲပေါက်ကုန်ပါတယ်။ ရေတွေ တစိမ့်စိမ့် ဝင်လာတာကြောင့် သင်္ဘောပေါ်က ခရီးသည် တွေဟာ သေမှာကြောက်လို့ အော်ဟစ် ငိုကြွေးကြပါတယ်။

အချို့သင်္ဘောသားတွေဆိုရင် မိမိတို့ အလိုရှိရာ နတ်တွေကို ရှိခိုး တိုင်တည်ကြပါတယ်။

အလောင်းတော် ဇနကမင်းသားကတော့ "ကြုံတွေ့လာတဲ့ ဘေးရန်တွေဟာ ငိုကြွေးနေရုံနဲ့ လွတ်မှာမဟုတ်ဘူး။ ယောကျ်ားတို့ရဲ့ အားအစွမ်းကို အသုံးပြုမှသာလျှင် လွတ်မြောက်မှာပဲ"လို့ နှလုံးသွင်းပြီး သင်္ဘောအထဲကို ရေဝင်လာကတည်းက ထောပတ်အသစ်ကို သကြားနဲ့နယ်ပြီး ဝအောင် စားလိုက်ပါတယ်။ ပြီးတော့ ခိုင်ခန့် ချောမွတ်တဲ့ ပုဆိုးနှစ်ထည်ကို ရေမဝင်အောင် ဆီဆွတ်ပြီး ခိုင်ခိုင်မြဲမြဲ ဝတ်လို့ လင်းယဉ်တိုင်ကို မှီပြီးတော့ ရပ်နေပါတယ်။ သင်္ဘောမြုပ်တဲ့အခါ လင်းယဉ်တိုင်ထိပ်ပေါ် တက်ပြီးတော့ မိထိလာပြည်ရှိရာကို စိတ်နဲ့မှန်းပြီး ခုန်ချလိုက်ပါတယ်။ နစ်မြုပ်ပြီးသွားတဲ့ ခရီးသည်တွေကို စားနေကြတဲ့ ငါး လိပ် မိကျောင်းတွေ နေရာကို ကျော်လွန်ပြီး ကျသွားပါတယ်။ သင်္ဘောနစ်တဲ့နေ့မှာပဲ ဘထွေးတော် ပေါလဇနကမင်း နတ်ရွာစံသွားပါတယ်။ ဘုရားအလောင်းတော်ဟာ မလျော့သော လုံ့လ ဝီရိယနဲ့ ကူးခတ်နေပါတယ်။ အဲဒီလို ကူးခတ်နေစဉ် အချိန်အခါကို မှန်းဆကြည့်ပြီး နေ့လွဲညစာ ဖြစ်ကောင်းတဲ့ စားဖွယ်သောက်

ဖွယ် တစ်စုံတစ်ခုကို အနီးကပ် မျှောလာသော်လည်း မသုံးဆောင်ဘဲ ဆားငန်ရေနဲ့ ခံတွင်းကို ဆေးပြီး ဥပုသ်ဆောက်တည်လိုက်ပါသေးတယ်။ ဘုရားအလောင်းတော်ကြီးဟာ အသက်ရှင်ရေးအတွက် အလုအယက် ကြိုးစားပြီး ကူးနေရတာတောင် ကိုယ်ကျင့်သီလကို မြတ်မြတ်နိုးနိုး စောင့်ထိန်းနေတာကို ဘုန်းကြီးတို့ ယောဂီများက အတုယူကြရမှာဖြစ်ပါတယ်။ သေခါနီးမှာ အားကိုးစရာဆိုတာ ကိုယ်ကျင့်တရားပါ။ ဒါကြောင့် အခုကတည်းက ကြိုးစားပြီးတော့ လောကီစည်းစိမ် ခံစားမှုတွေကို ခြိုးခြံပြီး ဒါနသီလဘာဝနာ အမှုတွေကို ကျင့်သုံးသင့်ပါတယ်။

အဲဒီအခါတုန်းက “မိဘတွေကို ရိုရိုသေသေ လေးလေးစားစား လုပ်ကျွေးတဲ့သူ၊ မေတ္တာတရား ကရုဏာတရား လက်ကိုင်ထားတဲ့သူ၊ သီလဆောက်တည်တဲ့သူ စသည်ဖြင့် သူတော်ကောင်းအလုပ် လုပ်တဲ့သူကို မဟာသမုဒ္ဒရာထဲမှာ ရေနစ်ပြီး မသေစေရ”လို့ စတုလောကပါလနတ် (လောကကို စောင့်ရှောက်ကြသောနတ်မင်း)တို့က မဏိမေခလာနတ်သမီးကို အမိန့်ထုတ်ပြန်ပြီး တာဝန်ပေးထားပါတယ်။ ဘုရားအလောင်းတော် ရေကူးနေစဉ် (၇)ရက်အတွင်းမှာ မဏိမေခလာနတ်သမီးဟာ မိမိရဲ့

ဘုံဗိမာန်မှာ နတ်စည်းစိမ်ကို ပျော်ပျော်ကြီး ခံစားနေရခြင်းကြောင့် တာဝန်ကို မေ့လျော့နေပါတယ်။

လောကီအာရုံ ကာမဂုဏ်တွေဟာ သတ္တဝါတွေရဲ့ စိတ်ကို မေ့လျော့စေတတ်တဲ့ သဘောရှိပါတယ်။ ခုနစ်ရက်မြောက်တဲ့နေ့မှာတော့ သတိရလာတာကြောင့် "ငါဟာ မဟာသမုဒ္ဒရာကို သွားမကြည့်မိတာ ခုနစ်ရက်တောင်ရှိပြီ၊ သမုဒ္ဒရာအထဲမှာ ဘယ်လိုများ ဖြစ်နေကြပါလိမ့်"လို့ ဆင်ခြင် ကြည့်ရှုတဲ့အခါ ရွှေတုံးပမာ တပြောင်းပြန်ပြန် ကူးနေတဲ့ ဘုရားအလောင်းတော်ကို မြင်ရလေတော့ "အော်. . . မဟာဇနက သတို့သားဟာ သမုဒ္ဒရာထဲမှာ အကယ်၍ နစ်မွန်းပြီး သေဆုံးခဲ့ရင် ငါဟာ တာဝန်ပျက်ကွက်မှုကြောင့် နတ်သဘင်အစည်းအဝေးမှာ ဝင်ခွင့်ရမှာ မဟုတ်တော့ဘူး"လို့ ကြံစည်ပြီး တင့်တင့် တယ်တယ် ဝတ်စားဆင်ယင်ပြီး ဘုရားအလောင်းတော် နဲ့ မနီးမဝေး ကောင်းကင်မှာ ကိုယ်ထင်ပြပြီး ဒီယောက်ျားဟာ ကောင်းမြတ်တဲ့ လုံ့လ ဝီရိယနဲ့ ကူးနေတာလား (သို့မဟုတ်) မူးရူးတဲ့ စိတ်နဲ့ ကူးနေတာလား ဆိုတာ သိရအောင် စုံစမ်းဦးမှပဲလို့ ကြံစည်ပြီး-

"ကျယ်ပြောလှတဲ့ ဒီ မဟာသမုဒ္ဒရာရဲ့ အလယ်မှာ ကမ်းကို မမြင်ရပါဘဲ အရဲစွန့်လို့ ကူးနေသူဟာ ဘယ်သူ

ပါလဲ၊ တစ်ဖက်ကမ်းကို မရောက်နိုင်တဲ့ ဒီ မဟာသမုဒ္ဒရာကြီးထဲမှာ ပင်ပန်းကြီးစွာ ကူးနေလို့ ဘာအကျိုးထူးမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နဲ့ မရပ်မနား ကူးနေတာလဲ။ ဒီလိုကူးနေလို့ သင့်မှာ ဘယ်လိုအကျိုးတရား ရလာမှာလဲ"လို့ဆိုတော့-

ဘုရားအလောင်းတော်က "ဒီသမုဒ္ဒရာထဲမှာ ငါကူးနေတာ ခုနစ်ရက်တောင် ရှိပြီ၊ တစ်စုံတစ်ယောက်ဘယ်သူကိုမျှ မမြင်ရသေးဘူး။ အခု ကြားနေရတဲ့အသံဟာ ဘယ်သူ့အသံပါလိမ့်"လို့ တွေးပြီး ကောင်းကင်ကိုမော့ကြည့်လိုက်တော့ နတ်သမီးကို မြင်လိုက်ရတဲ့အတွက်

"နတ်သမီး လောကမှာ ဒီလိုလုပ်ရင် ဒီလိုအပြစ်ရှိတယ်။ ဒီလို လုပ်ရင် ဒီအပြစ်မှ လွတ်တယ်၊ ဒီလိုလုပ်ရင်ပစ္စုပ္ပန်မှာ အကျိုးရှိတယ်၊ ဒီလိုလုပ်ရင် သံသရာမှာအကျိုးရှိတယ် စသည်ဖြင့် သိပြီး ပစ္စုပ္ပန် သံသရာ မျက်မှောက် မျက်ကွယ် အပြစ်လွတ်ကြောင်း ကောင်းစွာအားထုတ်မှုရှိတဲ့ ယောကျ်ားတို့ရဲ့ လုံ့လဟာ အကျိုးမဲ့ဖြစ်တယ်ဆိုတာ မရှိပါဘူး။ ကမ်းကို မမြင်ရကာမျှနဲ့ဘာကြောင့် ယောကျ်ားတို့ရဲ့ လုံ့လကို လျှော့ချရမှာလဲ။ ကမ်းကို မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ အကျိုး

တရားကို မြင်ရလို့ ငါ လုံ့လပြုပြီး ကူးနေတာပေါ့”လို့ ပြန်ပြောလိုက်ပါတယ်။

ဘုရားအလောင်းတော်ရဲ့ စကားကို ကြားရတော့ နတ်သမီးဟာ သိပ်သဘောကျသွားပြီး “အမောင် ယောက်ျား၊ သင်ပြောတဲ့စကားဟာ အခြားနေရာတွေမှာတော့ မှန်တာပေါ့၊ ဒီလောက် နက်လည်းနက်၊ ကျယ်လည်း ကျယ်လှတဲ့ မဟာသမုဒ္ဒရာရဲ့အလယ်မှာတော့ သင် ဘယ်လိုပဲ လုံ့လပြုသည်ဖြစ်စေ ကမ်းကိုမရောက်ဘဲ အကျိုးမဲ့ ပျက်စီးရလိမ့်မယ်၊ အရာမဟုတ်တဲ့နေရာမှာ လုံ့လပြုနေလို့ သင့်အတွက် ပင်ပန်းရုံပဲ ရှိမယ်မဟုတ်လား”လို့ ဆိုလိုက်ပြန်တယ်။ နတ်သမီးက တကယ်တော့ ဘုရား အလောင်းတော်ရဲ့ ပြန်ပြောတဲ့စကားကို ကြားချင်လွန်းလို့ သတိပေးလိုက်တာပါ။ နတ်သမီးစကားကို ချေပချင်တာကြောင့် ဘုရားအလောင်းတော်က-

“နတ်သမီး၊ ကမ်းကိုမရောက်ဘဲ သေရမယ်ဆိုရင်လည်း ငါ့မှာ အပြစ်လွတ်ကင်းပြီး သေရမှာပါ။ ယောက်ျားတို့ရဲ့ လုံ့လကို မလျှော့ဘဲ လုံ့လပြုသူဟာ မိဘဆွေမျိုး အဆွေခင်ပွန်း နတ်ဗြဟ္မာတို့ရဲ့ အလယ်မှာ ကဲ့ရဲ့ပြစ်တင်ခြင်းကို မခံရပါဘူး။ နောင်တစ်ဖန် ပူပန်မှု နောင်တလည်း

မဖြစ်ရတော့ဘူးပေါ့။ ‘ငါ့မှာ သမုဒ္ဒရာကမ်းကို ရောက်မှာ မဟုတ်တော့ပါဘူး’လို့ ကြံတွေးပြီး လုံ့လကို လျှော့ချလိုက်ရင် ယောက်ျားမြတ်ဖြစ်ရကျိုး ဘယ်နပ်တော့မှာလဲ။ သင်နတ်သမီးအထံကနေ စပြီး တစ်ဆင့်စကား ကြားရတဲ့သူတွေဟာ “မဟာဇနကမင်းသားဟာ ယောက်ျားတို့စွမ်းအားနဲ့ ပြည့်စုံတဲ့သူ ဖြစ်ပါလျက် ထင်းတုံးကြီးလို လုံ့လမပြုဘဲ နေတဲ့အတွက်ကြောင့် မဟာသမုဒ္ဒရာမှာ ပျက်စီးရတယ်” လို့ အပြစ်ပြောကြပါလိမ့်မယ်။ ဒါကြောင့် သေသော်လည်း အပြစ်ကင်းလွတ်အောင် ယောက်ျားတို့လုံ့လကို ငါ ပြုပါတယ်”လို့ ပြောလိုက်ပါတယ်။

အဲဒီတော့ နတ်သမီးက “အမောင်ယောက်ျား၊ လုံ့လ မပြုသင့်တဲ့နေရာမှာ လုံ့လပြုရင် အဲဒီသူရဲ့ လုံ့လဟာ အရာမဟုတ်ခြင်းကြောင့် ကိုယ်လိုရာအကျိုးကို မပြီးစီးစေနိုင်ပါဘူး။ အသက်သေဆုံးခြင်းသို့တောင် ရောက်တတ်ပါသေးတယ်။ ကိုယ်ရောစိတ်ပါ ပင်ပန်းခြင်းလည်း ဖြစ်တတ်ပါသေးတယ်။ ပရိသတ်အလယ်မှာ ရှက်စရာလည်း ဖြစ်တတ်ပါတယ်။ အခု အမောင်ယောက်ျားမှာလည်း ကမ်းမမြင် လမ်းမမြင် သမုဒ္ဒရာထဲမှာ ကူးနေတာဟာ လုံ့လပြုသင့်တဲ့အရာ ဟုတ်ပါရဲ့လား”လို့ မေးလိုက်တော့-

ဘုရားအလောင်းတော်က "နတ်သမီး၊ တစ်စုံတစ်ယောက်ဟာလေ ငါ့လို လုံ့လမပြုဘဲ 'ဒီအလုပ်ဟာဖြစ်မှာမဟုတ်ပါဘူး၊ ကံစီမံသလိုသာ ရှိပါစေတော့'လို့ တွေးပြီး လုံ့လကို လျှော့ချလိုက်ရင် အဲဒီသူကို လောကမှာ လူပျင်းပဲ ဆိုပြီးတော့ အများသူငါက အပြစ်တင်ကြလိမ့်မယ်။ ဒါကြောင့် ကိုယ့်ထံ ရောက်လာတဲ့ အမှုကိစ္စ မှန်သမျှမှာ ပြီးစီးနိုင်သည်ဖြစ်စေ၊ မပြီးစီးနိုင်သည်ဖြစ်စေ၊ လုံ့လကို မလျှော့သင့်ပါဘူး၊ အဲဒီလို လုံ့လကို မလျှော့သင့်တာကြောင့် လူပျင်းလူပေါ့တွေရဲ့ စကားကို သင် နတ်သမီးက အစွဲအမှတ်ပြုပြီး အခုလို ငါ့ထံမှာ ပြောလို့ မသင့်ပါဘူး။ ဒီလောကမှာ ရှေးကံ အားနည်းတဲ့သူတွေဟာ မိမိတို့နဲ့ ထိုက်တန်တဲ့ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း အစရှိတဲ့ အမှုတွေကို ဆောင်ရွက်လိုသည်ဖြစ်စေ၊ မဆောင်ရွက်လိုသည် ဖြစ်စေ ကိုယ့်ရဲ့အလိုဆန္ဒ ပြည့်စုံမယ်ဆိုရင် ပျင်းပျင်းရိရိ မနေသင့်ပါဘူး၊ ကောင်းမြတ်တဲ့ဆန္ဒနဲ့ အခါခပ်သိမ်း လုံ့လပြုသင့်ပါတယ်"

"အို နတ်သမီး၊ လုံ့လတရားရဲ့ အကျိုးဆက်ကို ငါ များများကြီး ပြောရတော့မှာ မဟုတ်တော့ပါဘူး။ ဒီသမုဒ္ဒရာထဲမှာ ငါနဲ့အတူ ခုနစ်ရာလောက်ရှိတဲ့ ခရီးသည်

တွေဟာလည်း နစ်မွန်းကုန်ကြတယ်။ အဲဒီ ခရီးသည်တွေဟာ ယောက်ျားတို့ရဲ့လုံ့လ ချို့တဲ့နေတာကြောင့် ငါးစာလိပ်စာတွေ ဖြစ်ကြကုန်ပြီ။ ငါ့မှာတော့ ယောက်ျားမြတ်တို့ရဲ့ လုံ့လကို မလျှော့ခြင်းကြောင့် ငါးလိပ်တို့ရဲ့ ဘေးကလည်း လွတ်ကင်းခဲ့ပြီ။ သာမန်လူတွေ မြင်ရခဲတဲ့ နတ်ဝတ်တန်ဆာနဲ့ ရောက်လာတဲ့ သင် နတ်သမီးကိုလည်း အနီးကပ် မြင်ရတယ်။ သင်နတ်သမီးက သနားချစ်ခင်ပြီး အကူအညီပေးရင် ငါ့လိုအင်ဆန္ဒ အပြီးအဆုံး ရောက်မှာပါပဲ။ သင်က မကူညီလို့ ဒီသမုဒ္ဒရာထဲမှာ ငါ သေရသော်လည်း ငါ့မှာ လုံ့လပြုကျိုး ရှိသွားပါပြီ။ ငါဟာ စွမ်းအားရှိသလောက် ယောက်ျားမြတ်တို့ရဲ့ လုံ့လကို ပြုရမှာပါပဲ”လို့ ဆိုလိုက်ပါတယ်။

မဟာဇနက မင်းသားရဲ့စကားကို ကြားလိုက်ရတော့ နတ်သမီးဟာ “အင်း. . . ဒီမင်းသားကတော့ အလွန် စကားခိုင်မြဲလှတယ်”လို့ မှတ်ချက်ချပြီး ချီးမွမ်းလိုတဲ့အတွက်-

“အမောင် ယောက်ျား၊ ဒီ မဟာသမုဒ္ဒရာကြီးရဲ့ အလယ်မှာ နစ်မွန်းနေတဲ့ သင်ဟာ သူတစ်ပါးတို့ ပြုနိုင်ခဲတဲ့ ခိုင်မြဲတဲ့စိတ်နဲ့ မတွန့်မဆုတ် လုံ့လဝီရိယ ရှိပါပေ

တယ်။ ယောက်ျားမြတ်တို့ရဲ့ လုံ့လနဲ့ ပြည့်စုံခြင်းကြောင့် ငါး လိပ် မိကျောင်းတို့ရဲ့ ဘေးကလည်း လွတ်ကင်းခဲ့ပြီ။ သင် နှစ်သက်ရာအရပ်ကို ရောက်တော့မယ်။ သင့်ကို အခု ငါ ဆယ်တင်မယ်။ ဘယ်အရပ်ရောက်အောင် ပို့ဆောင်ပေးရမှာလဲ”လို့ မေးလိုက်ပါတယ်။

အဲဒီတော့ ဘုရားအလောင်းတော်က “ငါ့ကို ဝိဒေဟတိုင်း၊ မိထိလာပြည်ကို ပို့ပေးပါ”လို့ ဆိုတော့ မဏိမေခလာ နတ်သမီးဟာ ပန်းစည်းကို ပိုက်ချီလိုက်သလို အလောင်းတော်ကို လက်နှစ်ဖက်နဲ့ ညင်ညင်သာသာ ချီပြီးတော့ ကောင်းကင်ခရီးကနေ ဆောင်ယူသွားပါတယ်။ ဘုရားအလောင်းတော်ရဲ့ကိုယ်ဟာ ခုနစ်ရက်ပတ်လုံး ဆားငန်ရေနဲ့ လိမ်းကျံခံနေရတာကြောင့် သိပ်ပြီးတော့ ပင်ပန်းနေတယ်။ နတ်သမီးရဲ့ သိမ်မွေ့လှတဲ့ အတွေ့နဲ့ ထိတွေ့ရတဲ့အခါမှာ တစ်ခါတည်း အိပ်ပျော်သွားတော့တာပါပဲ။ နတ်သမီးဟာ အလောင်းတော်ကို မိထိလာပြည်အရောက် သယ်ဆောင်သွားပြီး မင်းအဆက်ဆက် ထွက်စံရာဖြစ်တဲ့ သရက်ဥယျာဉ်ထဲက မင်္ဂလာကျောက်ဖျာအပြင်မှာ လက်ယာဘက် စောင်းပြီး သိပ်ထားလိုက်ပါတယ်။ ရုက္ခစိုးနတ်တွေကိုလည်း “သင်တို့တစ်တွေ

ဒီယောက်ျားမြတ်ကို အိပ်ရာကနေ မထမချင်း စောင့်ရှောက်ကြ”လို့ တာဝန်ပေးအပ်ပြီး ပြန်သွားပါတယ်။ ကုသိုလ်ရှိတဲ့သူကို နတ်များက လျစ်လျူရှုပြီး မနေနိုင်ကြပါဘူး။ ဘေးဒုက္ခ ကြုံတွေ့တဲ့အခါ ကယ်တင်ကြပါတယ်။ ကုသိုလ်မရှိတဲ့ သူတွေကိုတော့ ဘယ်လိုမှ ကယ်တင်လို့မရဘူးဆိုတာ နားလည်ထားကြပါ။

ဘုရားအလောင်းတော် ရေဘေးဒုက္ခကနေ လွတ်ကင်းလာတာဟာ ခိုင်မြဲတဲ့ဝီရိယရယ်၊ ပြည့်စုံလွန်းတဲ့ ခွန်အားရယ် ပေါင်းစပ်ထားတဲ့ ကိုယ်တော်ရဲ့ အစွမ်းကြောင့်ပါ။ ဘေးဥပဒ်နဲ့ တွေ့ကြုံလာတဲ့အခါမှာ ဒီဘေးရန်ကို-

၁။ မိမိရဲ့ စွမ်းအားဖြင့်သော်လည်း အနိုင်ရအောင် လုံ့လပြုရမယ်။

၂။ ကိုယ့်စွမ်းအားနဲ့ မနိုင်ရင် ချစ်ကျွမ်းဝင်သူ မိတ်ကောင်း ဆွေကောင်းတွေနဲ့သော်လည်း တိုင်ပင်ဆောင်ရွက်ရမယ်။

၃။ ဘေးအန္တရာယ် ပြုလာတဲ့သူကို ဖြောင့်မှန်စွာ ချစ်ခင်ဖွယ်စကားနဲ့ ဖြားယောင်းပြီး၍သော်လည်း လွတ်မြောက်အောင် ဆောင်ရွက်ရမယ်။

၄။ ကိုယ်နှုတ်တို့ဖြင့် သူ့လုပ်ငန်းကို ကူညီ ဆောင်

ရွက်၍ ဖြစ်စေ၊ ဥစ္စာတံစိုး ပေး၍ဖြစ်စေ လွတ်မြောက်အောင် ဆောင်ရွက်ရမယ်။

၅။ ဘေးအန္တရာယ် ပြုမည့်သူနှင့် ဆွေမျိုးသားစပ်ပြီးတော့သော်လည်း လွတ်မြောက်အောင် ဆောင်ရွက်ရမယ်။

အခုဖော်ပြခဲ့တဲ့ ငါးမျိုးကို အခွင့်အခါကြည့်ပြီး ထိုက်သင့်သလို ဘေးဥပဒ်ကနေ လွတ်မြောက်အောင် ဆောင်ရွက်ရမယ်။

✧



# သမီးတော်၏ အရည်အသွေး

မဟာဇနက မင်းသား ကျောက်ဖျာပေါ် ရောက်တဲ့ နေ့မှာပဲ မိထိလာပြည်မှာ ဘထွေးတော် ပေါလဇနကမင်း နတ်ရွာစံပြီးသွားတာ (၇)ရက် ရှိသွားပါပြီ။ ပေါလဇနက မင်းကြီးမှာ သားတော်တစ်ယောက်မှ မထွန်းကားခဲ့ပါဘူး။ 'သီဝလိဒေဝီ'အမည်ရှိတဲ့ သမီးတော် တစ်ယောက်သာ ထွန်းကားခဲ့ပါတယ်။ ဒီမင်းသမီးဟာ အကြောင်းအကျိုး အကောင်းအဆိုးကို သိတတ်တဲ့ပညာနဲ့လည်း ပြည့်စုံ ပါတယ်။ သမီးတော်တစ်ယောက်တည်း ရှိတာကြောင့် ခမည်းတော် မင်းကြီးဟာ ကြီးကျယ်တဲ့ မင်းသမီး စည်းစိမ် အဆောင် အယောင်တွေနဲ့ ချီးမြှောက်ထားပါတယ်။ အခု ခမည်းတော် နတ်ရွာစံပြီးတဲ့အချိန်မှာဆိုရင် သီဝလိဒေဝီ ဟာ အပြစ်ခြောက်ပါး ကင်းလွတ်ပြီး ကောင်းခြင်းငါးဖြာ လက္ခဏာနဲ့လည်း ပြည့်စုံနေပါတယ်။ အရွယ်ရောက်ပြီး

ဖြစ်တဲ့အတွက်ကြောင့် ပျို့မြစ်နုနယ် တင့်တယ်တဲ့ အရည်အသွေးလည်း ရှိပါတယ်။ အပြစ်ခြောက်ပါးဆိုတာ-

၁။ သိပ်ပြီးတော့ အသားဖြူလွန်းရင် သမင်ဖြူပေါက်တဲ့လူလို ဖြစ်နေတဲ့အတွက်ကြောင့် ရုပ်ရည်အဆင်းရဲ့ အပြစ်ပါပဲ။

၂။ သိပ်မည်းနက်လွန်းရင် ကျီးကန်းနဲ့ တူနေတာကြောင့် ရှုချင်ဖွယ် မရှိတော့ဘူး။

၃။ သိပ်ပြီးတော့ ဝ,လွန်းရင်လည်း ပုပ်ကြီးလို ဖြစ်နေတာကြောင့် အရုပ်ဆိုးပါတယ်။

၄။ သိပ်ပြီးတော့ ပိန်လွန်းရင်လည်း ဝါးခြမ်းပြား ထောင်ထားသလို ဖြစ်ပြီး ကျက်သရေ ကင်းမဲ့ပါတယ်။

၅။ သိပ်ပြီးတော့ အရပ်ရှည်ရင်လည်း ကလန်ကလား ဖြစ်နေတယ်၊ ကြည့်လို့ရှုလို့ အဆင်မပြေဘူး။

၆။ သိပ်ပြီးတော့ အရပ်ပုလွန်းရင်လည်း လူစဉ်မမီလို့ ခန့်ငြားမှု မရှိဘူး။

သီဝလိဒေဝီမှာ အဲဒီလို အပြစ်ခြောက်ပါးကနေ ကင်းလွတ်နေပါတယ်။ ကောင်းခြင်းငါးဖြာ ဆိုတာကတော့-

## ၁။ အရေရဲ့ ကောင်းခြင်း

အသားညိုတဲ့ အမျိုးသမီးဆိုရင် မိတ်ကပ်ပေါင်ဒါ သနပ်ခါးတွေ မလိမ်းကျံရဘဲ အရေအဆင်းဟာ ညက်ညော ချောမွတ်နေပြီး ကြာညိုပန်းအသွင်လို ဖြစ်နေရပါမယ်။ ညိုပြာညက်တဲ့ အရေအဆင်း ရှိရမယ်လို့ ဆိုလိုပါတယ်။ အသားဖြူတဲ့ အမျိုးသမီးဆိုရင် အရေအဆင်းဟာ မဟာလှေကားပန်းပွင့် အဆင်းမျိုး ဖြစ်နေရပါမယ်။ မဟာလှေကားပန်း မမြင်ဘူးရင်တော့ ဝင်းဝါစိုပြည်တဲ့ အရေအဆင်းလို့ မှတ်ထားပေတော့။

## ၂။ အသားရဲ့ ကောင်းခြင်း

နှုတ်ခမ်းသားများဟာ ကျီးအာသီးလို နီမြန်းနေရပါမယ်။ ညိုနေတာ ဖြူဖတ်ဖြူရော်ဖြစ်နေတာ မရှိစေရပါဘူး၊ အပေါ်နှုတ်ခမ်းနဲ့ အောက်နှုတ်ခမ်းကလည်း ထိစပ်နေရပါ့မယ်။ နှုတ်ခမ်းဟာ အပေါ်ကိုလည်း လန်မနေရဘူး။ အောက်ကိုလည်း ကုပ်ဝင်မနေရဘူး၊ ထော်ပြီးတော့လည်း မနေရဘူး။

## ၃။ အရိုးရဲ့ကောင်းခြင်း

သွားများဟာ ဖြူဖွေးပြီး နေရပါမယ်။ မည်းနက်နေတာမျိုးတွေ၊ ဝါကြင့်နေတာမျိုးတွေ မရှိစေရပါဘူး။

တစ်ချောင်းနဲ့တစ်ချောင်း ကျဲပြီးတော့လည်း မနေစေရပါဘူး။ ထပ်ပြီးတော့လည်း မနေစေရပါဘူး။ ခေါ်ပြီးတော့လည်း ထွက်မနေစေရပါဘူး။ စနစ်တကျ စီပြီးထားတဲ့ စိန်တုံးလေးများလို၊ အညီအမျှ ပိုင်းဖြတ်ပြီး စီထားတဲ့ ခရုသင်းအစဉ်အတန်းလို ဖြစ်နေရပါ့မယ်။ နောက်ပြီး လက်ရိုး၊ ခြေရိုးတွေကလည်း ငေါ်ပြီး ထွက်မနေစေရပါဘူး။

## ၄။ အရှယ်ရဲ့ကောင်းခြင်း

သားသမီးဆယ်ယောက် မွေးဖွားပြီးသော်လည်း တစ်ကြိမ် သားဖွားထားတဲ့ မိန်းမလို တစ်သားမွေး တစ်သွေးလှ ဖြစ်နေရပါ့မယ်။ ပါးပိန် နားထင်ချိုင့်ကြီးနဲ့ မဖြစ်စေရပါဘူး။

## ၅။ ဆံပင်ရဲ့ကောင်းခြင်း

ဆံပင်တွေဟာ ဥဒေါင်းအမြီးများလို ကော့ပြီး ပြန်တက်နေရပါမယ်။ ဆံထုံးကို ဖြေချလိုက်ရင် ထဘီအောက်အနားစွန်းကို ထိပြီး အထက်ပိုင်းကို ပြန်ပြီး ကော့တက်နေစေရပါ့မယ်။

✧



# သေခါနီး နှုတ်မှာစကား

ပေါလဇနကမင်းကြီး အနာရောဂါ စွဲကပ်ပြီး အိပ်ရာပေါ်မှာ လဲပြီး မထနိုင် မထူနိုင်တဲ့အခါ အမတ်ကြီးတွေက-

"အရှင်မင်းကြီး၊ အရှင်မင်းကြီးအနေနဲ့ လူ့စည်းစိမ်ကို ငြီးငွေ့လို့ နတ်ပြည်စည်းစိမ် ပြောင်းရွှေ့ စံစားတော်မူတဲ့အခါ အရှင်မင်းကြီးရဲ့ အရိုက်အရာဖြစ်တဲ့ ထီးနန်းစည်းစိမ်တော်ကို ဘယ်သူ့ထံ အပ်နှံရပါ့မလဲဘုရား။ သမီးတော်နဲ့ စည်းစိမ် ယှဉ်ဖက်ရမယ့်သူကိုလည်း အရှင်မင်းကြီးပဲ မိန့်ကြားတော်မူခဲ့ပါဘုရား"လို့ သံတော်ဦး တင်ကြပါတယ်။

အဲဒီအခါ မင်းကြီးက "မောင်မင်းတို့၊ ငါ့သမီးတော်နဲ့ ထိုက်တန်သူကို ငါ မရွေးချယ်ရသေးဘူး။ ငါကိုယ်တော်

မြတ် နတ်ရွာစံ ကံတော်ကုန်ရင် အမျိုးစည်းစိမ် ယုတ်တယ် မြတ်တယ် ဆိုတာကို ဦးစားပေး မရွေးချယ်ပါနဲ့။

၁။ ငါ့သမီး ကိုယ်တိုင်က နှစ်သက်မည့်သူလည်း ဖြစ်ရမယ်။

၂။ ကာယဗလ ဉာဏဗလ နှစ်ပါးနဲ့ ပြည့်စုံသူလည်း ဖြစ်ရမယ်။

ဒီ အကြောင်းအင်္ဂါ နှစ်ပါးနဲ့ ပြည့်စုံရင် ငါ့သမီးတော်နဲ့ စည်းစိမ်ဖက် ပြုပေးကြပေတော့”လို့ မိန့်ကြားလိုက်ပါတယ်။ အဲဒီတော့ အမတ်ကြီးတွေက-

“အရှင်မင်းကြီး၊ လူတို့မှာ တော်တော်တန်တန် ကိုယ်အားဉာဏ်အားနဲ့ ပြည့်စုံသူကိုလည်း ကာယဗလ ဉာဏဗလ နှစ်ပါးနဲ့ ပြည့်စုံတယ်လို့ ခေါ်ဝေါ်ကြပါတယ်။ အခု အရှင်မင်းကြီး မိန့်ကြားတဲ့ ဗလရဲ့ပမာဏကို အရှင်မင်းကြီးကိုယ်တိုင် ထုတ်ဖော် မိန့်ကြားမှသာ ဘုရား ကျွန်တော်မျိုးတို့ ရွေးချယ်ရတာ လွယ်ကူမှာပါဘုရား” လို့ သံတော်ဦးတင်တဲ့အခါ

“မောင်မင်းတို့၊ ကာယဗလဆိုတာကတော့ ဗိုလ်ခြေတစ်ထောင် တင်ချနိုင်သောလေးကို တစ်ယောက်တည်း တင်နိုင် ချနိုင်တဲ့ အားအစွမ်းရှိတဲ့သူလို့ မှတ်ပါ။ သားရဲရုပ်

အစောင့်နဲ့ ထောင့်လေးခုရှိပြီး ရှုချင်စဖွယ် ငါ စမွယ်ရာဖြစ်တဲ့ ပလ္လင်တော်ရဲ့ခေါင်းရင်းကို သိနိုင်စွမ်းရှိသူ၊ ရွှေအိုးကြီးတွေ သိုမှီးထားရာ (၁၆)ဌာနကို ထုတ်ဖော်ပြနိုင်သူဟာ ဉာဏဗလနဲ့ ပြည့်စုံသူလို့မှတ်"လို့ မိန့်ကြားလိုက်တော့အမတ်ကြီးတွေက-

"အရှင်မင်းကြီး မိန့်ကြားတော်မူတဲ့ ဂုဏ်အင်္ဂါနဲ့ပြည့်စုံသူကို ကျွန်တော်မျိုးတို့ ရှာဖွေရပါတော့မယ်။ ဒါကြောင့် ရွှေအိုးကြီးတွေထားရာ (၁၆)ဌာနကို အရိပ်အမြွက်လောက် မိန့်ကြားတော်မူခဲ့ပါ"လို့ သံတော်ဦးတင်ကြပါတယ်။ ပေါလဇနကမင်းကြီးလည်း ရွှေအိုးကြီးတွေထားခဲ့ရာ (၁၆)ဌာနကို အရိပ်အမြွက် ပြလိုတဲ့အတွက်

၁။ နေထွက်ရာမှာ တစ်ဌာန

၂။ နေဝင်ရာမှာ တစ်ဌာန

၃။ အတွင်းမှာ တစ်ဌာန

၄။ အပြင်မှာ တစ်ဌာန

၅။ အတွင်းအပြင် မဟုတ်ရာမှာ တစ်ဌာန

၆။ တက်ရာမှာ တစ်ဌာန

၇။ သက်ဆင်းရာမှာ တစ်ဌာန

(၈)၊ (၉)၊ (၁၀)၊ (၁၁) အင်ကြင်းပင်ကြီး လေးပင်တို့မှာ တစ်ဌာနစီ

၁၂။ ရှစ်ရပ်ဝန်းကျင် တစ်ယူဇနာထက်မှာ တစ်ဌာန
၁၃၊ (၁၄) အစွယ်ဖျားတို့မှာ တစ်ဌာနစီ
၁၅။ ရေထဲမှာ တစ်ဌာန
၁၆။ သစ်ပင်ဖျားတို့မှာ တစ်ဌာန

အဲဒီလို (၁၆)ဌာနမှာ ရွှေအိုးကြီး (၃၁)လုံးကို ငါ ထားရစ်ခဲ့တယ်"လို့ မိန့်ကြားလိုက်ပါတယ်။ နောက်ပြီးတော့ ဆွေတော်မျိုးတော် မိဖုရား မောင်းမ မှူးမတ်တို့ကိုလည်း မှာထားသင့်တာတွေ မှာကြားခဲ့ပါတယ်။ ပြည်ထဲရေး ကိစ္စတာဝန်တို့ကို အမတ်တွေထံ သေသေချာချာ အပ်နှံပြီး ပေါလဇနကမင်းကြီးဟာ နတ်ရွာစံသွားပါတယ်။

✧



# မင်းလောင်းဆိုလျှင် မှတ်ကျောက်တင်

အမတ်တွေက ပေါလဇနကမင်းရဲ့ ကြွင်းကျန်ရစ်တဲ့ ဥတုဇရုပ်ကလာပ် (ဥတုကြောင့်ဖြစ်သော ရုပ်အပေါင်း) ကို ခုနစ်ရက်အတွင်းမှာ သဂြိုဟ်လိုက်ပါတယ်။ သေပြီးသွားတဲ့အခါကျတော့လည်း သူရဲ့ တန်ခိုးအာဏာတွေ၊ စည်းစိမ်တွေဟာ ဘာမှ သုံးလို့ မရတော့ပါဘူး။ မသေမီမှာ သူ့ကို ကြောက်ရွံ့ အရိုအသေ ပေးကြတဲ့သူတွေဟာ သေသွားပြီးတဲ့ ပေါလဇနကမင်းရဲ့ အလောင်းကောင်ကို မီးရှို့ ဖျက်ဆီးပစ်ကြပါတယ်။ ဘာကြောင့် မီးရှို့ ဖျက်ဆီးပစ်ရတာလဲဆိုတော့ ဘာမှသုံးမရတော့တဲ့ ရွံစရာ အကောင်ပုပ်ဖြစ်နေလို့ပါ။ ဒီလမ်းကို ယောဂီတို့လည်း သွားကြရမယ်ဆိုတာ သံဝေဂယူကြပါ။ 'မသေမီမှာ ထောင်ထောင်ထောင်ထောင်၊ သေသွားတော့ အပုပ်ကောင်၊ မသေမီမှာ

ကြွားကြွား ကြွားကြွား၊ သေသွားတော့ အလကား'လို့ နေ့စဉ် နှလုံးသွင်းဖို့ ကောင်းပါတယ်။

မင်းကြီး နတ်ရွာစံပြီးလို့ (၇)ရက်မြောက်တဲ့နေ့မှာ မှူးမတ် ပုရောဟိတ်တို့ဟာ အစည်းအဝေးထိုင်ပြီး တိုင်ပင်ကြပါတယ်။ "မှူးတော်မတ်တော်တို့ နတ်ရွာစံ မင်းတရားကြီးဟာ သမီးတော်ကိုယ်တိုင်က နှစ်သက်တဲ့သူကို ထီးနန်းအပ်နှင်းဖို့ မှာသွားခဲ့ပါတယ်။ ဒီစကားအရဆိုရင် စစ်သူကြီးဟာ မင်းသမီးနှင့်လည်း ရင်းနှီး ကျွမ်းဝင်ပါတယ်။ မင်းတရားကြီး ရှိတော်မူစဉ်ကလည်း ပြည်ထဲရေး ကိစ္စအားလုံးကို စစ်သူကြီးထံ လွှဲအပ်ပြီးသားပါ။ စစ်သူကြီးမှာ ကိုယ်အားဉာဏ်အား စည်းစိမ်အားတွေ ဘာမှ ပြောစရာမရှိဘူး။ အားလုံး ပြည့်စုံပါတယ်။ ဒါကြောင့် စစ်သူကြီးကို စူးစမ်းရရင် ကောင်းမယ်"လို့ တိုင်ပင်ညီညွတ်ကြပြီး အမတ်တစ်ယောက်ကို အကျိုးအကြောင်း ဖော်ပြတဲ့ စာနဲ့အတူ စစ်သူကြီးရဲ့အိမ်ကို စေလွှတ်လိုက်ပါတယ်။

စစ်သူကြီးကလည်း စာကိုဖတ်ရှုပြီး ဝမ်းသာအားရနဲ့ 'ကောင်းပါပြီ'လို့ ဝန်ခံခဲ့ပြီး ညနေချမ်းအချိန်မှာ မင်းသမီးကို စူးစမ်းဖို့ နန်းတော်ကို သွားပါတယ်။ နန်းတော်တံခါးဝ ရောက်တဲ့အခါ စစ်သူကြီး လာကြောင်းကို မင်း

သမီးထံ အကြောင်းကြားလိုက်ပါတယ်။ မင်းသမီးလည်း မင်းစည်းစိမ်ကို ခံစားထိုက်တဲ့သူဆိုတာ အလွန်ရခဲတယ်၊ အလိုက်မသိ၊ သမာဓိမတည်၊ ယောကျ်ားမြတ်တို့ရဲ့ အရည်အသွေး မပြည့်ဝသူ ဖြစ်နေရင် တိုင်းသူပြည်သားလည်း မချမ်းသာ၊ ငါ့မှာလည်း စိတ်ဆင်းရဲရ၊ အခုဘဝမှာလည်း မကောင်း၊ သံသရာအတွက်လည်း မကောင်း၊ ဒါကြောင့် စစ်သူကြီးဟာ ထီးဖြူကျက်သရေကို ဆောင်းထိုက်တဲ့ သမာဓိ ရှိမရှိ သိရအောင် ငါ အလိုစမ်းလိုက်ဦးမယ်"လို့ ကြံပြီးတော့ "စစ်သူကြီးကို ပြောလိုက်၊ အချိန်သိပ်မဆွဲပါနဲ့၊ အခုချက်ချင်း အရှေ့မုခ်ဦးကနေ နှမတော်ရဲ့ လျောင်းစက်ရာ အဆောင်သို့ အမြန်ဝင်လာပါစေ"လို့ မှာလိုက်ပါတယ်။

ဒီစကားကို ကြားရတာနဲ့ စစ်သူကြီးလည်း 'သူ့အလိုလိုက်မှ ကိုယ့်အကြိုက်ပါမယ်"လို့ ဆင်ခြင်မိပြီး နန်းတော် အရှေ့တံခါး မုခ်ဦးကနေ ဝင်လာပြီး မင်းသမီးရဲ့ စံနန်းဆောင် လျောင်းစက်ရာ အခန်းဆီကို အပေါ်စားဆန်တဲ့ အမူအရာနဲ့ လျင်လျင်မြန်မြန် သွားပြီး မင်းသမီးရဲ့ အနားမှာ ရပ်လိုက်ပါတယ်။ မင်းသမီးက ပညာရှိဆိုတော့ စစ်သူကြီးရဲ့ အမူအရာကို မြင်လိုက်တာနဲ့ ဒီလူမှာ ပညာ

မရှိဘူးဆိုတာ သိပြီး ထပ်မံပြီး အလိုစမ်းချင်တာကြောင့် "စစ်သူကြီး ဒီအဆောင်အတွင်းမှာ အစွမ်းရှိသမျှ အသုံးချပြီး ခေါက်တုံ့ခေါက်ပြန် လျင်လျင်မြန်မြန် ပြေးစမ်းပါ၊ အရည်အသွေးကို ကြည့်ချင်စမ်းပါဘိ"လို့ ပြောလိုက်ပါတယ်။

စစ်သူကြီးဟာ "မင်းသမီး ငါ့ကို ကြိုက်ရင် ပြီးရော" ဆိုတဲ့ စိတ်မျိုးနဲ့ ပညာဉာဏ် ကင်းမဲ့နေတာကြောင့် ခေါက်တုံ့ ခေါက်ပြန် ပြေးလွှားပြပါတော့တယ်။ အဲဒီအခါ မင်းသမီးက "အသင်စစ်သူကြီး၊ ကျွန်ုပ်ဆီကို ပြေးလာစမ်းပါ"လို့ ဆိုလိုက်ပြန်တော့ မင်းသမီးဆီကို တဟုန်ထိုး ပြေးလာတော့တာပါပဲ။ အဲဒီလို အမူအရာမျိုးကို မြင်ရတော့ မင်းသမီးက "အင်း. . . ဒီစစ်သူကြီးဟာ ရွှေတောင်မှာ နားလို့သာ ရွှေကျီးလို့ ခေါ်ရသလို၊ ငါ့ခမည်းတော်က မြှောက်စားလို့သာ စစ်သူကြီးရာထူး ရနေတာပဲ၊ ဒီလို အရည်အချင်း ညံ့တဲ့သူဟာ ထီးဖြူရဲ့ ကျက်သရေကို ဘယ်လိုလုပ်ပြီး ဆောင်နိုင်တော့မှာလဲ"လို့ တွေးတော ကြံဆပြီး "အရှင်စစ်သူကြီး၊ အရှင်ရဲ့ အရည်အသွေးကို သိရပါပြီ။ အတော်လည်း မောသွားပုံရတယ်။ ဒါကြောင့် မပြေးပါနဲ့တော့၊ ဒီနားမှာထိုင်ပြီး ကျွန်ုပ်ရဲ့ ခြေထောက်ကို ဆုပ်နယ်ပေးစမ်းပါ"လို့ ဆိုလိုက်ပြန်တယ်။ စစ်သူကြီးလည်း-

"အင်း. . . ဒီမင်းသမီးတော့ တဖြည်းဖြည်း ငါ့အလို ပါတော့မယ်၊ ငါရဖို့ နီးစပ်ပြီ"လို့ တွေးပြီး မင်းသမီး နှစ်သက်ရလေအောင် မင်းသမီးရဲ့ ခြေရင်းမှာ ထိုင်ပြီး ခြေထောက်ကို ဆုပ်နယ်ပေးပါတော့တယ်။

စစ်သူကြီးက "ငါလို ယောက်ျားက မိန်းမတစ်ယောက်ရဲ့ ခြေထောက်ကို ဆုပ်နယ်ပေးရတာဟာ မသင့်တော်ပါလား၊ အောက်တန်းကျလှပါလား" ဆိုတာကိုတောင် မစဉ်းစားနိုင်တော့ပါဘူး။ မိမိရဲ့ စိတ်အစဉ်မှာ တဏှာရာဂတရား ဝင်ရောက် နှိပ်စက်လာလို့ အခုလို ဖြစ်ရတာပါ။ ဒါကို ဘုန်းကြီးတို့ ယောဂီများက သတိထားပြီး သံဝေဂ ယူကြရမှာပါ။ မင်းသမီးလည်း စစ်သူကြီးရဲ့ အရိပ် အခြေအနေကို ကြည့်ပြီးတော့ 'ဒီလူဟာ လူယုတ်မာပဲ၊ ဒီလောက်တောင် ငါက အလိုစမ်းနေတာတောင် သူ မသိဘူး၊ ငါ့ကို ရယူ ပိုင်ဆိုင်ဖို့အရေး ငါ့အလိုကို လိုက်နေတာပဲ၊ အခုအခါ ညင်ညင်သာသာနဲ့ နန်းဆောင်ပေါ်က နေ မောင်းချလိုက်ရမှာလည်း ငါ့အနားမှာ မိန်းမ ပရိသတ်ပဲ ရှိတယ်။ မှောင်စပျိုးအချိန်လည်း ရောက်လာပြီ။ ငါက ဝေါက်ငမ်း ကြိမ်းမောင်းပြီး နှင်ထုတ်လိုက်ရင်လည်း သူ့မှာ မက်မောကပ်ငြိခြင်း တဏှာရာဂတရားက အားကြီး

နေတာကြောင့် ငါ့အနားက ခွာမှာမဟုတ်ဘူး။ ငါ့ရဲ့ အခြေအရံ မောင်းမများကလည်း ငါ့ရဲ့ စိတ်သဘော အမှန်ကို မသိကြသေးဘူး။ ဒါကြောင့် ငါ့သဘောအမှန် ကိုလည်း သိသွားရလေအောင် ဒီယောက်ျားရှုးလည်း မိမိ ရဲ့ အမူအရာကို မိမိကိုယ်တိုင် သဘောပေါက်သွားရလေ အောင် ထင်ထင်ရှားရှား အပြစ်ပေးလိုက်မှ တော်မယ်’လို့ စဉ်းစားပြီး စစ်သူကြီးရဲ့ ရင်ဘတ်ကို ခြေထောက်နဲ့ တွန်း ကန် ဖယ်ရှားလိုက်ပါတယ်။

စစ်သူကြီးလည်း ရာဂစိတ် မွန်ထူနေတာကြောင့် အမှတ်တမဲ့ဖြစ်ပြီး မင်းသမီးရဲ့ ခြေရင်းမှာ ပက်လက်လဲ ကျသွားပါတယ်။ မင်းသမီးလည်း အခြေအရံ မောင်းမ တွေကို ခေါ်ပြီး-

“သင်တို့ ဒီယောက်ျားရှုးကို မှတ်လောက်သား လောက်အောင် ရိုက်နှက်ပြီး လည်ပင်းကနေ ကိုင်လို့ အပြင်ကို ထုတ်ပစ်လိုက်ကြစမ်း”လို့ အမိန့်ပေးပြီး ကျက် သရေတိုက်ခန်းထဲ ဝင်သွားပါတယ်။ နန်းတွင်းသူ အပျို တော်တွေကလည်း မင်းသမီး စေခိုင်းတဲ့အတိုင်း ဆောင် ရွက်ကြပါတယ်။ နန်းတော်ရဲ့အပြင်ဘက်မှာ အခြေအနေ ကို စောင့်ကြည့်နေကြတဲ့ မှူးမတ်တွေက စစ်သူကြီး

မကြည်မသာနဲ့ ပြန်လာတာကို တွေ့ရတော့ "အရှင် မင်းမြတ်၊ အခြေအနေ ကောင်းပါရဲ့လား"လို့ ခနိုးခနဲ့ လုပ်ပြီး မေးကြတဲ့အခါ စစ်သူကြီးက-

"တော်စမ်းပါဗျာ၊ ငါက သင်တို့မင်းသမီးကို လူ မိန်းမ မှတ်ထင်လို့ အနားသွားကြည့်တာ တကယ်တော့ ဘီလူးမကြီး ဖြစ်နေတယ်။ ဒီလောက်ပဲ ပြောပါရစေ တော့"လို့ ဆိုပြီး အိမ်ပြန်သွားပါတယ်။ မှူးမတ်တို့လည်း "ဒီ စစ်သူကြီးဟာ စစ်ရေးစစ်ရာမှာတော့ ကျွမ်းကျင်ပါ တယ်။ အမျိုးသမီးရေးရာမှာတော့ မကျွမ်းကျင်ဘူး"လို့ နှလုံးသွင်းပြီးတော့ နောက်ထပ် မင်းဘဏ္ဍာစိုး၊ သူဌေးကြီး၊ ထီးတော်မိုး၊ သန်လျက်စွဲ၊ ရွှေခြားမှူးတို့ကို အသီးသီး ရွေးချယ်ကြပါတယ်။ ဒီရွေးချယ်သမျှ လူတွေအားလုံးဟာ လည်း စစ်သူကြီးလိုပဲ ပက်လက်လန် အရှက်ကွဲပြီးတော့ ပြန်လာခဲ့ကြရပါတယ်။ အဲဒီတော့ မှူးကြီးမတ်ကြီးတို့ဟာ မင်းလောင်း ရွေးချယ်ဖို့ စိတ်ဓာတ်ကျ အားလျော့သွား ကြပါတယ်။ တစ်နေ့မှာတော့ အမတ်တစ်ယောက်က "မှူးတော် မတ်တော်တို့ မင်းကြီးမှာခဲ့တဲ့ စကားထဲမှာ

၁။ ပလ္လင်ရဲ့ဦးခေါင်းရင်းကိုသိသူ

၂။ ဗိုလ်ခြေ တစ်ထောင် တင်ယူရတဲ့ လေးညှို့ ကို တင်ချနိုင်သူ၊

၃။ ရွှေအိုးကြီးတွေ ထားရာ (၁၆)ဌာနကို ထုတ်ဖော်ပြနိုင်သူတို့ကို အသာထားစမ်းပါဦး။ မင်းသမီးကိုယ်တိုင်က နှစ်သက် မြတ်နိုးတဲ့သူကိုတောင်မှပဲ မတွေ့နိုင်သေးဘူး ဖြစ်နေတယ်။ မင်းမရှိတဲ့ တိုင်းပြည်ဆိုတာကလည်း မှူးမတ်တွေအနေနဲ့ စောင့်ရှောက် ထိန်းသိမ်းဖို့ခဲယဉ်းတယ်။ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ၊ ကြံကြပါဦး”လို့ ဆိုပြီး တိုင်ပင် နှီးနှောရင်း အခက်အခဲနဲ့ပဲ ကြုံနေကြပါတယ်။

သီဝလိဒေဝီ မင်းသမီးဟာ ပညာဉာဏ်ရှိတဲ့ အမျိုးသမီးကောင်း ဖြစ်ပါလျက်နဲ့ ယောကျ်ားတွေကို ခြေထောက် ဆုပ်နယ်ခိုင်းတယ်ဆိုတာ တကယ်တော့ အလိုစမ်းတဲ့သဘောပါ။ ဒါကြောင့် ဒီမင်းသမီးရဲ့ စိတ်ထားကို ယုတ်နိမ့်တယ်လို့ ပြောလို့မဖြစ်ပါဘူး။ ခြေထောက်နဲ့ ရင်ဝကို ကန်ထုတ်လိုက်တာဟာလည်း မိမိကိုယ်ကို စောင့်ရှောက်တဲ့သူဖြစ်လို့ ဒီလို လုပ်လိုက်ရတာပါ။ ဒီ လျှောင်းစက်ရာ အဆောင်တွင်းမှာ ယောကျ်ားတွေကို နှုတ်နဲ့ ပြောဆိုသော်လည်း ထွက်သွားမှာ မဟုတ်ဘူးဆိုတာကို မင်းသမီးက သိနေပါတယ်။ စစ်သူကြီး၊ ဘဏ္ဍာစိုး၊ သူဌေးကြီး၊ ထီးတော်မိုး၊ ရွှေဓားမှူး ဆိုတဲ့ အဲဒီ လူငါးယောက်တို့ဟာလည်း မိမိတို့ အရှင်သခင်ရဲ့ သမီးဖြစ်လို့ အစဉ်အမြဲ

ရှိသေနေရတာရယ်၊ မင်းသမီးကို မြင်ရ၊ မင်းသမီးရဲ့ အသံကို ကြားရတဲ့အခါမှာ ကာမတဏှာနဲ့ ယစ်မူးနေတာရယ်၊ သူ့အလိုလိုက်ရင် ကိုယ့်အကြိုက်ပါမယ်လို့ ဆင်ခြင်မိတာရယ်ကြောင့် စဉ်းစား ဝေဖန်မှု ကင်းပြီး သမာဓိကို အသုံးပြုရမယ့်နေရာမှာ ဝီရိယကို အသုံးပြုမိတာဖြစ်လို့ အရှုံးလိုဖြစ်သွားရပါတယ်။

"အငင်မတတ်ရင် ပန်းလျက်နဲ့မရ၊ အဆင်မတတ်လျှင် ဆန်းလျက်နှင့်မလှ"ဆိုတဲ့ လောကဆိုရိုးကလည်း ရှိပါတယ်။ ပျော့ပျော့ပြောင်းပြောင်း အလိုက်သင့် ပြုရမယ့် ကိစ္စမှာ ပြတ်ပြတ်သားသား တင်းတင်းမာမာ ပြုလုပ်လိုက်လျှင်လည်း ခက်ထန် ကြမ်းတမ်းရာ ရောက်ပါတယ်။ ပြတ်ပြတ်သားသား တင်းတင်းမာမာ ပြုလုပ်ရမယ့်နေရာမှာလည်း ပျော့တိပျော့ညံ့နဲ့ လုပ်နေရင် အရှက်တကွဲ အကျိုးနည်း ဖြစ်တတ်ပါတယ်။ စစ်သူကြီးဟာ နန်းဆောင်ပေါ်ရောက်နေစဉ် မတရားသဖြင့် လက်နက်နဲ့ အာဏာကို အသုံးပြုပြီး ထီးနန်းစည်းစိမ်ကို သိမ်းပိုက်ယူလို့လည်း မရပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ဗိုလ်ပါရဲမက်တွေ ဆင်မြင်းလက်နက်တွေကို မှူးမတ်တွေက သိမ်းဆည်း စောင့်ရှောက်ထားလို့ပါပဲ။

✧

# ထီးနန်းစိုးစံ လောင်းဘုန်းလျှံ

မှူးမတ်ပုရောဟိတ်တို့ရဲ့ မျက်နှာစုံညီ အစည်းအဝေးမှာ မင်းသမီးနဲ့ ထိုက်တန်တဲ့ ယောက်ျားကောင်း ယောက်ျားမြတ်ကို ရှာမရနိုင်တဲ့အခါ ပုရောဟိတ် (တိုင်းပြည်ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်တတ်သူ) ပုဏ္ဏားကြီးက-

"မှူးတော်မတ်တော်တို့၊ သင်တို့ ကျွန်ုပ်တို့တစ်တွေ ဘယ်လိုပဲ ကြံဆပြီး ရှာကြံကြသော်လည်း မင်းသမီးနဲ့ ထိုက်တန်တဲ့ ယောက်ျားကို မတွေ့ဘူး ဖြစ်နေတယ်။ ဒီတော့ ထူးထူးထွေထွေ ကြံစည်မနေကြနဲ့တော့၊ ဖုဿရထားကို လွှတ်မှ သင့်တော်မယ်၊ ဖုဿရထားကြောင့် ရတဲ့မင်း ဆိုရင် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကိုတောင် သိမ်းပိုက်အုပ်ချုပ်နိုင်တဲ့ ဘုန်းကံရှင် ဖြစ်လိမ့်မယ်၊ မှူးတော်မတ်တော်များ ဘယ်လိုသဘောရပါသလဲ"လို့ ဆိုတော့ မှူးမတ်

တို့ကလည်း သဘောတူကြပါတယ်။ ဖုဿရထားဆိုတာ ဖုဿနက္ခတ်နှင့် ယှဉ်ပြီးတော့ စီရင်ထားတဲ့ မင်္ဂလာမြင်း ရထားပါပဲ။

မှူးတော်မတ်တော်များဟာ မြို့ထဲမှာ ပြုလုပ်စရာ မှန်သမျှ အားလုံးကို သုတ်သင်ရှင်းလင်း တန်ဆာဆင်ပြီး တော့ မင်္ဂလာရှိတဲ့ ဖုဿရထားမှာ ထူးမြတ် ဆန်းကျယ် တဲ့ မင်းနေရာအခင်းနဲ့အတူ မင်းမြောက်တန်ဆာ ငါးပါး တို့ကို သေသေချာချာ တင်လိုက်ပါတယ်။ မင်းမြောက် တန်ဆာငါးပါးဆိုတာ-

၁။ သားမြီးယပ်

၂။ သင်းကျစ်

၃။ သန်လျက်

၄။ ခြေနင်း

၅။ ထီးဖြူ တို့ပဲ ဖြစ်ပါတယ်။

ကုမုဒြာ အဆင်းရှိတဲ့ မြင်းလေးစီးတို့ကို ကကြိုး တန်ဆာ ဆင်မြန်းပြီး ရထားမှာ ယှဉ်တပ်လို့ လွှတ်ပေး လိုက်ပါတယ်။ လက်ဝဲလက်ယာ ရှေ့နောက်ဝန်းကျင် အရပ်တွေမှာ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင် တပ်ဆိုတဲ့ စစ်အင်္ဂါလေးပါး ဝန်းရံထားလိုက်ပါတယ်။ တီး

မှတ်စရာ တူရိယာများကို "မင်းလောင်းကို တွေ့တဲ့အချိန်မှသာ တီးမှုတ်ကြရမယ်၊ မတွေ့ရင် မတီးမှုတ်ရ"ဆိုတဲ့ ထုံးစံရှိနေတာကြောင့် မတီးမမှုတ်ကြဘဲ အသီးသီး လက်နဲ့ သယ်ဆောင်ပြီး အဆင်သင့် ယူဆောင်လာကြပါတယ်။

အားလုံး အဆင်သင့်ဖြစ်တဲ့အခါ ပုရောဟိတ်ပုဏ္ဏားက ရွှေကရားနဲ့ ရထားအဖွဲ့အစပ်တို့ကိုရော၊ ရထားဦးနှင်တံတို့ကိုပါ သန့်ရှင်းစင်ကြယ်တဲ့ ရေနဲ့ ဖြန်းပြီး "ဤပြည်စည်းစိမ်ကို ခံထိုက်သော ဘုန်းရှင်ကံရှင် ရှိရာအရပ်သို့ ဤရထား သွားပါစေသတည်း"လို့ အဓိဋ္ဌာန်ပြုပြီး အဘိသိက်မြှောက်လို့ ဖုဿရထားကို လွှတ်လိုက်ပါတယ်။ ဖုဿရထားဟာ နန်းတော်ကို လက်ယာရစ် လှည့်ပတ်ပြီးမှ ဗဟိုလမ်းမကြီးဆီကို ရှေးရှုသွားပါတယ်။ ဗဟိုလမ်းမကြီးကနေ တစ်ဆင့် မိထိလာမြို့ကို လက်ယာရစ် လှည့်ပတ်ပါတယ်။ စစ်သူကြီး၊ ဘဏ္ဍာစိုး၊ သူဌေးကြီး၊ ထီးတော်မိုး၊ ရွှေခေါမှူး တို့ရဲ့ အိမ်များကလည်း ဗဟိုလမ်းမကြီးမှာ ရှိနေပါတယ်။ စစ်သူကြီးဟာ မိမိအိမ်ကို ရှေ့ရှုပြီး ရထားလာနေတာကို မြင်ရတော့ "ငါ့အိမ်ကို ရှေးရှုပြီး ရထားလာနေပြီ၊ ငါဟာ ဘုန်းကံရှိတဲ့ ယောက်ျားပဲ၊ ငါ့အိမ်ကို ရထားဦး မြန်မြန်ဆိုက်ပါစေ"လို့ စိတ်ထဲကနေ မျှော်

လင့် တောင့်တနေပါတယ်။ မိမိအိမ်ရှေ့ကနေ ရထားလွန်သွားမှ စိတ်အကြံကို လျှော့လိုက်ပါတော့တယ်။

အဲဒီနောက် ရွှေတိုက်ဝန်၊ (ဘဏ္ဍာစိုး)၊ သူဌေးကြီး၊ ထီးတော်မိုး၊ ရွှေဓားမှူးတို့ဟာလည်း စစ်သူကြီးနည်းတူ "ငါ့အိမ်ကို ရထားဦး ဆိုက်ပါစေ"လို့ တောင့်တ မျှော်လင့်နေကြပါတယ်။ ဖုဿရထားဟာ သူတို့အိမ်တွေကို လွန်ပြီး မြို့ကို လက်ယာရစ် လှည့်ပတ်ပြီးတော့ မြို့အရှေ့ဘက်တံခါးကနေ ဘုရားအလောင်းတော်ရှိရာ ဥယျာဉ်ကို ရှေးရှု သွားပါတော့တယ်။ အမတ်တွေက "ဆရာ ပုရောဟိတ်၊ အခု မြို့ကိုလွန်လာပြီ၊ ဖုဿရထားလည်း မြန်မြန်ကြီးသွားနေတယ်။ ရထားကို နောက်ပြန်ဆုတ်ရရင် မကောင်းဘူးလား"လို့ စိုးရိမ်တကြီးနဲ့ မေးကြပါတယ်။ ပုရောဟိတ်ကလည်း ပညာရှိသူဖြစ်တာကြောင့်-

"မှူးတော် မတ်တော်တို့၊ ယူဇနာ တစ်ရာရောက်အောင် သွားချင်လည်း သွားပါစေ၊ ပြန်မဆုတ်ပါနဲ့"လို့ ဆိုလိုက်ပါတယ်။ ရထားလည်း အစဉ်အတိုင်း သွားရာကနေ ဥယျာဉ်တော်အတွင်းဝင်ပြီး ဘုရားအလောင်းလျောင်းစက်ရာ မင်္ဂလာကျောက်ဖျာကို လက်ယာရစ်လှည့်ပြီးတော့-

"အရှင်မင်းမြတ်၊ တက်တော်မူပါလော့"လို့ အဆင်သင့် စီမံပြီး ဆိုက်ရောက်လာသလို ရပ်တန့်နေပါတယ်။

ပုရောဟိတ် ပုဏ္ဏားဟာ မင်္ဂလာ ကျောက်ဖျာအပြင်မှာ ဦးခေါင်းခြုံပြီး လျောင်းစက်နေတဲ့ ဘုရားအလောင်းတော်ကို တွေ့မြင်ရတော့-

"မှူးတော် မတ်တော်တို့၊ ကျောက်ဖျာထက်မှာ လူတစ်ယောက် အိပ်စက်နေတာကို မြင်တွေ့ရတယ်။ ထီးဖြူရဲ့ ကျက်သရေကို ဆောင်နိုင်တဲ့ ဘုန်းကံရှိတဲ့သူ ဟုတ်မဟုတ်ကို သိအောင် စုံစမ်းရမယ်။ ဘုန်းကံ ရှိသူ မှန်ခဲ့ရင် ကျွန်ုပ်တို့က ဘယ်လိုပဲ လှုပ် ချောက်ချားသော်လည်း မတုန်မလှုပ် နေမှာပါ။ ခေါင်းဖွင့်ပြီးတော့တောင် ကြည့်မှာ မဟုတ်ပါဘူး။ ဘုန်းကံ မရှိသူဆိုရင်တော့ အလန့်တကြား ထပြီးတော့ ကြည့်ပါလိမ့်မယ်။ အခုပဲ တူရိယာတွေကို တီးမှုတ်ခိုင်းပါ"လို့ ဆိုလိုက်ပါတယ်။ အရာမကများလှတဲ့ တူရိယာသမားတွေကလည်း တစ်ပြိုင်နက် တီးမှုတ်ကခုန်ကြတော့ ဥယျာဉ်တော်အတွင်းမှာ အသံတွေဆူညံပြီးတော့ သွားပါတယ်။

ဘုရားအလောင်းတော်ဟာ ဆူဆူညံညံ အသံတွေကြောင့် နိုးလာပြီးနောက် ဦးခေါင်းခြုံကို နည်းနည်း ဖွင့်

လှစ်ကြည့်လိုက်ပါတယ်။ ဗိုလ်ပါ ပရိသတ်ကို မြင်ရတဲ့အခါ "ငါ့ကို ထီးဖြူအပ်နှင်းဖို့ ဒီလူတွေ လာကြတာဖြစ်မယ်"လို့ ကြံပြီး ဦးခေါင်းကို ခြုံမြဲတိုင်း ပြန်ခြုံပြီး တစ်ဖက်ကိုပြောင်း လက်ဝဲဘက်စောင်းပြီး လျောင်းစက်လိုက်ပြန်ပါတယ်။ ပုရောဟိတ် ပုဏ္ဏားက ဘုရားအလောင်းတော်ရဲ့ အနီးကို ချဉ်းကပ်ထိုင်ပြီး ခြေဖဝါးတော်ကို ဖွင့်လှစ် ကြည့်ပြီးတဲ့နောက်-

ဒီယောက်ျားမြတ်ဟာ ဇမ္ဗူဒိပ်ကျွန်းကို အသာထားဦး၊ ကျွန်းငယ် နှစ်ထောင် အခြံအရံနဲ့ လေးကျွန်းလုံးကိုတောင် သိမ်းယူပြီးတော့ မင်းပြုနိုင်တဲ့ ဘုန်းလက္ခဏာပါရှိတယ်ဆိုတာ သိရလို့ ဝမ်းသာအားရနဲ့ နောက်ထပ်တစ်ဖန် တူရိယာတွေကို တီးမှုတ်ခိုင်းပြန်ပါတယ်။ ဒီနေရာမှာ ပုရောဟိတ်က ဘုရားအလောင်းတော်ရဲ့ ခြေဖဝါးတော်ကို ကြည့်ပြီးတော့ လက္ခဏာကို စစ်ဆေးတာပါ။ လက္ခဏာဆိုတာ အမှတ်အသားပါ။ မင်းဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်ရဲ့ လက်ဖဝါးကို ပုရောဟိတ်က ကိုင်ပြီးတော့ ဘယ်ကြည့်ရဲမှာလဲ၊ အဲဒါကြောင့် ခြေဖဝါးမှာပါတဲ့ အမှတ်အသားကိုပဲ ကြည့်ရပါတယ်။ လက္ခဏာဆိုတဲ့ ပါဠိစကားဟာ မြန်မာလို အမှတ်အသားလို့ အဓိပ္ပာယ်ရပါ

တယ်။ အချို့က ဒီသဘောကို နားမလည်တော့ လက်ဖဝါး မှာသာ ပါတဲ့ အရေးအကြောင်းတွေကို ကြည့်မှ လက္ခဏာ ကြည့်တယ်လို့ ထင်နေကြတယ်။ အခုခေတ် လက္ခဏာ ဆရာတွေလည်း လက်ဖဝါးကိုပဲ ကြည့်နေကြပါတယ်။ မိန်းမဆိုရင် ဘယ်ဘက် လက်ဖဝါး၊ ယောက်ျားဆိုရင် ညာဘက်လက်ဖဝါးကို ကြည့်ကြပါတယ်။ တကယ် တက်ကျွမ်းတဲ့ လက္ခဏာ ပညာရှင်တွေဆိုရင် လက်ဖဝါး ကို မကြည့်ဘဲ ခြေဖဝါးကို ကြည့်ပြီး ဟောဖို့ ကောင်းပါ တယ်။ အခုခေတ်မှာ ရေးသားထားတဲ့ လက္ခဏာကျမ်း စာအုပ်တွေဆိုရင်လည်း မျက်နှာဖုံးမှာ လက်ဖဝါးပုံစံတွေ ဖော်ပြထားတာကို တွေ့ရပါတယ်။

ရှင်တော်ဗုဒ္ဓ သက်တော်ထင်ရှား ရှိတော်မူစဉ်က မာဂဏ္ဍီ ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားရဲ့ ရုပ်ပုံတော်ကို တွေ့မြင်ပြီး ဒီလူဟာ ယောက်ျားကောင်း ယောက်ျားမြတ် ပဲ၊ ငါ့သမီး အပျိုစင်နဲ့ ပေးစားမယ်လို့ ကြံစည်ပြီး ပုဏ္ဏေး မကြီးကို အကြောင်းအကျိုး ပြောပြလိုက်ပါတယ်။ ပုဏ္ဏေး မကြီးက ရှင်တော်ဗုဒ္ဓရဲ့ ခြေရာတော်ကို ကြည့်ပြီး

"ဒီခြေရာရှင်ဟာ လူ့ဘောင်မှာနေပြီးတော့ ကာမ ဂုဏ် ခံစားမယ့်သူ မဟုတ်ဘူး။ ဝဋ်ဒုက္ခ ပြတ်ငြိမ်းနေတဲ့

ရဟာန်းမြတ် ဖြစ်ရမယ်”လို့ ဟောကိန်း ထုတ်ခဲ့ပါတယ်။ ဒါကြောင့် ကိုယ်ပေါ်မှာ ဘယ်နားမှာမဆို ရှိတဲ့ အမှတ်အသားဟာ လက္ခဏာပါပဲ။ ပါးမှာ မှည့်ရှိရင်လည်း လက္ခဏာပါပဲ၊ နှုတ်ခမ်းထော်နေတာ၊ နဖူးပြောင်နေတာ၊ နားရွက်ကားနေတာ၊ လည်တိုင်ရှည်တာ၊ ရင်အုပ်ကျဉ်းတာ၊ ရင်အုပ်ကျယ်တာ၊ အရပ်ပုတာ၊ အရပ်ရှည်တာ စသည်ဖြင့် အမှတ်အသား မှန်သမျှကို လက္ခဏာလို့ ခေါ်ပါတယ်။ ပုရောဟိတ် ပုဏ္ဏားဟာ ဘုရားအလောင်းတော်ရဲ့ ခြေဖဝါးတော်မှာ ပါတဲ့ အမှတ်အသားကိုပဲ ကြည့်တာပါ။ ခြေဖဝါးမှာ ကြည့်တဲ့အတွက်ကြောင့် ခြေခဏာလို့တော့ မထင်လိုက်ပါနဲ့၊ လက္ခဏာပါပဲ။

တီးမှုတ် ကခုန်မှုတွေကြောင့် ဆူညံသံတွေ ပေါ်ထွက်လာတဲ့အခါ ဘုရားအလောင်းတော်ဟာ မျက်နှာတော်ကို ဖွင့်ပြီး လက်ဝဲဘက်ကနေ လက်ယာဘက်ကို စောင်းပြီး လျောင်းစက်လိုက်ရင်း ပရိသတ်ကို ကြည့်လိုက်ပါတယ်။ ပုရောဟိတ် ပုဏ္ဏားဟာ မျှူးမတ်ပရိသတ်နဲ့အတူ စုရုံးပြီး လက်အုပ်ကိုချီ၊ မျက်နှာကို အောက်ချပြီး-

“အရှင်မင်းကြီး၊ ထတော်မူပါလော့၊ မိထိလာပြည် စည်းစိမ်ဟာ အရှင်မင်းကြီးရဲ့ ရွှေလက်တော်ထဲ ဆိုက်

ရောက်လာပါပြီ” လို့ သံတော်ဦး တင်လိုက်တဲ့အခါ အလောင်းတော်က-

“မောင်မင်းတို့ရဲ့ ပြည့်ရှင်မင်းရော မရှိဘူးလား” ဆိုတော့-

“အရှင်မင်းမြတ်၊ ကျွန်တော်မျိုးတို့ရဲ့ ပြည့်ရှင်မင်းကြီးဟာ နတ်ရွာစံခဲ့တာ ခုနစ်ရက် ရှိသွားပါပြီ။ ထီးမွေ နန်းမွေကို ဆက်ခံမည့် ညီတော်လည်း မရှိ၊ သားတော်လည်း မရှိခဲ့ပါ။ သမီးတော် တစ်ယောက်သာ ကျန်ရစ်ခဲ့ပါတယ်“လို့ ဆိုတော့-

“ဒီလိုဆိုရင် ကောင်းပြီ”လို့ ဝန်ခံပြီး လျောင်းစက်ရာကနေ ထပြီး မင်္ဂလာကျောက်ဖျာအပေါ်မှာ တင်ပျဉ်ခွေ ထိုင်နေတော်မူပါတယ်။

မှူးမတ် ပုရောဟိတ်တို့က “ဒီမင်းမြတ်ဟာ မင်္ဂလာရထားနဲ့ ရှာလို့ရတဲ့မင်းဖြစ်လို့ နတ်ရွာစံ မင်းတရားကြီးမှာတော်မူခဲ့တဲ့ အကြောင်းအင်္ဂါတွေနဲ့လည်း ပြည့်စုံပုံရတယ်”လို့ တွေးပြီး ဝမ်းမြောက်ကြပါတယ်။ ဥယျာဉ်အတွင်း မင်္ဂလာကျောက်ဖျာပေါ်မှာပဲ မင်းမြောက်တန်ဆာ ငါးပါးနဲ့ ဘုရားအလောင်းတော်ကို အဘိသိက် သွန်းလိုက်ကြပါတယ်။

မဟာဇနကမင်းဟာ ထီးနန်းစည်းစိမ်ကို လက်ခံပြီးနောက် မင်္ဂလာရထားကို တက်စီးပြီး မှူးမတ်ဗိုလ်ပါ အခြွေအရံနဲ့အတူ မြို့တော်ကို ဝင်ရောက်ခဲ့ပါတယ်။ နန်းတော် အရှေ့တံခါးမုခ်ကနေ တက်တော်မူပြီး ယခင်ရာထူး ဌာနန္တရ ရှိသူတွေကို အချို့ကို မူလရာထူးအတိုင်း အချို့ကို ရာထူးပြောင်းရွှေ့၊ အချို့ကို ရာထူးတိုးမြှင့် စီမံခန့်ထားပြီး မင်းရဲ့ ကျက်သရေအနေနဲ့ နေတော်မူလိုက်ပါတယ်။ သီဝလိဒေဝီ မင်းသမီးဟာ စစ်သူကြီး၊ သူဌေးကြီး အစရှိတဲ့ လူငါးယောက်တုန်းကလို ဘုရား အလောင်းတော်ကို စုံစမ်းဖို့ရာ မင်းမှုထမ်းတစ်ယောက်ကို-

"အမောင်၊ သင်ကိုယ်တိုင် မင်းကြီးဆီကို အခုချက်ချင်း သွားပြီးတော့ နတ်ရွာစံမင်းတရားကြီးရဲ့ သမီးတော် သီဝလီဒေဝီ မင်းသမီးက အရှင်မင်းကြီးကို ခေါ်တော်မူပါတယ်။ အခုပင် ချက်ချင်း လျင်လျင်မြန်မြန် မင်းသမီးအထံ ကြွတော်မူပါ"လို့ လျှောက်တင်ခိုင်းတဲ့ အကြောင်းကို သွားပြောချေ"လို့ စေလိုက်ပါတယ်။ မင်းမှုထမ်းလည်း မင်းသမီး စေခိုင်းတဲ့အတိုင်း ဘုရားအလောင်းတော်ထံ သွားရောက် သံတော်ဦးတင်ပါတယ်။

ဘုရားအလောင်းတော်ဟာ အသိအလိမ္မာ ဉာဏ်ပညာ ကြီးမားတာကြောင့် မင်းသမီး ခေါ်ကြောင်း စကား

ကို ကြားရတဲ့အခါ-

"ဒီမင်းသမီးဟာ အသိဉာဏ် မရှိသူကို အလိုစမ်း သလို ငါ့ကိုပင် ကလူကျီစားနေပါလား"လို့ ကြံပြီး မင်းမှူ ထမ်း ပြောစကားကို မကြားချင်ယောင်ဆောင်လို့ စောင်း ငဲ့ပြီးတော့တောင် မကြည့်ဘဲ မှူးမတ် ပုရောဟိတ်တို့နဲ့ အတူ နန်းတော် အဆောက်အအုံကို ချီးမွမ်းစကား ပြော ဆိုပြီးတော့ နေလိုက်ပါတယ်။ မင်းမှူထမ်းယောကျ်ားက မင်းကြီး မကြားဘူးထင်လို့ ထပ်ကာ ထပ်ကာ အကြိမ် ကြိမ် သံတော်ဦးတင်ပါတယ်၊ ဘုရားအလောင်းတော်က လည်း မကြားဟန်ဆောင် စကားလွှဲပြီးတော့ အခြား မှူး မတ်ဗိုလ်ပါတွေနဲ့သာ စကားပြောနေပါတယ်။ အဲဒီတော့မှ မင်းမှူထမ်းဟာ အကဲခပ်မိပြီး မင်းသမီးထံ ပြန်သွားပြီး တော့-

"သခင်မ ဘုရား. . မင်းတရားကြီးဟာ ကျွန်တော် မျိုးက အကြိမ်ကြိမ် လျှောက်ထားပါသော်လည်း ဂရု မစိုက်ဘဲ မှူးမတ် ပုရောဟိတ်တို့နဲ့အတူ နန်းပြာသာဒ် ကိုသာ ချီးမွမ်းပြီး နေတော်မူပါတယ်။ သခင်မ မှာလိုက် တဲ့ စကားကို ဘာမှ အရေးမလုပ်ပါဘူး"လို့ သံတော်ဦး တင်လိုက်ပါတယ်။

ဘုရားအလောင်းတော်ဟာ ပရိယာယ်ဆင်ပြီး တော့ မသိဟန်ဆောင်နေတာပါ။ ဒီစကားကို ကြားပြီး မင်းသမီးကို မက်မောတဲ့စိတ်နဲ့ ချက်ချင်း ထလိုက်သွား မယ်ဆိုရင် မြင့်မြတ်တဲ့ ယောက်ျားမပီသရာ ရောက်ပါ တယ်။ သမာဓိမရှိရာ ရောက်ပါတယ်။ ရှင်ဘုရင်က မိန်းမကို ကြောက်နေရသလိုဖြစ်ပြီး သိက္ခာကျတာပေါ့။ တကယ်လို့ မင်းမှုထမ်းစကားကို ကြားပြီး "ငါလို ရှင်ဘုရင် ကို ဒီလို မလေးမခန့် လုပ်ရမလား"ဆိုပြီး ချက်ချင်း အမိန့် ထုတ်ပြီး အပြစ်ဒဏ်ပေးလိုက်ရင်လည်း ဒီမင်းသမီးနဲ့ ပေါင်းသင်းဖို့ရာ အရှည်သဖြင့် အဆင်မပြေမှုတွေ အခက် အခဲတွေနဲ့ ကြုံတွေ့ရပါလိမ့်မယ်။ ဒါကြောင့် မဟာဇနက မင်းဟာ နှလုံးရည်ကို အသုံးပြုပြီး မကြားချင်ဟန် ဆောင် နေတာပါ။ သာသနာတော်မှာဖြစ်စေ၊ တိုင်းနိုင်ငံ မြို့ရွာ နယ်ပယ်မှာဖြစ်စေ၊ အကြီးအကဲလုပ်မည့်သူဆိုတာ လက်ရုံးရည်ထက် နှလုံးရည်ကို ပိုပြီးတော့ အသုံးပြုရမှာ ဖြစ်ပါတယ်။

သီဝလိဒေဝီဟာ မင်းမှုထမ်းရဲ့ ပြန်လျှောက်တဲ့ စကားကို ကြားတဲ့အခါ "ဒီမင်းဟာ ယောက်ျားမြတ်တို့ရဲ့ နှလုံးရည်နဲ့ ပြည့်စုံပါပေတယ်"လို့ မှတ်ချက်ချပြီး ဒီမင်းမှု

ထမ်းကိုပဲ သုံးကြိမ်တိုင်အောင် စေလွှတ်ပြီးတော့ ခေါ်ခိုင်းပါတယ်။ ဘုရားအလောင်းတော် မလာတဲ့အခါ "ဒီမင်းဟာ ဘုန်းကံရှင် ယောကျ်ားပဲ၊ ငါင်လို့ သူမယိမ်း၊ သူသိမ်းမှ ငါပါရတော့မှာပါလား"လို့ နှလုံးသွင်းမိတော့တယ်။ အလောင်းတော် မဟာဇနကမင်းကြီးဟာ မှူးမတ် ပရိသတ်နဲ့ စကားတဝကြီး ပြောလို့ ငြိမ်းငွေ့တဲ့အခါမှ မိမိအလိုတော်အလျောက် အေးအေးဆေးဆေးပဲ ရွှေဂူထဲကိုဝင်တဲ့ ခြင်္သေ့မင်းလို တည်တည်ကြည်ကြည် ရဲရဲဝံ့ဝံ့နဲ့ မင်းသမီးရှိရာ နန်းမဆောင်ဆီ ကြွချီပါတယ်။

ဘုရားအလောင်းတော်ရဲ့ ဘုန်းတော် ကံတော်ကြောင့် သီဝလိဒေဝီ မင်းသမီးဟာ အလောင်းတော်ကို တမ်းတမ်းတတနဲ့ မျှော်လင့်လျက် ရှိနေပါတယ်။ ဒီလိုတမ်းတနေစဉ် ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစွာ ကြွချီတော်မူလာတဲ့ ဘုရားအလောင်းတော်ကို မြင်ရတော့ ကြွေခြွေကြီးလှတဲ့ မိန်းမဖြစ်သော်လည်း တည်တည်တံ့တံ့ မနေနိုင်တော့ဘဲ လျင်လျင်မြန်မြန် ထပြီး နန်းမဆောင် တံခါးဝကနေ အဆင့်သင့် ထွက်ကြိုပါတော့တယ်။ ဘုရားအလောင်းတော်လည်း အနားရောက်ရော နွဲ့ပျောင်းတဲ့ ကိုယ်ဟန်နဲ့ မိမိရဲ့လက်ကို အလောင်းတော်အထံ ယိမ်း

ညွှတ်ပေးလိုက်ပါတယ်။ ဘုရားအလောင်းတော်ကလည်း သီဝလိဒေဝီ မင်းသမီးကို လက်ဆွဲပြီး နန်းမဆောင်ပေါ် တက်တော်မူပါတယ်။ ထီးဖြူ ဖြန့်မိုးထားတဲ့ ရာဇပလ္လင်ပေါ်မှာ ပါရမီဖြည့်ဘက် နှစ်ဦးတို့ အတူတူ ယှဉ်တွဲပြီး ထိုင်နေလိုက်ပါတယ်။ မှူးမတ်အပေါင်းတို့ကလည်း ရာဇပလ္လင်တော်ရဲ့အနီးမှာ မျက်နှာတော်ကို အောက်ချပြီး လက်အုပ်ချီမိုး ခစားနေကြပါတယ်။

✧



# ကြီးမားပါသည် နှလုံးရည်

မဟာဇနကမင်းကြီးဟာ ပလ္လင်ပေါ်ကနေပြီး "မှူးတော်မတ်တော်တို့၊ သင်တို့ရဲ့ နတ်ရွာစံ မင်းတရားကြီးဟာ ဘယ်လို ဆုံးမ မှာကြားထားခဲ့ပါသေးသလဲ"လို့ မေးတော့ မှူးမတ်တွေက-

"နတ်ရွာစံ မင်းတရားကြီး မှာထားခဲ့တာကတော့ ဥပေါသထဆင်ဟာ စကြဲရတနာ ရမည့်သူမှန်မှသာ ညွတ်လာသလို ငါ့သမီးတော် နှစ်သက်မည့်သူဆိုလျှင် မည်သူ့ကိုမဆို ထီးနန်း အပ်နှင်းလိုက်"လို့ မှာထားခဲ့ပါတယ်ဘုရား၊ အခုတော့ မင်းသမီးဟာ အရှင်မင်းတရားကြီး မသိမ်းပိုက်မီကပဲ ယိမ်းညွတ်ပြီးနေတာကြောင့် နတ်ရွာစံ မင်းတရားကြီးရဲ့ ဒီမှာထားချက်ဟာ ကိစ္စပြီးမြောက်သွားပါပြီဘုရား၊ နောက်တစ်ခု မှာထားတာကတော့ အခု အရှင်မင်းမြတ် စံပယ်တော်မူတဲ့ ရာဇပလ္လင်မှာ ခေါင်းရင်းခြေရင်း သိသူ

လည်း ဖြစ်ရမယ်လို့ မှာထားခဲ့ပါသေးတယ်ဘုရား”လို့ လျှောက်တင်ကြပါတယ်။

အဲဒီအခါ မဟာဇနကမင်းကြီးက ‘ဒီအရာကတော့ မြင်ရုံနဲ့ သိဖို့မလွယ်ဘူး၊ ပရိယာယ်နဲ့ သိအောင်လုပ်မှ ဖြစ်မယ်”လို့ ကြံပြီး မင်းသမီးနဲ့ အခြားအခြား ကိစ္စတွေကို ပြောဆိုဟန်ပြုပြီး ရွှေဥသျှောင်ကျင် (ရွှေဗောင်းတော်) ကိုချွတ်ပြီး “ဒါကို တစ်နေရာမှာ ထားလိုက်စမ်း”လို့ ဆိုပြီး မင်းသမီးကို ပေးလိုက်ပါတယ်။ မင်းသမီးလည်း ရွှေဥသျှောင်ကျင်ကို လက်နဲ့ ကြာကြာ မ,မထားနိုင်၊ ရင်ခွင်မှာထားလို့လည်း မဖြစ်၊ အခြား တော်စွာ လျော်စွာ နေရာမှာ ထားလို့လည်း မဖြစ်တာကြောင့် ပလ္လင်ရဲ့ ဦးခေါင်းမှာ ထားလိုက်ပါတယ်။ ဘုရားအလောင်းတော်ဟာ တစ်ခဏလောက်ကြာတော့ အမတ်တို့စကားကို သတိမမူမိသလိုလိုနဲ့-

“အမတ်တို့ ခုနက လျှောက်တင်တဲ့စကားဟာ ဘာပါလိမ့်”လို့ မေးတော်မူပါတယ်။ အမတ်တွေက တစ်ဖန် ထပ်ပြီး လျှောက်တင်တဲ့အခါ-

“အမတ်ကြီးတို့၊ ဒီကိစ္စဟာ သာမန်လူဆိုရင် သိနိုင်ခဲပါတယ်။ ငါ့မှာတော့ ထီးနန်းကို ခံယူထိုက်တဲ့ ဘုန်းကံ

ရှိတာကြောင့် အမတ်ကြီးတို့ရဲ့ စကားကို ကြားလိုက်ရတာ နဲ့ပဲ ကေန်အမှန် သိပြီးပါပြီ။ ဒီအရပ်ဟာ ခေါင်းပါပဲ”လို့ ရွှေဥဿျောင်ကျင် ထားရာအရပ်ကို ညွှန်ပြလိုက်ပါတယ်။ အမတ်ကြီးတို့လည်း အလောင်းတော်ရဲ့ နှလုံးရည်စွမ်း အားကို သိပြီး ချီးကျူး နှစ်သက်ကြပါတယ်။ ခေါင်းဆောင် လုပ်မည့်သူဆိုတာ အာဏာတစ်ခုတည်း ရှိရုံနဲ့ မဖြစ်ပါ ဘူး။ နှလုံးရည်ခေါ်တဲ့ ဉာဏ်စွမ်းအားလည်း ရှိဖို့လိုတယ်။ တစ်တိုင်းပြည်လုံးရဲ့ ကိစ္စကို ဆောင်ရွက် ဖြေရှင်းရမယ့် သူဟာ နှလုံးရည် မရှိလို့ မဖြစ်ပါဘူး။

နောက်တစ်ခါ မင်းကြီးက ဆက်လက်ပြီးတော့-

“အမတ်ကြီးတို့ နောက်ထပ် ဘာပြဿနာ ရှိပါ သေးသလဲ”ဆိုတော့

“အရှင်မင်းကြီး ဗိုလ်ခြေတစ်ထောင် အင်အားနဲ့မှ တင်နိုင် ချနိုင်တဲ့ လေးကြီး ဒီနန်းတော်မှာ ရှိပါတယ်။ အဲဒီ လေးကို တစ်ယောက်တည်းအားနဲ့ တင်နိုင် ချနိုင်တဲ့ သူဖြစ်မှ ထီးနန်း အပ်နှင်းပါလို့ မှာထားခဲ့ပါတယ်” လို့ လျှောက်ထားကြပြန်ပါတယ်။ အဲဒီအခါ မဟာဇနက မင်းကြီးက လေးတော်ကို ယူခိုင်းပြီး ရာဇပလ္လင်တော် ပေါ်မှာ နေမြဲတိုင်းနေပြီး လေးညှို့ကို တင်တုံချတုံ လုပ်ပြ လိုက်ပါတယ်။

နောက်တစ်ဖန် အမတ်တွေက ရွှေအိုးကြီး (၃၁) လုံးကို မြှုပ်နှံထားရာ (၁၆)ဌာနကို ထုတ်ဖော်ပြသနိုင်သူကို ထီးနန်းအပ်နှင်းဖို့ မှာထားခဲ့ကြောင်း သံတော်ဦးတင်ပါတယ်။ ဘုရားအလောင်းတော်က ရွှေအိုးထားရာ (၁၆)ဌာနကို အရိပ်အမြွက် မေးကြည့်တော့ အမတ်တွေက နတ်ရွာစံ မင်းတရားကြီး ပြောကြားခဲ့တဲ့အတိုင်း လျှောက်တင်လိုက်ကြပါတယ်။ အဲဒီနေ့ဟာ မိုးချုပ်ခါနီးဖြစ်နေလို့ အလောင်းတော်ဟာ ညဥ့်သုံးယံပတ်လုံး သီဝလိဒေဝီနှင့်အတူ စံပယ်တော်မူပြီး နံနက်မိုးသောက် အလင်းရောက်တော့ မှူးမတ်တွေ အညီအညွတ် ခစားလာစဉ် မဟာဇနကမင်းကြီးက သိလိုသမျှ မေးမြန်း စစ်ဆေးတဲ့အခါ မှူးမတ်တို့က နတ်ရွာစံ မင်းတရားကြီးဟာ နေ့စဉ်နန်းတော်မှာ ပစ္စေကဗုဒ္ဓတို့ကို ဆွမ်းလုပ်ကျွေးကြောင်း လျှောက်ထားကြပါတယ်။

အဲဒီတော့ ဘုရားအလောင်းတော်က "နေဆိုတာ အခြား မဟုတ်ဘူး၊ ပစ္စေကဗုဒ္ဓကို ပြောတာဖြစ်ရမယ်၊ အဲဒီ ပစ္စေကဗုဒ္ဓတို့ ကြွလာတော်မူတဲ့အခါ မင်းကြီးက ထပြီး ခရီးဦးကြိုပြုရာ အရပ်ဟာ နေထွက်ရာအရပ်ဖြစ်တယ်။ အဲဒီအရပ်မှာ ရွှေအိုးတစ်လုံး မြှုပ်ထားတာဖြစ်ရ

မယ်”လို့ ကြံပြီးတော့ “အမတ်ကြီးတို့၊ ပစ္စေကဗုဒ္ဓတို့ နန်းတော် ကြွလာတော်မူတဲ့အခါ နတ်ရွှာစံမင်းတရားကြီးဟာ ဘယ်အရပ်ထိအောင် သွားပြီး ခရီးဦးကြိုပါသလဲ”လို့ မေးပါတယ်။ အမတ်တွေကလည်း ခရီးဦးကြိုပြုရာ အရပ်ကို ပြသလိုက်တဲ့အခါ မင်းတရားကြီးက “နေထွက်ရာ အရပ်ဆိုတာ ဒီနားပဲ၊ ဒီအရပ်မှာ ရွှေအိုးတစ်လုံးရှိတယ်၊ တူးကြစမ်း”လို့ ခိုင်းလိုက်ပါတယ်။

အဲဒီနောက် “ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့ဟာ နန်းတော်ကနေ ဆွမ်းကိစ္စပြီးလို့ ပြန်ကြွလာတဲ့အခါ ဘယ်အရပ် ထိအောင် မင်းတရားကြီးက လိုက်ပို့သလဲ”လို့ မေးပြန်တော့ အမတ်တို့က လိုက်ပို့ရာ အရပ်ကို ပြသလိုက်ပါတယ်။ အဲဒီအခါ မဟာဇနကမင်းကြီးက “အချင်းတို့၊ နေဝင်ရာအရပ်ဆိုတာ ဒီနေရာပဲ၊ ဒီနေရာမှာ ရွှေအိုးတစ်လုံးရှိတယ်၊ တူးကြစမ်း”လို့ ဆိုပြီး ဖော်ထုတ်ခိုင်းပါတယ်။ အဲဒီအခါ အမတ်တွေက “ငါတို့ကတော့ နေထွက်ရာအရပ်၊ နေဝင်ရာအရပ်ဆိုတာ ပကတိ နေမင်းမှတ်ပြီး ဘယ်လိုလုပ်ပြီး ဥဒည်တောင် (နေစထွက်ရာတောင်)၊ အတ္ထင်္ဂမတောင် (နေဝင်ရာတောင်)တို့ကို အရောက် သွားတူးနိုင်မှာလဲလို့ တလွဲတချော် ကြံစည်မိကြတယ်။ ငါတို့

လိုပဲ အယူအဆ လေးနက်မှု မရှိတဲ့သူသာဆိုရင် အရှေ့မျက်နှာ၊ အနောက်မျက်နှာ အရပ်တွေမှာ ရွှေအိုးကို ရှာနေရတာနဲ့ပဲ မြေတစ်ပြင်လုံး အကောင်းရှိမှာ မဟုတ်တော့ဘူး။ ဘုန်းပညာနဲ့ ပြည့်စုံတဲ့ မင်းကြီးဖြစ်လို့သာ လျှို့ဝှက်တဲ့စကားကို ကြားရုံမျှနဲ့ အလွယ်တကူ တူးဖော်နိုင်ပါပေတယ်၊ အံ့ဩစရာ ကောင်းလိုက်တာ”လို့ ချီးကျူးပြောဆိုကြပါတယ်။

နောက်ပြီးတော့ ဘုရားအလောင်းတော်က “အချင်းတို့၊ အတွင်းမှာ တစ်လုံး၊ အပြင်မှာတစ်လုံး၊ အတွင်းအပြင် မဟုတ်ရာမှာ တစ်လုံးဆိုတာ အခြားပြောတာ မဟုတ်ဘူး။ ဒီ နန်းတော် အရှေ့တံခါးမရဲ့ တံခါးခုံအတွင်းမှာ တစ်လုံး၊ တံခါးခုံ အပြင်ဘက်မှာ တစ်လုံး၊ တံခါးခုံရဲ့ အောက်မှာ တစ်လုံး ရှိတယ်လို့ ပြောတာ၊ အခုချက်ချင်း တူးကြစမ်း”လို့ မိန့်ကြားပြီး တူးခိုင်းလိုက်ပါတယ်။ နောက်ထပ်တစ်ဖန် မဟာဇနကမင်းကြီးက-

“မောင်မင်းတို့၊ နတ်ရွာစံမင်းတရားကြီးဟာ မင်္ဂလာဆင်တော်ကို စီးတဲ့အခါ ဘယ်အရပ်မှာ ဆင်းတက်လှေခါး ထားသလဲ၊ ဆင်အထက်ကနေ ဆင်းတဲ့အခါ ဘယ်အရပ်မှာ လှေခါးကို ထားသလဲ”လို့ မေးပါတယ်။ အမတ်

တွေက "အရှင်မင်းကြီး၊ ဒီအရပ်မှာ ဆင်းတက်လှေခါး ထားပြီး၊ ဆင်ပေါ်ကို တက်တော်မူပါတယ်။ ဒီအရပ်မှာ လှေခါးထားပြီး ဆင်ပေါ်ကနေ ဆင်းတော်မူပါတယ်"လို့ လျှောက်ထားကြပါတယ်။ ဘုရားအလောင်းတော်ဟာ အဲဒီလို လျှောက်ထားတဲ့စကားကို ကြားရတော့-

"အချင်းတို့၊ တက်တဲ့နေရာ၊ ဆင်းတဲ့နေရာဆိုတာ အဲဒီ ဆင်ပေါ်တက်တဲ့နေရာ၊ ဆင်ပေါ်ကနေ ဆင်းတဲ့ နေရာကို ပြောတာပဲ။ အဲဒီ နှစ်ဌာနမှာ တူးကြည့်ကြ၊ ရွှေအိုးတစ်လုံးစီ ရှိတယ်"လို့ ဆိုလိုက်ပါတယ်။

အဲဒီနောက် မင်းကြီးဟာ "အချင်းတို့၊ အင်ကြင်း ပင်ကြီး လေးပင်တို့မှာ တစ်လုံးစီ ရှိတယ်ဆိုတာ အခြား မဟုတ်ဘူး။ ဒီ နန်းတော်ရှေ့ အမတ်တို့ စည်းဝေးရာ မြေပြင်မှာ မင်းကြီး လျှောင်းစက် စံပယ်ဖို့ ခင်းထားတဲ့ ကုတင်ညောင်စောင်းတော်ရဲ့ အခြေလေးချောင်းဟာ အင်ကြင်းသားတွေပဲ၊ အဲဒီ ခြေလေးချောင်းတို့ရဲ့ အောက် မှာ ရွှေအိုးတစ်လုံးစီ ရှိတယ်၊ တူးကြည့်ကြ"လို့ မိန့်လိုက် ပါတယ်။ နောက်ထပ်တစ်ဖန် "အချင်းတို့၊ ရှစ်ရပ်ဝန်းကျင် တစ်ယူဇနာအထက်မှာ ရွှေအိုးရှိတယ်ဆိုတဲ့စကားမှာ တစ် ယူဇနာဆိုတာ လေးဂါဝုတ် ပမာဏကို ပြောတာမဟုတ်

ဘူး၊ မြင်းလေးစီး ယှဉ်ကပ်ထားတဲ့ ရထားထမ်းပိုးနဲ့ တစ်ပြန်ကို ဆိုလိုပါတယ်။ အဲဒါကြောင့် မင်းကြီး စက်တော်ခေါ်ရာ ကျက်သရေခန်းကနေ ပတ်ဝန်းကျင် ရထားထမ်းပိုး တစ်ပြန်ခြားရာ ရှစ်မျက်နှာတို့မှာ ရွှေအိုး တစ်လုံးစီရှိတယ်၊ အဲဒါကို တူးကြစမ်း”လို့ ဆိုလိုက်ပါ တယ်။ တူးလိုက်တော့လည်း ရွှေအိုးရှစ်လုံးကို တွေ့ရပါ တယ်။

နောက်တစ်ခါ “အမတ်တို့၊ အစွယ်ဖျားတို့မှာ ရွှေ အိုးရှိတယ်ဆိုတာ အခြားမဟုတ်ဘူး။ မင်္ဂလာဆင်ထားရာ တင်းကုပ်မှာ ဆင်တော် မျက်နှာမူရာ အရပ်မှာ အစွယ် နှစ်ချောင်းတို့ရဲ့ အောက်တည့်တည့်မှာ ရွှေအိုးတစ်လုံးစီ ရှိတယ်လို့ ဆိုလိုတယ်။ အဲဒီ ရွှေအိုး နှစ်လုံးတို့ကို တူးကြ စမ်း”လို့ စေခိုင်းလိုက်ပါတယ်။ နောက်ပြီးတော့ “အမတ် ကြီးတို့၊ ဆင်အမြီးဖျားမှာ တစ်လုံးဆိုတာ အဲဒီ မင်္ဂလာ ဆင်တော်ထားရာ တင်းကုပ်မှာ ဆင်တော်ရဲ့ အမြီးနေရာ အောက်တည့်တည့်မှာ ရွှေအိုးတစ်လုံးရှိတယ်လို့ ပြောတာ ပဲ။ အဲဒီ ရွှေအိုးကိုလည်း တူးကြစမ်း။ ရေထဲမှာ တစ်လုံး ဆိုတာ အခြားရေကို ပြောတာမဟုတ်ဘူး။ မင်္ဂလာ ရေ ကန်တော်ထဲက ရေကိုပြောတာ။ အဲဒါကြောင့် မင်္ဂလာ

ရေကန်တော်ထဲက ရေကို ပြွန်နဲ့ထုတ်ပြီး ရေကန်အလယ်မှာ တူးကြည့်ကြ၊ သစ်ပင်ဖျားဆိုတာ ဥယျာဉ်တော်အတွင်းမှာ မင်္ဂလာပြုရာဖြစ်တဲ့ အင်ကြင်းပင်ကြီးဟာ နွယ်တာလရာသီ (ဝါဆိုလ)ရောက်ရင် နေမွန်းတည့်အခါ ပင်စည်ရဲ့ ထက်ဝန်းကျင်ပတ်လည် အရိပ်ရဲ့ အစွန်ဟာ သစ်ပင်ဖျားပဲ။ အဲဒီ အရိပ်အစွန် ပတ်ဝန်းကျင်အရပ်ရှစ်မျက်နှာမှာ ရွှေအိုးကြီးရှစ်လုံးရှိတယ်။ တူးကြစမ်း”လို့ မိန့်ကြားလိုက်ပါတယ်။

အဲဒီလိုနဲ့ မဟာဇနကမင်းကြီးဟာ (၁၆)ဌာနမှာ ရွှေအိုးကြီး (၃၁)လုံးကို ဖော်ထုတ်ပြသပြီးတော့ အမတ်တို့ကို “မှူးတော်မတ်တော်တို့၊ ဒီအပြင် သင်တို့မင်းကြီးမှာထားခဲ့တာရှိရင် လျှောက်တင်ကြစမ်း”လို့ ဆိုတော့ မှာထားခဲ့တာ နောက်ထပ် မရှိတော့တဲ့အကြောင်း သံတော်ဦး တင်ကြပါတယ်။ မှူးမတ် ပုရောဟိတ်ကစပြီး တိုင်းသူ ပြည်သား လူအများတို့ဟာ မဟာဇနကကမင်းရဲ့ လက်ရုံးရည်အစွမ်း၊ နှလုံးရည်အစွမ်းကို မြင်ရတဲ့အတွက်ကြောင့် အလွန် အားရ ကျေနပ် ဝမ်းမြောက်မှုတွေဖြစ်ကြပါတယ်။ နေပြည်တော်မှာ ငှက်ပျောပင်၊ ကြံပင်၊ တံခွန်၊ ကုက္ကား၊ မုလေးပွားတွေနဲ့ တန်ဆာဆင်ပြီးတော့

ပျော်ပွဲ သဘင်တွေ ခံယူ ပြုလုပ်ကြပါတယ်။ နန်းတော်ရဲ့ ပတ်ဝန်းကျင်မှာလည်း ဆန်းကျယ်တဲ့ အခင်းတွေကို ခင်းပြီး နံ့သာပန်းဆိုင်တွေကို ချိတ်ဆွဲခြင်း၊ ပေါက်ပေါက် ပန်းတို့ကို ကြဲခြင်း၊ စားဖွယ်သောက်ဖွယ်တွေနဲ့ တည်ခင်း ဧည့်ခံမှုတွေ ပြုလုပ်ခြင်း အဲသည်လိုနဲ့ မျိုးမတ် ပုရောဟိတ် တိုင်းသူပြည်သားတို့ဟာ အစွမ်းရှိသလို ဘုရား အလောင်းတော်ကို ပူဇော်မှုတွေ ပြုလုပ်ကြပါတယ်။

✧



# ကျေးဇူးသိလျှင် သူတော်စင်

မဟာဇနကမင်းမြတ်ဟာ သီဝလိဒေဝီကို မိဖုရားခေါင်ကြီးအရာမှာ ထားလိုက်ပါတယ်။ ကာလစမ္ပာနဂိုရ်ပြည်မှာရှိနေတဲ့ မယ်တော်ရယ်၊ ပါမောက္ခဆရာကြီးရဲ့ မိသားစုရယ်ကို မိထိလာနေပြည်တော်အရောက် ခေါ်ဆောင်လိုက်ပါတယ်။ မယ်တော်ကို စည်းစိမ် အခြွေအရံတွေနဲ့အတူ သီးသန့် နန်းဆောင်ပေးပြီး ကိုးကွယ်ထားပါတယ်။ ပါမောက္ခဆရာကြီးကိုတော့ မိထိလာနေပြည်တော်မှာ ပုဏ္ဏားသူကြွယ်စည်းစိမ်ထက် သာလွန်တဲ့ စည်းစိမ်ကို ပေးပြီး ဦးရီးတော် အရာမှာ ထားလိုက်ပါတယ်။ ကျေးရွာ မြို့ခရိုင်တွေလည်း အပိုင်စားပေးပြီး ချီးမြှောက်လိုက်ပါတယ်။ ဒါဟာ ကျေးဇူးကို သိတတ်တဲ့ သဘောပါပဲ။ သူတော်ကောင်းဆိုတာ ကျေးဇူးတရားကို သိတတ်ရပါမယ်။ မဟာဇနကမင်းကတော့ ဘဝများစွာက ဖြည့်ကျင့်

ဆည်းပူးခဲ့တဲ့ ပါရမီအရှိန်တွေကြောင့် သူတော်ကောင်းစိတ်ဓာတ်တွေ အားကြီးနေပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်လည်း ကျေးဇူးတရားကို နားလည်ကြစမ်းပါ။ ကျေးဇူးဆိုတာ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ အလုပ်ရှင်နဲ့ အလုပ်သမား စသည်ဖြင့် အပြန်အလှန် တင်ရှိနေတတ်ပါတယ်။ မြတ်စွာဘုရားက-

ယော ဝေ ကတညူ ကတဝေဒီ ဓီရော၊
ကလျာဏမိတ္တော ဒဠှဘတ္တိ ဟောတိ။
ဒုက္ခိတဿ ကရောတိ သက္ကစ္စံ ကိစ္စံ၊
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ လို့ ဟောတော်မူခဲ့ပါတယ်။

| | |
|---|---|
| ယောဓီရော | = နဂိုမူလ ဓာတ်ခံရသဖြင့် ဘဝနောက်နှောင်း ကောင်းထက်ကောင်းဖို့ လမ်းကြောင်း တီထွင်အကြင်သူတော်စင်သည်၊ |
| ဝေ-ဧကန္တေန | = စင်စစ်ဧကန် အမှန်စိတ်ထား ရိုးဖြောင့်သောအားဖြင့်၊ |
| ကတညူ | = သူတစ်ပါးတို့ ပြုထားအပ်ဖူးမြတ်ကျေးဇူးကို အထူးရှိသ၍ သိလေ့ရှိသည်လည်းကောင်း၊ |

ကတဝေဒီ = သူများပြုအပ် ကျေးဇူးရပ်ကို တတ်သရွေ့ မှတ်သရွေ့ ဆပ်လေ့ ရှိသည်လည်းကောင်း၊

ကလျာဏမိတ္တော = မိကောင်း ဖကောင်း ဆရာကောင်း နှင့် ဖော်ပေါင်းအတိ မိတ်ကောင်း ရှိသည်၊

ဟုတွာ = ဖြစ်၍၊

ဒဠှဘတ္တိ = ထိုမိတ်ကောင်းလည်း အသည်းစွဲ မျှ အမြဲမပြတ် မှီဝဲဆည်းကပ်လေ့ ရှိသည်၊

ဟောတိ = ဖြစ်၏၊

ဒုက္ခိတဿ = မိမိမျက်မှောက် ဒုက္ခရောက်သဖြင့် ပွံ့ထောက်မဲ့ဟူ ဆင်းရဲသူ၏၊

ကိစ္စံ = စားသောက်နေရေး ဆေးဝါးပေး လျက် လုပ်ကျွေးသမှု ကိစ္စစုကို၊

သက္ကစ္စံကရောတိ = ကိုယ်ချင်းစာနာ သနားညာတာလျက် များစွာပုံသေ ပြုစုတတ်ပါပေ၏၊

တထာဝိမံ = သို့ကလိုဂုဏ်အင် စုံလင်ပေသည့် ပညာရှိအပေါင်း သူတော်ကောင်း ကို၊

| | |
|---|---|
| သပ္ပုရိသံ | = ဘဝနောက်နှောင်း ကောင်းထက်ကောင်းဖို့ လမ်းကြောင်းတီထွင် သူတော်စင်ဟူ၍၊ |
| ဝဒန္တိ | = ဘုရားစသား ပုဂ္ဂိုလ်များက လေးစားကြည်ဖြူ ချီးမွမ်းတော်မူကြလေကုန်သတည်း။ |

သာဓု သာဓု သာဓု။

အဲဒါ သူတော်ကောင်းတို့ရဲ့ လက္ခဏာကို ဖော်ပြတဲ့ ဒေသနာတော်ပါ။ လူတစ်ယောက်ဟာ သူတော်ကောင်း ဟုတ်မဟုတ်ကို သိချင်ရင် ဒီလက္ခဏာတွေနဲ့ မှတ်ကျောက်တင်ကြည့်ပေါ့။ မိမိကိုယ်တိုင်လည်း သူတော်ကောင်း ဟုတ်မဟုတ် သိချင်ရင် ဒီလက္ခဏာတွေနဲ့ပဲ မှတ်ကျောက်တင်ကြည့်ရမှာပါ။

၁။ ကိုယ့်အပေါ်မှာ တင်ရှိနေတဲ့ သူတစ်ပါးတို့ရဲ့ ကျေးဇူးကို သိတတ်ရမယ်။

၂။ သူ့ကျေးဇူးကို သိပြီးရင် စွမ်းနိုင်သမျှ ပေးဆပ်ရမယ်။

၃။ မိကောင်းဖခင် ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းကို ဆည်းကပ်ရမယ်။

၄။ မိမိမျက်မှောက်မှာ တွေ့မြင်နေရတဲ့ စားဝတ်နေရေး ကျန်းမာရေး ချို့တဲ့ပြီး ဆင်းရဲဒုက္ခ တွေ့နေတဲ့ သူကို သနားညှာတာပြီး လိုအပ်တဲ့ အကူအညီ ပေးနိုင်ရမယ်။

အဲဒီလို လက္ခဏာတွေနဲ့ ပြည့်စုံရင် ဘုရား အစရှိတဲ့ ပုဂ္ဂိုလ်များက သူတော်ကောင်းလို့ အမြတ်တနိုး ခေါ်ဆို သမုတ်ကြပါတယ်။ ဒါကြောင့် ကျေးဇူးသိတတ်ခြင်း ကျေးဇူးကို ပေးဆပ်ခြင်းဟာ သူတော်ကောင်းတို့ရဲ့ အလုပ်၊ မြတ်စွာဘုရား ချီးမွမ်းတဲ့အလုပ်ဆိုတာ နားလည်ပြီး ယောဂီတို့တစ်တွေဟာလည်း သူတစ်ဖက်သားရဲ့ ကျေးဇူးကို မမေ့လိုက်ကြပါနဲ့။

✧



# ကပ်ငြိတဏှာ ကြောက်စရာ

မဟာဇနကမင်းဟာ တစ်နေ့မှာတော့ "ငါတို့ရဲ့ ဘိုးတော် ခမည်းတော် ဘထွေးတော်တို့ဟာ ပစ္စည်းဥစ္စာတွေကို ရအောင် ရှာဖွေထားကြပြီးတော့ ကိုယ့်နောက်ပါအောင် ယူမသွားကြဘဲ ငါ့အတွက် ထားပစ်ခဲ့ကြတယ်။ ငါ့ဘထွေးတော်ဟာလည်း ရွှေအိုးကြီး ၃၁ လုံးတောင် ထားပစ်ခဲ့တယ်။ ငါ့မှာတော့ ဒီပစ္စည်းတွေကို သုံးစွဲလို့တောင် မကုန်ဖြစ်နေတယ်။ ဒီဥစ္စာတွေကို ငါ သွားလေရာပါအောင် လုပ်ဆောင်မှ ဖြစ်မယ်"လို့ ကြံစည်ပြီး မြို့တံခါးလေးမျက်နှာရယ်၊ မြို့အလယ်ခေါင်ရယ် ဒီ ငါးဌာနမှာ အလှူဇရပ် ငါးဆောင် ဆောက်လုပ်ပြီးတော့ နေ့စဉ်အကြီးအကျယ် ပေးလှူနေပါတယ်။ ကိုယ့်ပစ္စည်းပင်ဖြစ်သော်လည်း ယူတတ်မှ ကိုယ့်နောက် ပါမှာပါ။ မယူတတ်ရင် ထားပစ်ခဲ့ရပါတယ်။ ထားပစ်ခဲ့ရရုံသာ



# စိတ်တော်ရွှင်မြူး ဥဒါန်းကျူး

အလောင်းတော် မဟာဇနကမင်းဟာ ထီးဖြူတော်အောက် ရာဇပလ္လင်ပေါ်မှာ မှူးမတ်တွေ အခြံအရံနဲ့ ထိုင်ပြီးတော့ မိမိရဲ့ လက်ရှိ ခံစားနေရတဲ့ စည်းစိမ်တော်ကို ကြည့်ရှုရင်း တစ်ချိန်က မဟာသမုဒ္ဒရာထဲမှာ ဆင်းရဲဒုက္ခ ကြုံတွေ့ခဲ့ရပုံကို ပြန်ပြောင်း အောက်မေ့အမှတ်ရလာပါတယ်။ "ငါဟာ မဟာသမုဒ္ဒရာထဲမှာ နစ်မျောခဲ့စဉ်က အခြားကုန်သည်တွေလို စိတ်ပျော့ပြီး လုံ့လဝီရိယနဲ့ မကူးဘူးဆိုရင် ငါ့မိခင်နှင့်လည်း ပြန်တွေ့ရမှာမဟုတ်ဘူး၊ ဒီလို မင်းစည်းစိမ်ကိုလည်း ခံစားရမှာ မဟုတ်ဘူး၊ ငါးစာ လိပ်စာ မိကျောင်းစာ ဖြစ်ရမှာ သေချာပါတယ်။ အခုတော့ ငါ့ရဲ့ လုံ့လဝီရိယ အာနုဘော်ကြောင့် ငါလိုလားတဲ့ မင်းစည်းစိမ်ကိုလည်း ရခဲ့ပြီ။ ငါ့မိခင်ကိုလည်း ပြန်တွေ့ရပြီ၊ ဒါကြောင့် လုံ့လဝီရိယဆိုတာ

တကယ် ရှိသင့်တဲ့အရာပဲလို့ ဆင်ခြင်ပြီး ပီတိတွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့တယ်။ လူသားတွေဟာ ကိုယ် ပင်ပန်းကြီးစွာ၊ ခက်ခဲမှုများစွာနဲ့ ရင်းပြီး ရလာတဲ့ စည်းစိမ်တွေကို သိပ် တန်ဖိုးထားတတ်တယ်၊ မြတ်နိုးတတ်တယ်၊ ဒါဟာ ဓမ္မတာသဘောပါပဲ၊ မဟာဇနကမင်းလည်း ဝမ်းမြောက်လွန်းတာကြောင့် စိတ်ထဲမှာ မထိန်းနိုင်တော့ဘဲ နှုတ်က ထုတ်ပြီး ဥဒါန်းကျူးလိုက်ပါတယ်။ သူကျူးရင့်ပုံကတော့-

၁။ အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟမတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟုံ။

၂။ အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟမတ္တာနံ၊ ဥဒကာ ထလမုဗ္ဘတံ။

၃။ ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟမတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟုံ။

၄။ ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟမတ္တာနံ၊ ဥဒကာ ထလမုဗ္ဘတံ။

၅။ ဒုက္ခူပနီတော ပိ နရော သပညော၊
အာသံ န ဆိန္ဒေယျ သုခါဂမာယ။
ဗဟူဟိ ဖဿာ အဟိတာ ဟိတာ စ၊
အဝိတက္ကိတာ မစ္စု မုပ္ပဇ္ဇန္တိ။

၆။ အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ။
န ဟိ စိန္တာ မယာ ဘောဂါ၊ ဣတ္ထိယာ ပုရိသဿ ဝါ။

## အနက်နှင့်အဓိပ္ပာယ်

၁။ ဘောန္တော-အို . . မျူးတော်မတ်တော်တို့၊ ပဏ္ဍိတော-ကျိုးကြောင်းမြင်သိ ပညာရှိသော၊ ပုရိသော-အမျိုးကောင်းသား မင်းယောကျ်ားသည်၊ အသီသေထေဝ-မြင့်မြတ်သော တောင့်တခြင်းကို ပြုရာသည်သာတည်း၊ နနိဗ္ဗိန္ဒေယျ-မပျင်းမရိ မငြီးမငွေ့ရာ၊ အဟံ-ငါသည်၊ အတ္တာနံ-မိမိကိုယ်ကို၊ ပဿာမိ-မြင်၏။ အဟံ-ငါ မဟာဇနကမင်းသည်၊ ယထာဣစ္ဆိ-အကြင်မင်းအဖြစ်ကို အလိုရှိ၏။ တထာ-ထိုအလိုတော် ရှိသည့်အတိုင်း၊ အဟုံ-ဖြစ်ရလေပြီ။

၂။ ဘောန္တော-အို . . မျူးတော်မတ်တော်တို့၊ ပဏ္ဍိတော-ကျိုးကြောင်းမြင်သိ ပညာရှိသော၊ ပုရိသော-အမျိုးကောင်းသား မင်းယောကျ်ားသည်၊ အာသီသေထေဝ-မြတ်သော တောင့်တခြင်းကို ပြုရသည်သာတည်း၊ နနိဗ္ဗိန္ဒေယျ- မပျင်းမရိ မငြီးမငွေ့ရာ၊ ဥဒကာ-ရေပြင်မှ၊ ထလံ-ကြည်းကုန်းသို့၊ ဥဗ္ဘတံ-ကူးတက်ခဲ့ပြီးသော၊ အတ္တာနံ-မိမိကိုယ်ကို၊ ပဿာမိ-မျက်ဝါးထင်ထင် တွေ့မြင်ရပေ၏။

၃။ ဘောန္တော-အို. . . မျိုးတော်မတ်တော် အပေါင်းတို့၊ ပဏ္ဍိတော -ကျိုးကြောင်းမြင်သိ ပညာရှိသော၊ ပုရိသော-အမျိုးကောင်းသား ယောကျာ်းသည်၊ ဝါယမေထေဝ-လုံ့လပြုရာသည်သာတည်း၊ နနိဗ္ဗိန္ဒေယျ-မပျင်းမရိ မငြီးမငွေ့ရာ၊ အဟံ-ငါသည်၊ အတ္တာနံ-မိမိကိုယ်ကို၊ ပဿာမိ-ရှုမြင် ရပေ၏၊ အဟံ-ငါသည်၊ ယထာဣစ္ဆိ-အကြင်ဝတ္ထုကို အလိုရှိ၏၊ တထာ-ထိုအလိုရှိတိုင်း၊ အဟုံဖြစ်ရလေပြီ၊

၄။ ဘောန္တော-အို. . . မျိုးတော်မတ်တော် အပေါင်းတို့၊ ပဏ္ဍိတော-ကျိုးကြောင်းမြင်သိ ပညာရှိသော၊ ပုရိသော-အမျိုးကောင်းသား မင်းယောကျာ်းသည်၊ ဝါယမေထေဝ-လုံ့လပြုရာသည်သာတည်း၊ နနိဗ္ဗိန္ဒေယျ-မငြီးမငွေ့ရာ၊ ဥဒကာ-ရေပြင်မှ၊ ထလံ-ကြည်းကုန်းပေါ်သို့၊ ဥဗ္ဘတံ-ကူးတက်လာခဲ့ပြီးသော၊ အတ္တာနံ-မိမိကိုယ်ကို၊ အဟံ-ငါသည်၊ ပဿာမိ-မြင်ရလေပြီ။

(မျိုးတော်မတ်တော်တို့၊ ကျိုးကြောင်းမြင်သိ ပညာရှိတဲ့ ယောကျာ်းမည်သည် မပျင်းမရိဘဲ ကိုယ် လိုလားတောင့်တတဲ့ အကျိုးကို ပြီးမြောက်ဖို့ရာ ကြိုးစား အားထုတ်ရတယ်။ လုံ့လရှိမှ ကိုယ်လိုတဲ့အကျိုး ပြီးစီးမှာဖြစ်တယ်။

ကမ်းမမြင် လမ်းမမြင် မဟာသမုဒ္ဒရာမှာ နစ်မွန်းရပါလျက် လိုအပ်တဲ့အကျိုး ပြီးမြောက်ဖို့ လုံ့လပြု အားထုတ်လိုက်တဲ့အတွက်ကြောင့် မဟာသမုဒ္ဒရာကနေ မိထိလာမြို့ကို ကူးမြောက်ပြီး တောင့်တတဲ့အကျိုး ပြီးစီးတဲ့ ငါ့ကိုပဲ ~~ဆက်သေ~~ထားပြီး ပြောဆိုနေတာပါ။)

၅။ ဘောန္တော အို. . . မျိုးတော်မတ်တော် အပေါင်းတို့၊ သပညော-ပညာရှိသော၊ နရော-လူသားသည်၊ ဒုက္ခောပနီတောပိ-ဆင်းရဲခြင်းသို့ ရောက်ရသော်လည်း၊ သုခဂ္ဂမာယ-ချမ်းသာသို့ ရောက်စိမ့်သောငှာ၊ အာသံ-မြတ်သော တောင့်တခြင်းကို၊ နဆိန္ဒေယျ-မဖြတ်ရာ၊ အဟိတာ ဟိတာစ ဖဿာ-ဆင်းရဲတွေ့ခြင်း ချမ်းသာတွေ့ခြင်းတို့သည်၊ ဗဟူဟိ-ဗဟူဧဝ များလှကုန်သည်သာတည်း၊ ဣတိ-ဤသို့၊ အဝိတက္ကိတာ-ကြံစည်လေ့ မရှိကုန်သောသူတို့သည်၊ မစ္စုံ-ဆုံးရှုံးပျက်စီးခြင်းသို့၊ ဥပ္ပဇ္ဇန္တိ-ကပ်ရောက်ကြရကုန်၏။

(မျိုးတော်မတ်တော်တို့ ကျိုးကြောင်းမြင်သိ ပညာရှိတဲ့ ယောက်ျားဟာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းနဲ့ တွေ့ကြုံရသော်လည်း 'ငါ့မှာ ဆင်းရဲခြင်းသာ ဖြစ်ခွင့်ရှိတာမဟုတ်ဘူး။ ကောင်းကောင်းမွန်မွန် အားထုတ်လိုက်ရင်

ချမ်းသာမှုဆိုတာလည်း ဖြစ်လာဦးမှာပဲ'လို့ နားလည်ပြီး လုံ့လကို မလျှော့ဘဲ ဆင်းရဲမှုကို သည်းခံလို့ အားထုတ်မှု ဝီရိယ ရှိရမယ်။ အဲဒီလို ပညာရှိတဲ့သူဟာ ငါ့လိုပဲ တောင့်တတိုင်း အကျိုးပြီးစီးလို့မ်မယ်။)

(ဉာဏ်ပညာ နည်းပါးပြီး ပျင်းရိနေမယ်ဆိုရင် အဲဒီသူဟာ စိတ်ဆင်းရဲစရာ ကိုယ်ဆင်းရဲစရာတွေနဲ့ ကြုံလာရင် ငါ့မှာ ချမ်းသာမှု ရမှာမဟုတ်တော့ပါဘူးလို့ တွေးပြီး ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်ဆိုတဲ့ လောကသဘောကို မဆင်ခြင်နိုင်တော့ဘဲ လုံ့လဝီရိယ လျှော့ချလိုက်တတ်တယ်။ အဲဒီလို လုံ့လဝီရိယ မရှိဘဲ ပျင်းရိတဲ့သူဟာ မဟာသမုဒ္ဒရာရဲ့ အလယ်မှာ ငါးလိပ်တို့ရဲ့အစာ ဖြစ်ခဲ့ရတဲ့ သင်္ဘောသား ခုနစ်ရာတို့လို ဆန္ဒမပြည့်ဝတဲ့အပြင် ဆင်းရဲဒုက္ခမှလည်း လွတ်မြောက်မှာ မဟုတ်ပါဘူး။)

၆။ ဘောန္တော-အို . . မျိုးတော်မတ်တော် အပေါင်းတို့၊ အစိန္တိတမ္ပိ-မကြံစည်ဘဲလည်း၊ ဘဝတိ-ဖြစ်တတ် သေး၏၊ စိန္တိတမ္ပိ-ကြံစည်ပါသော်လည်း၊ ဝိနဿတိ-ပျက်စီးတတ်သေး၏၊ ဟိ-သစ္စံ- ထိုစကား မှန်၏၊ ဣတ္ထိယာ ဝါ-မိန်းမအားလည်းကောင်း၊ ပုရိသဿဝါ-ယောက်ျားအားလည်းကောင်း၊ ဘောဂါ-စည်းစိမ်တို့သည်၊ စိန္တာမယာ-ကြံစည်တိုင်း ပြီးစီးကုန်သည်၊ နဘဝန္တိ-မဖြစ်နိုင်ကုန်။

(မှူးတော်မတ်တော်တို့၊ ဒီလောကမှာ လူတို့ရဲ့ ဆန္ဒဟာ ကြံစည်ပါလျက်နဲ့လည်း ပျက်စီးတတ်သေးတယ်၊ မကြံစည်ဘဲနဲ့လည်း ဖြစ်တတ်သေးတယ်။ ငါ့မှာ ဖုဿရထား ဆိုက်ပြီး မင်းစည်းစိမ်ကို အလွယ်တကူ ရလိမ့်မယ်လို့ နည်းနည်းကလေးမှ အကြံအစည် မရှိခဲ့ဘူး။ သုဝဏ္ဏဘူမိကို သွားပြီး အရောင်းအဝယ်ပြုလုပ်လို့ ငွေကြေးလက်နက် စုဆောင်းပြီးမှ အလုံးအရင်းနဲ့ ချီတက်ပြီး တိုက်ခိုက်လို့ ငါ့ခမည်းတော်ရဲ့ ထီးမွေနန်းမွေကို သိမ်းပိုက်မယ်လို့ပဲ ကြံစည်ခဲ့တာပါ။ အဲဒီ အကြံအစည်ဟာ ပျက်စီးပြီးတော့ တကယ်စင်စစ် စိတ်မကြံဘဲနဲ့ ပင်လယ်ထဲ နစ်မျောရာက နတ်သမီး ဆောင်ပို့တဲ့အတွက်ကြောင့် ဥယျာဉ်တော်အတွင်း ကျောက်ဖျာပေါ်မှာ လျောင်းစက်နေစဉ် ဖုဿရထား ဆိုက်ရောက်လာခဲ့တယ်။ အဲဒီနောက် ခဏချင်းပဲ မင်းအဖြစ်ကို ရခဲ့တယ်။ ငါသာမဟုတ်၊ ဒီလောကမှာ ဘယ်သူမဆို မင်း၊ မိဖုရား၊ သူကြွယ် သူဌေးအဖြစ်ကို ရချင်သူတွေဟာ အသီးသီး ကြံစည်ကြတယ်။ ကြံပင် ကြံသော်လည်း ပြီးမြောက်ဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့် လုံ့လဝီရိယကို ကောင်းကောင်းမွန်မွန် အားထုတ်သင့်ပါတယ်။)

မဟာဇနကမင်းအနေနဲ့ မင်းဖြစ်ထိုက်တဲ့ ဘုန်းကံကတော့ ရှိပြီးသားပါ။ အဲဒီလို ဘုန်းကံရှိပြီးတော့-

၁။ မျက်စိ နား နှာခေါင်း အစရှိတဲ့ ကိုယ်အင်္ဂါကြီးငယ် မချို့တဲ့ခြင်းဆိုတဲ့ ဥပဓိသမ္ပတ္တိ။

၂။ မင်းဖြစ်ဖို့ရာ ကောင်းကောင်းမွန်မွန် အားထုတ်ခြင်း လုံ့လ ဝီရိယနဲ့ ပြည့်စုံခြင်းဆိုတဲ့ ပယောဂသမ္ပတ္တိ။

၃။ ဖုသ္သရထား ဆိုက်ရောက်ခြင်းမှာ ထိုက်တဲ့အရပ်နဲ့ ပြည့်စုံခြင်းဆိုတဲ့ ဒေသသမ္ပတ္တိ။

၄။ အဲဒီ မိထိလာနေပြည်တော်မှာ မင်းမရှိလို့ မင်းအဖြစ်ကို တောင့်တ မျှော်လင့်ရတဲ့အခါနဲ့ ကြုံကြိုက်ခြင်း ဆိုတဲ့ ကာလသမ္ပတ္တိ၊

အဲဒီလို သမ္ပတ္တိလေးပါးနဲ့ ပြည့်စုံနေတဲ့ အတွက်ကြောင့် တောင့်တသလို မင်းအဖြစ်ကို ရခဲ့ပါတယ်။ အဲဒါကြောင့် ကုသိုလ်ကံများစွာ ရှိပင်ရှိသော်လည်း သမ္ပတ္တိလေးပါး မရှိရင် ကုသိုလ်ကံဟာ အစွမ်းရှိသလောက် ကြီးမားတဲ့အကျိုးကို မပေးနိုင်ပါဘူး။ အတိတ်က ကုသိုလ်ကံ ရှိသော်လည်း ရှင်ဘုရင်ရဲ့သား ဖြစ်ပင်ဖြစ်သော်လည်း မျက်စိကန်းနေတယ်၊ နားထိုင်းနေတယ်၊ လက်ခြေ ကျိုးပဲ့နေတယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ဥပဓိသမ္ပတ္တိချို့တဲ့မှုကြောင့် ရှင်ဘုရင် မဖြစ်နိုင်ပါဘူး။ ကိုယ်အင်္ဂါ

ကြီးငယ် ပြည့်စုံသော်လည်း မင်းဖြစ်ဖို့ရာ လက်ရုံးရည် နှလုံးရည်နဲ့ အားထုတ်မှုမရှိဘဲ အင်အားချိနဲ့နေရင်၊ အသိ ဉာဏ် ခေါင်းပါးနေရင်၊ အုပ်ချုပ်ရေးပညာ မရှိရင်လည်း မင်းဖြစ်လာမှာ မဟုတ်ပါဘူး။ သူဌေးဖြစ်ဖို့ အကြောင်းကံ ရှိသော်လည်း ကိုယ်တိုင် သတိပညာနဲ့ ယှဉ်ပြီး ကြိုးစား အားထုတ်မှု မရှိရင်လည်း သူဌေး မဖြစ်နိုင်ပါဘူး။

မင်းဖြစ်ထိုက်တဲ့ ကံပင် ရှိသော်လည်း ဖုသရထား မဆိုက်ရောက်လာနိုင်တဲ့ တောကြိုတောင်ကြားမှာ ရောက်ပြီး နေရရင်လည်း မင်းမဖြစ်နိုင်ပါဘူး။ လျှမ်းလျှမ်း တောက် ကြွယ်ဝတဲ့ သူဌေးကြီး ဖြစ်နိုင်တဲ့ကံ၊ သိန်း ထောင်ကျော်တန် ကားကြီး စီးနိုင်တဲ့ကံ ရှိသော်လည်း ဆက်သွယ်ရေး ကူးသန်းရောင်းဝယ်ရေး မလွယ်ကူတဲ့ နေရာမှာ ကားလမ်းမရှိတဲ့နေရာမှာ သွားပြီး နေရရင်လည်း ဘယ်မှာ သွားပြီး သူဌေးဖြစ်နိုင်မှာလဲ။ ကားလမ်း မရှိတဲ့ နေရာ ဆိုတော့ ကားလည်း ဘယ်လို သွားစီးလို့ ရမှာလဲ။ ဆင်းရဲ မွဲတေပြီး တစ်နေ့စာကို တစ်နေ့ အနိုင်နိုင် ပင်ပန်း ကြီးစွာ ရှာဖွေ စားနေရတဲ့ ဆင်းရဲသားရွာမှာ တန်ဖိုးကြီး လှတဲ့ ရွှေငွေ ကျောက်သံပတ္တမြားတွေ သွားရောင်းရင် ဝယ်မယ့်သူ ရှိမှာ မဟုတ်ပါဘူး။ ဒါဟာ ဒေသသမ္ပတ္တိ

ချွတ်ယွင်း နေလို့ပါ။ မင်းဖြစ်ထိုက်တဲ့ လက်ရုံးရည် နှလုံးရည်ပြည့်စုံတဲ့ အခြားတစ်ယောက်က မင်းအဖြစ်နဲ့ စိုးစံနေစဉ် ကာလမှာ ဆိုရင်လည်း မိမိအနေနဲ့ မင်းဖြစ်ခွင့် ရမှာမဟုတ်ပါဘူး။ သို့မဟုတ် မိမိက အရွယ် အင်မတန် ငယ်လှတဲ့ ကလေးဘဝ ရောက်နေရင်လည်း မင်းမဖြစ်နိုင် ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ကာလသမ္ပတ္တိ ချို့တဲ့ နေလို့ပါ။

✧



# မင်းကျင့်တရား အလေးထား

မဟာဇနကမင်းကြီးဟာ မင်းစည်းစိမ်ကို အနှစ်ခုနစ်ထောင် ကာလပတ်လုံး ခံစားပြီးတော့ နေစဉ် မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါး၊ နာယကဂုဏ်ခြောက်ပါးတို့ကို မပျက်ကွက်စေရဘဲ တိုင်းပြည်ကို အုပ်ချုပ်နေပါတယ်။ မင်းကျင့်တရား ဆယ်ပါးဆိုတာဟာ-

၁။ ဒါန၊

၂။ သီလ၊

၃။ စွန့်ကြဲမှု စာဂ၊

၄။ ဖြောင့်မတ်မှု ဥဇု၊

၅။ နူးညံ့မှု မုဒ္ဒ၊

၆။ ခြိုးခြံပြီး ကျင့်မှု တပ၊

၇။ ဒေါသအမျက် မကြီးမှု အက္ကောဓ၊

၈။ မညှင်းဆဲမှု အဝိဟိံသ၊

၉။ သည်းခံမှု ခန္တီ၊

၁၀။ တိုင်းသူပြည်သားတို့နဲ့ မဆန့်ကျင်မှု အဝိရောဓနေ၊

အဲဒါဟာ မင်းကျင့်တရား ဆယ်ပါးပါပဲ။ ဒါန ဆိုတာကတော့ တရားနာ ပရိသတ်များ သိပြီးသားပါ၊ အလှူပေးတာကို ခေါ်တာပါပဲ။ ရှေးက သူတော်ကောင်း တွေရဲ့ အလှူမှာတော့ စီးပွားရေးကိစ္စမရှိ၊ အပိုဝင်ငွေ ဘာမှ မရှိကြတဲ့ တရားကျင့်ကြံနေကြတဲ့ ရသေ့ ရဟန်း တွေ၊ ခရီးသွားရင်း လမ်းစရိတ်ကုန်လို့ စားစရာ သောက် စရာ မရှိသူတွေ၊ ဆွမ်းခံကြွရင်း အလှူမဏ္ဍပ်နား ရောက် လာတဲ့ ရသေ့ရဟန်းတွေ၊ မွဲတေပြီး အိမ်ခြေရာခြေ မရှိတဲ့ ဆင်းရဲသားတွေ၊ အနာရောဂါ စွဲကပ်လို့ လုပ်ကိုင်မစား နိုင်တဲ့သူတွေ လာရောက် အလှူခံစားကြတာ များပါ တယ်။ အလှူရှင်ကလည်း ဂုဏ်ပကာသနတွေ မမက်မော ဘူးပေါ့။ ကုသိုလ်သန့်သန့် လိုချင်လို့ လှူဒါန်းကြတာပါ။

ဂုဏ်ပကာသန မက်မောပြီး ကိုယ့်ပတ်ဝန်းကျင် အဆင်ပြေရာ အသိုင်းအဝိုင်းလောက်ကို ကွက်ပြီးဖိတ်၊ ကိုယ်နဲ့ ဆွေမျိုးမကင်းတဲ့ ဆရာတော်တွေကိုပင့်၊ ရင်းနှီး ရာ ဆရာတော်တွေကို မကောင်းတတ်လို့ ပင့်ပြီး ကျွေးမွေး တဲ့ အလှူမျိုးဟာ စေတနာ မသန့်ရှင်းပါဘူး။ ဂုဏ်ပကာ

သန မက်မောပြီး လှူတဲ့သူဟာ သူ့အလှူမှာ ဆင်းရဲသား တွေ လာရောက်ရင် သိပ် မကျေနပ်တော့ပါဘူး။ အဲဒီလို စေတနာ မသန့်ရှင်းရင် အကျိုးပေးလည်း မသန့်ရှင်းပါ ဘူး။ မဟာဇနကမင်းကြီးကတော့ ပစ္စေကဗုဒ္ဓ အရှင်မြတ် တွေကို နေ့စဉ် နန်းတော်မှာ ဆွမ်းဆက်ကပ် လှူဒါန်းပါ တယ်။ မြို့တံခါးလေးခုနဲ့ မြို့လယ်ခေါင်မှာ အလှူ မဏ္ဍပ်ကြီး ငါးခု ပြုလုပ်ထားပြီး နေ့စဉ် အလှူပေးနေပါ သေးတယ်။

အလောင်းတော်ဟာ နေ့စဉ် ငါးပါးသီလကိုလည်း စောင့်ထိန်းပါတယ်။ ရံခါ ရှစ်ပါးသီလ၊ ဆယ်ပါး သီလတို့ကိုလည်း တတ်နိုင်သလို ကျင့်သုံးနေပါတယ်။

ရိုးရိုး ပေးလှူတဲ့ အလှူဒါနသာ မဟုတ်သေးဘူး။ ဆင်းရဲမွဲတေနေတဲ့ သူတွေကိုလည်း စွန့်ကြဲမှု ပြုပါသေး တယ်။ အဝတ်အစား နွမ်းပါးတဲ့သူကို အဝတ်အစား ပေး စွန့်ပါတယ်။ နေစရာ အိမ်မရှိသူကို နေစရာ ရရှိအောင် ဆောင်ရွက်ပေးပါတယ်။ ဒါကို ပရိစ္စာဂတရားလို့ ခေါ်ပါ တယ်။

ရိုးသား ဖြောင့်မတ်မှု ဉဇုတရားကိုလည်း အလောင်း တော်က ကျင့်သုံးပါတယ်။ ဟန်ဆောင် ကြွားဝါမှု လိမ်ညာ

ကောက်ကျစ်မှုတွေ ကင်းရှင်းပါတယ်။ ကိုယ့်မှာ အပြစ်ရှိပါလျက်နဲ့ အပြစ်မရှိတဲ့ သူတော်ကောင်းကြီးလို ဟန်ဆောင်တာမျိုးတွေ၊ ကိုယ့်မှာ စည်းစိမ်ဥစ္စာ ပညာ အရည်အချင်း မရှိပါဘဲ ရှိလေရောင် ဟန်ဆောင်ပြီး ကောက်ကျစ်တဲ့ စိတ်ထားနဲ့ ကြွားဝါတာမျိုးတွေလည်း ကင်းပါတယ်။

မဒ္ဒဝလို့ ခေါ်တဲ့ နူးညံ့ သိမ်မွေ့မှုနဲ့လည်း ပြည့်စုံတယ်။ ပြောဆိုတဲ့ နေရာမှာလည်း နူးနူးညံ့ညံ့ ပျော့ပျော့ပြောင်းပြောင်းပဲ၊ ငေါက်ငမ်းမှု မရှိပါဘူး။ ကြမ်းတမ်းခက်ထန်တဲ့ စကားတွေကိုလည်း မသုံးပါဘူး။ ကိုယ်အမူအရာကလည်း သိမ်သိမ်မွေ့မွေ့ပါပဲ။ အခြေခံ စိတ်ဓာတ်ကလည်း သိမ်မွေ့ပြီးနေပါတယ်။

ခြိုးခြိုးခြံခြံကျင့်မှု တပတရားလည်း ရှိတယ်။ ဝတ်တာ စားတာ နေတာထိုင်တာ ကြွားဝါမှု မရှိပါဘူး။ လောကီ အာရုံတွေနဲ့ ပျော်ပါးတဲ့ အချိန်တွေထဲက ရသမျှအချိန်ကလေးကို ခြိုးခြံပြီး ဥပုသ်သီတင်းတွေ စောင့်တယ်။ သူတော်ကောင်းတွေကို သွားရောက် ဖူးမြော်ပြီး အဆုံးအမ ခံယူပါတယ်။

ဒေါသတရားကို ချုပ်တည်းပါတယ်၊ ဒေါသရှေ့ထားပြီး ပြုမှု ပြောဆိုမှုတွေလည်း မရှိပါဘူး။ ဆောင့်ကြီး အောင့်

ကြီးနဲ့ သွားလာ နေထိုင်တယ်ဆိုတာလည်း ကင်းရှင်းတယ်။ ကရုဏာတရား ပွားပြီး နေပါတယ်။ အဲဒီလို ကျင့်သုံးတာကို အဝိဟိံသတရား ရှိတယ်လို့ ခေါ်ပါတယ်။

သည်းခံခြင်း ခန္တီတရားလည်း ရှိပါတယ်။ ကိုယ့်အောက် အရာရှိ အရာခံ အစေအပါး စသည်ဖြင့် ဘယ်သူ့ကိုမဆို နည်းနည်းပါးပါး မှားယွင်းတဲ့အခါ၊ တိုင်းသူပြည်သားတွေ မှားယွင်းတဲ့အခါ၊ သည်းခံပြီးတော့ နောက်နောင် အမှားမဖြစ်ရအောင် သတိနဲ့ စောင့်စည်းနေဖို့ ဆုံးမပါတယ်။

တိုင်းသူပြည်သားများနဲ့ မဆန့်ကျင်ဘူးဆိုတဲ့ 'အဝိရောဓနေ'တရားလည်း ရှိရပါတယ်။ တိုင်းသူပြည်သားတွေရဲ့ တရားနည်းလမ်း မှန်ကန်တဲ့ တောင်းဆိုမှုတွေကို လိုက်လျောရမယ်လို့ ဆိုလိုပါတယ်။ ရှင်ဘုရင်ဟာ ကိုယ့်သဘောနဲ့ကိုယ် ဥပဒေမပြဋ္ဌာန်းဘဲ တိုင်းသူပြည်သားများရဲ့ ဆန္ဒနဲ့ညီတဲ့ ဥပဒေကို ပြဋ္ဌာန်းပြီး အုပ်ချုပ်ရမယ်လို့ ပြောတာပါ။ ပြစ်မှုကျူးလွန်တဲ့ သူတွေကိုလည်း ကိုယ့်သဘောအတိုင်း ထင်သလို အရေးမယူဘဲ ဥပဒေနဲ့အညီ အရေးယူ ဆောင်ရွက်ရပါတယ်။

အခု ဖော်ပြခဲ့တဲ့ မင်းကျင့်တရား ဆယ်ပါးကို မဟာဇနကမင်းက ကျင့်သုံးပြီးတော့ နေပါတယ်။

သင်္ဂဟတရားလေးပါး ဆိုတာကတော့-

၁။ သသ္သမေဓ = တိုင်းသူပြည်သားတွေထံက အခွန်ကောက်တဲ့အခါ သူတို့ ရရှိတဲ့ လယ်ယာထွက်ကုန်တွေ၊ အရောင်းအဝယ်က ရတဲ့ အမြတ်အစွန်းတွေထဲက ဆယ်ပုံပုံရင် တစ်ပုံပဲ ကောက်ခံပါတယ်။

၂။ ပုရိသမေဓ = အမှုထမ်း အရာရှိတွေကို ပေးကမ်းစရာရှိရင် ကြည်ကြည်ဖြူဖြူနဲ့ ပေးကမ်းပါတယ်။ ပေးရိုးပေးစဉ် လစာရိက္ခာအပြင် တော်တဲ့သူကို တော်သလို ချီးမြှောက်တယ်လို့ ဆိုပါတယ်။ ဒါဟာ အရေးကြီးပါတယ်။ တော်တဲ့သူကို တော်သလို မချီးမြှောက်ရင် အဲဒီအမှုထမ်းဟာ လုပ်ငန်းမှာ စိတ်မပါတော့ဘဲ ဝတ်ကျေတန်းကျေလောက်ပဲ လုပ်တော့တယ်။ လုပ်ငန်း တိုးတက်မှုမရှိပါဘူး။ တော်တဲ့သူနဲ့ ညံ့တဲ့သူကို တန်းတူထားပြီး မချီးမြှောက်သင့်ပါဘူး။

၃။ ဝါစာပေယျ = မိမိစကားကို ကြားရတဲ့သူတွေ စိတ်ချမ်းသာအောင် ပြောတတ်ရတယ်။ နားဝင်အောင် ပြောတတ်ရတယ်။ ကိုယ်ပြောလိုက်တဲ့စကားကို တိုင်းသူပြည်သားတွေရဲ့ စိတ်ထဲမှာ စွဲပြီး ကျန်ရစ်စေရမယ်။

၄။ သမ္မာပါသ = ဆင်းရဲသားတို့ရဲ့ စိတ်နှလုံးမှာ ဖွဲ့ချည်ထားသလိုဖြစ်အောင် ပြုကျင့်ရတယ်။ တကယ် ဆင်း

ရဲတဲ့သူတွေကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး သုံးနှစ်တိတိ အတိုးမရှိစေဘဲ အမတော်ငွေ ချေးငှား ထုတ်ပေးတာမျိုးပါပဲ။

နာယကဂုဏ် ခြောက်ပါးကိုတော့ ရှေ့ပိုင်းမှာ ပြောပြခဲ့ပြီးပြီ။ မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါး၊ နာယကဂုဏ် ခြောက်ပါးဆိုတာ ရှင်ဘုရင်နဲ့သာ ဆိုင်တာ မဟုတ်ပါဘူး။ တိုင်းသူပြည်သူ ဘယ်သူမဆို ကျင့်သုံးလို့ ရပါတယ်။ အပြစ်ကင်း ကောင်းကျိုးကို ပေးတတ်တဲ့ တရားတွေပါ။ ဒါကြောင့် ယောဂီတို့လည်း ဒီအတိုင်း ကျင့်သုံးတတ်ကြပါစေ။

သီဝလိဒေဝီ မိဖုရားကြီးဟာ အလောင်းတော် မဟာဇနကမင်းနဲ့ ပေါင်းသင်းနေရာက ကိုယ်ဝန်ရလို့ ဆယ်လစေ့တဲ့အခါ ဘုန်းပညာလက္ခဏာနဲ့ ပြည့်စုံတဲ့ သတို့သားကို ဖွားမြင်ပါတယ်။ ဒီဃာဝု (အသက်ရှည်သူ) မင်းသားလို့ အမည်မှည့်ခေါ်ကြပါတယ်။ မိဘတွေဟာ သားသမီးတွေကို ချစ်ခင်ကြတဲ့အတွက်ကြောင့် အသက်ရှည်စေချင်တယ်။ ဒါကြောင့် ဒီဃာဝုလို့ အမည်ပေးထားတာပါ။ အမည်ဆိုတာ ပညတ်ပါ။ တကယ်တော့ အသက်ရှည်ဖို့ အကြောင်းတရားတွေ ပြည့်စုံမှသာ အသက်ရှည်

ပါတယ်။ ဒီဃာဝုမင်းသား (၁၆)နှစ်သား အရွယ်ရောက်တဲ့အခါ မင်းသားတို့ တတ်သင့်တတ်ထိုက်တဲ့ ပညာတွေကို သင်ကြားတတ်မြောက်ပြီးတာကြောင့် ခမည်းတော်မဟာဇနကမင်းက အိမ်ရှေ့မင်းသားအရာ ချီးမြှောက်လိုက်ပါတယ်။

✧



# သံဝေဂဉာဏ် ဖြစ်လာပြန်

တစ်နေ့မှာတော့ ဥယျာဉ်မှူးဟာ ဥယျာဉ်တော်ကနေ အရသာရှိလှတဲ့ သစ်သီးကြီးငယ်တွေရယ်၊ လှပမွှေးကြိုင်တဲ့ ပန်းမျိုးစုံတွေရယ်ကို ယူဆောင်လာပြီးတော့ မင်းကြီးထံ ဆက်သလိုက်ပါတယ်။ မဟာဇနကမင်းကြီးဟာ ပန်းတွေ သစ်သီးတွေကို မြင်တဲ့အခါ အလွန်နှစ်သက် ဝမ်းမြောက်မှု ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် ဥယျာဉ်မှူးကို ဆုလာဘ်တွေပေးပြီး ပေးကမ်းချီးမြှင့်လိုက်ပြီး "အမောင် ဥယျာဉ်မှူး၊ ငါ ဥယျာဉ်တော်ကို သွားရောက် ကြည့်ရှုချင်တယ်၊ နက်ဖြန်ခါ ဥယျာဉ်တော်ကို အဆင်သင့် တန်ဆာဆင်ပြီးသား ဖြစ်ပါစေ"လို့ မှာကြားလိုက်ပါတယ်။

ဥယျာဉ်မှူးဟာလည်း မင်းကြီးရဲ့ မိန့်မှာချက်အတိုင်း ဝန်ခံပြီး ဥယျာဉ်တော်ကို သပ်သပ်ရပ်ရပ် လှလှ

ပပ ဖြစ်အောင် ရှင်းလင်းသုတ်သင် တန်ဆာဆင်ပြီးတော့ မင်းကြီးကို အဆင်သင့်ဖြစ်ကြောင်း သံတော်ဦး တင်လိုက်ပါတယ်။ မဟာဇနကမင်းကြီးဟာ နံနက်မိုးသောက်အလင်းရောက်တော့ ထီးဖြူတော်မိုးပြီးတော့ ရတနာမျိုးစုံနဲ့ တန်ဆာဆင်ထားတဲ့ မင်္ဂလာဆင်တော်ကို စီးပြီး မှူးမတ်ဗိုလ်ခြေ အခြံအရံနဲ့အတူ ဥယျာဉ်တော်ကို ထွက်တော်မူလာခဲ့ပါတယ်။ အဲဒီ ဥယျာဉ်တော်ရဲ့ တံခါးဝမှာ စိမ်းညို ရောင်သန်းနေတဲ့ သရက်ပင်ကြီးနှစ်ပင် ရှိနေပါတယ်။ တစ်ပင်ကတော့ အသီးမရှိဘူး။ အခြားတစ်ပင်က အင်မတန် အရသာကောင်းတဲ့ အသီးတွေနဲ့ ဝေဝေဆာဆာ သီးပြီး နေပါတယ်။

မင်းကြီးရဲ့ ဥယျာဉ်ထဲက သစ်သီးဆိုရင် အဲဒီ ခေတ်က မင်းကြီးနဲ့ အိမ်ရှေ့မင်းကို ဆက်သပြီးမှသာ အခြားသူတွေ ဆွတ်ခူး စားသောက်ခွင့် ရှိတယ်။ အလောင်းတော် မဟာဇနကမင်းဟာ အသီးနဲ့ပြည့်စုံတဲ့ သရက်ပင်ကို မြင်တော့ အပင်ရင်း ရောက်အောင် သွားပြီး ဆင်ကျောကုန်းပေါ်မှာနေရင်း သရက်သီးကို လှမ်းခူးလို့ စားကြည့်လိုက်ပါတယ်။ သရက်သီးရဲ့ အရသာဟာ အလွန် ချိုဆိမ့်နေတာကြောင့် မင်းကြီးဟာ ရသတဏှာနဲ့

ကပ်ငြိသွားပါတယ်။ ယောဂီတို့ ဘုန်းကြီးတို့ရဲ့စိတ်ဟာ အာရုံနဲ့ ကြုံတွေ့တဲ့အခါမှာ လောဘမဖြစ်ရအောင်၊ ဒေါသမဖြစ်ရအောင် သတိပညာနဲ့ နေတတ်ဖို့ လိုပါတယ်။ သတိပညာ ကင်းနေရင် အာရုံနဲ့ ပေါင်းဆုံတဲ့အခါ ကိလေသာ ဖြစ်ပေါ်လာတတ်ပါတယ်။ မဟာ ဇနကမင်းကြီးရဲ့ စိတ်ဟာ သရက်သီး အရသာအာရုံနဲ့ တွေ့မိတော့ ရသတဏှာ ဖြစ်ပေါ်လာပြီပေါ့။ အဲဒါကြောင့် 'အင်း. . . ငါ အခုတော့ ဥယျာဉ်တော်အတွင်းမှာ စံပယ်လိုက်ဦးမယ်၊ ဥယျာဉ်ကနေ ပြန်ထွက်တဲ့အခါမှ ဒီ သရက်သီးကို ဝအောင် စားတော့မယ်'လို့ အကြံဖြစ်ခဲ့ပါတယ်။

အိမ်ရှေ့စံမင်းသား ဒီဃာဝုကလည်း မင်းကြီးလိုပဲ သရက်သီး တစ်လုံးကို ဆွတ်ခူးစားပြီး မင်းရဲ့ နောက်တော်ပါးကနေ လိုက်သွားပါတယ်။ ကျန်တဲ့ မှူးမတ် ဗိုလ်ပါ ပရိသတ်တို့ဟာလည်း ဒီ သရက်သီးကို အရှင်သခင်တို့အတွက် ဦးဦးဖျားဖျား ဆက်သပြီးပြီဆိုတော့ အလိုရှိသလို ဆွတ်ချူ ပစ်ချပြီး စားသောက်ကြပြန်တယ်။ လူကများပြီး သရက်သီးက နည်းနေပါတယ်။ ဆင်ထိန်း မြင်းထိန်း ဆိတ်ထိန်းတို့က စပြီး နောက်ပါလူထု ပရိသတ်တွေက နောက်ကျနေတာကြောင့် အသီးကုန်သွားမှ ရောက်လာ

ကြတယ်။ အဲဒီတော့ ‘ငါတို့ ရောက်လာမှ အသီးကုန်သွား တယ်’ လို့ ဆိုပြီး စိတ်ဆိုးဆိုးနဲ့ ခဲ အုတ် တုတ်တွေနဲ့ ပစ် ခတ် ရိုက်နှက် ချိုးဖဲ့လိုက်ကြတယ်။ အကိုင်းတွေကို ချိုးဖဲ့ အရွက်တွေလည်း စုတ်ပြတ်ပြီး ကြွေကျကုန်တယ်။ စိတ် ဓာတ် အဆင့်အတန်း နိမ့်ကျသူတွေဟာ များသောအား ဖြင့် မစားရတဲ့ အမဲကို သဲနဲ့ပက်မယ်ဆိုတဲ့ သဘောမျိုး ရှိတတ်ကြပါတယ်။

မင်းကြီးဟာ ဉယျာဉ်တော်မှာ အလိုရှိသလောက် စံပယ် ပျော်ပါးတော်မူပြီး ညနေစောင်းတော့ မြို့ဝင်ချိန် တန်ပြီမို့ ဉယျာဉ်က ထွက်တဲ့အခါ မိမိဆွတ်ခူးခဲ့တဲ့ သရက် ပင်ကို ကြည့်ပြီး “အမောင်တို့၊ ဒီသရက်ပင်ဟာ ငါ ဝင်တော်မူလာခါစနဲ့ မတူတော့ဘူး။ အခု ဘယ်လိုဖြစ် ရတာလဲ”လို့ မေးပါတယ်။ အမတ်တွေက “အရှင်မင်းကြီး ဆွတ်ခူးပြီးတဲ့နောက် ဗိုလ်ပါရဲမက်တွေက လုယက် ဆွတ် ခူးကြတယ်၊ လူက များပြီး သရက်သီးက နည်းနေတာ ကြောင့် အပင်က အခက်တွေ စုတ်ပြတ် ကြွေကျကုန်ပါ တယ်ဘုရား”လို့ လျှောက်ထားကြပါတယ်။ အဲဒီအခါ မင်းကြီးဟာ အနားမှာရှိတဲ့ အသီးမရှိတဲ့ သရက်ပင်ကို ကြည့်ပြီး “အမောင်တို့၊ ဟိုဘက်က အပင်ကျတော့ ဘာ

ကြောင့် အပင်တွေ အခက်အရွက်တွေ စုတ်ပြတ် ကျိုးပဲ့ခြင်း မရှိတာလဲ”လို့ မေးတော့ “အရှင်မင်းကြီး အဲဒီအပင်ဟာ အသီးမရှိတာကြောင့် ဆွတ်ခူးတဲ့သူ မရှိလို့ ကျိုးပဲ့စုတ်ပြတ်ခြင်း မရှိပါဘုရား”လို့ လျှောက်တင်ကြပါတယ်။ အဲဒီလို ပြောစကားကို ကြားရတော့ ဘုရားအလောင်းတော်ဟာ ထိတ်လန့် သံဝေဂတွေ ဖြစ်ပေါ်လာပါတယ်။

“အသီး မသီးတဲ့ အပင်ကတော့ စိမ်းစိုညိုတဲ့ အခက်အရွက်တွေနဲ့ နှစ်သက်ဖွယ် ပကတိအတိုင်း ရှိနေတယ်။ အသီးသီးတဲ့ အပင်ကတော့ ဖျက်ဆီးတဲ့သူတွေနဲ့ ဆက်ဆံနေရတာကြောင့် ပကတိအတိုင်း မတည်နိုင်ဘူး။ ငါ့ရဲ့ မင်းစည်းစိမ် ဆိုတာဟာလည်း ရန်သူတွေနဲ့ ဆက်ဆံနေတာကြောင့် အသီးသီးတဲ့ သရက်ပင်နဲ့ တူနေတယ်။ ရသေ့ ရဟန်းအဖြစ်ဟာ ဘယ်ရန်သူနဲ့မှ မဆက်ဆံတာကြောင့် အသီး မရှိတဲ့ သရက်ပင်နဲ့ တူတယ်။ စည်းစိမ်ဥစ္စာ သားမယား ဆွေမျိုးတို့ကို မှီပြီး ကြောင့်ကြပူပန်မှု ရှိသူတွေဟာ ဘေးရန်များတယ်၊ ကြောင့်ကြမဲ့သူမှာ ဘေးရန်ကင်းတယ်။ ဒါကြောင့် ငါဟာ အသီးမသီးတဲ့ သရက်ပင်ပမာ ပူပန်ကြောင့်ကြစရာတွေကို ဖြတ်ပြီး ရသေ့

ရဟန်း ပြုတော့မယ်”လို့ နှလုံးသွင်းပြီး မြို့ထဲကို ဝင်ပါတယ်။

အခု ယောဂီတို့ဟာလည်း ကိုယ့်ကိုယ်ကို ပြန်ပြီး သုံးသပ်ကြည့်ပါ။ အသီးရှိတဲ့အပင်လား၊ အသီးမရှိတဲ့ အပင်လားလို့ စစ်ဆေးကြည့်ပါ။ အသီးရှိတဲ့ အပင်ဆိုရင်တော့ ပူပန်ရမှာပါ။ အခု တရားအားထုတ်နေရင်းတောင်မှ အိမ်မှာ ကျန်ရစ်ခဲ့တဲ့ ကလေးတွေကို လှမ်းပြီး ပူရတာတို့၊ အိမ်ကို လှမ်းပူရတာတို့၊ မီးရေးထင်းရေးအတွက် ပူရတာတို့ဟာ ကာမဂုဏ် အသီးတွေ သီးထားလို့ပေါ့။ အသီးများလေ ပိုပြီး ပူရလေပဲ မှတ်ထားကြပါ။ ဒါကြောင့် ယောဂီတို့လည်း အသီးမရှိတဲ့အပင်လို ကျင့်နိုင်အောင် ကြိုးစားကြပါ။ မဟာဇနက မင်းကြီးကတော့ ပတ်ဝန်းကျင် လောကကြီးကို ကြည့်ပြီး သံဝေဂယူသွားတယ်။

“လောကော သတ္တာန မာစေရော” လောကကြီးဟာ သတ္တဝါတို့ရဲ့ ဆရာပါ။ ပတ်ဝန်းကျင်လောကကြီးက မိမိတို့ကို နေ့စဉ် သင်ပေးနေပါတယ်။ သတိထားပြီး ကြည့်တတ်ရင် နေ့စဉ် သံဝေဂယူစရာတွေ အများကြီးပါပဲ။ သရက်ပင်ကြီးက မဟာဇနကမင်းကြီးကို အသိဉာဏ်ပေးလိုက်တာကြည့်ပေါ့။ ဒါကြောင့် မဟာဇနက မင်းကြီး

ဟာ မြို့ထဲဝင်ပြီး နန်းတော်ရဲ့ အရှေ့မုခ်တံခါးဝမှာ ရပ်တော်မူပြီး စစ်သူကြီးကို-

"အမောင် စစ်သူကြီး၊ ပြည်ထဲရေး ကိစ္စမှာတော့ ငါ့သားတော် အိမ်ရှေ့မင်းသား ရှိနေပြီ။ သင်ကတော့ ငါ့အလိုတော်အတိုင်းသာ လုံခြုံအောင် စောင့်ရှောက်ပါ။ ငါဟာ ယနေ့ကစပြီး အလိုရှိသမျှ ကာလပတ်လုံး နန်းတော်ရဲ့ အပေါ်ဆုံးထပ်မှာ တစ်ယောက်တည်း ရဟန်းတရားကို ပွားများပြီးတော့ ငြိမ်ငြိမ်သက်သက် တည်တည်ကြည်ကြည် နေလိုပါတယ်။ ငါ့အလို မပြည့်သမျှ ယနေ့က စပြီး ငါ့ထံကို စားတော်အုပ် ဆက်သွင်းသူ၊ ဒန်ပူမျက်နှာသစ်ရေ ဆက်ကပ်သူ၊ အလုပ်အကျွေး လက်ပါးစေယောကျ်ားတို့ကိုသာ ဝင်ပါစေ၊ ကျန်တဲ့သူတွေဆိုရင် မိဖုရားကြီးက စပြီး အားလုံး နန်းတွင်းသူ နန်းတွင်းသားတွေ၊ မှူးမတ်ဗိုလ်ပါ အပေါင်းတွေကို တစ်ယောက်မှ ငါ့ထံ မဝင်စေနဲ့၊ သင်က တားဆီးပေးရမယ်"လို့ ဆိုပြီး နန်းတွင်းကိစ္စကို စစ်သူကြီးထံ အပ်နှံလိုက်ပါတယ်။ နောက်ပြီးတော့ တရားစီရင်ရာ လွှတ်သဘင်မှာ တရားစီရင်တဲ့ အမတ်ကြီးကို ခေါ်ပြီး-

"အမတ်ကြီး၊ ငါဟာ ကြောင့်ကြမဲ့ နေတော်မူလိုတယ်။ တရားအဆုံးအဖြတ်တွေ မချွတ်ယွင်းစေနဲ့၊ သတိ

ပညာနဲ့ ဖြောင့်ဖြောင့်မတ်မတ် စီရင်ပါ။ အားလုံး မှူးမတ် ပြည်သူတို့ကိုလည်း ပစ္စုပ္ပန် သံသရာ အကျိုးနှစ်ပါး ပြည့်စုံကြောင်း ကောင်းမြတ်တဲ့ အဆုံးအမကို ပေးပါ”လို့ မှာထားပြီး နန်းတော် ပြာသာဒ်အထက်ဆင့် တက်လို့ တစ်ကိုယ်တော်တည်း ရဟန်းတရားကို ပွားများနေပါတယ်။ တရားရဲ့ အရသာကတော့ တစ်ယောက်တည်း ခံစားနိုင်လေ ပျော်စရာ ကောင်းလေပါပဲ။ ကာမဂုဏ် အရသာကတော့ စည်းစိမ် ခံစားဖော်ရှိမှ ပျော်စရာ ကောင်းပါတယ်။ ဒါကြောင့် အခု တရားအားထုတ်နေကြတဲ့ ယောဂီတို့ဟာ တစ်ယောက်တည်း ကျင့်သုံး အားထုတ်ပြီး နေတတ်အောင် ကြိုးစားကြပါ။ အပေါင်းအဖော်နဲ့ဆိုရင် မဆိုင်တဲ့ စကားတွေ ပြောမိပြီး တရားရှုကွက်လည်း ပျက်စီးတတ်ပါတယ်။ အာရုံတွေ များပြီး တည်ငြိမ်မှုလည်း မရနိုင်တော့ပါဘူး။

မင်းရင်ပြင် လျှောင်းတော်ဦးမှာ ခစားမြဲဖြစ်ကြတဲ့ မင်းခယောက်ျား မှူးမတ် ပရိသတ်တို့ဟာ မင်းကြီးကို မတွေ့ရတဲ့အတွက်ကြောင့် စားတော်အုပ် ဆက်သွင်းသူ၊ ဒန်ပူ မျက်နှာသစ်ရေ ဆက်သူတွေကို ခေါ်ပြီး “အမောင်တို့၊ သင်တို့ဟာ မင်းကြီးထံ အမြဲ ဝင်ခွင့်ရနေတယ်။

မင်းကြီး အပေါ်ထပ်မှာ ဘာတွေ လုပ်နေသလဲ၊ သင်တို့နဲ့ စကားပြောရရဲ့လား” စသည်ဖြင့် မေးကြပါတယ်။ အလုပ်အကျွေး မင်းချင်းတို့ကလည်း “ကျွန်တော်တို့က တော့ ဒန်ပူ မျက်နှာသစ်ရေ၊ ပွဲတော်အုပ် ဆက်ကပ်ပြီးတော့ ပြန်ထွက်လာခဲ့ရတာပါပဲ။ မင်းကြီးအနေနဲ့ ကျွန်တော်တို့ကို စကားတစ်ခွန်းမှ မေးမြန်း ပြောဆိုခြင်း မရှိပါဘူး။ မင်းကြီးဟာ ငြိမ်ငြိမ်သက်သက် တည်တည်ကြည်ကြည်နဲ့ နေတာကိုပဲ တွေ့ရပါတယ်”လို့ ပြောဆိုကြပါတယ်။ အဲဒီတော့ မှူးမတ်ပရိသတ်တို့ဟာ “ငါတို့မင်းကြီးတော့ ရှေးတုန်းကနဲ့ မတူဘူး၊ ဘယ်လိုဖြစ်နေပါလိမ့်”လို့ တွေးပြီး အချင်းချင်း “ငါတို့မင်းကြီးဟာ အရင်ကလို မိဖုရား မှူးမတ် မောင်းမမိဿံ ကခြေသည်အပေါင်း ခြံရံလို့ ဥယျာဉ်တော်မှာ ထွက်စံပြီး ကြာမျိုးငါးပါးနဲ့ ဖုံးလွှမ်းတဲ့ မင်္ဂလာရေကန်တော်မှာ ဟင်္သာဖိုမတို့ ပျော်မြူးနေပုံတွေကို ကြည့်ရှုပြီး စံပယ်လေ့ ရှိတယ်။ အခုတော့ ဆွံ့အတဲ့ လူလိုပဲ ဘာစကားမှ မပြောတော့ဘဲ ပြည်သူပြည်သားမှူးမတ်တို့ကိုလည်း အဆုံးအမ မပေးတော့ပါလား”လို့ ပြောဆိုကြတယ်။ မင်းကြီးအနေနဲ့ နေရိုးနေစဉ် မဟုတ်ဘဲ ပုံစံပြောင်းသွားတော့ ပတ်ဝန်းကျင်အနေနဲ့ အထူးအဆန်း ဖြစ်ပြီး တွေးကြ မေးကြ ပြောကြတော့တာပေါ့။

ဘုရားအလောင်းတော် မဟာဇနကမင်းကြီးဟာ နန်းတော်ပြာသာဒ် အထက်ဘုံအဆင့်မှာ တစ်ယောက်တည်း နေတော်မူပြီးတော့ ကာမဂုဏ်တွေကို မတွေးကြံတော့ဘဲ ပစ္စေကဗုဒ္ဓအရှင်မြတ်တို့ရဲ့ ဂုဏ်ကို အဖန်ဖန် အမှတ်ရပြီး-

"ငါ့ရဲ့နန်းတော်ကို နေ့တိုင်းမပြတ် ဆွမ်းစားကြွတော်မူလာကြတဲ့ ငါ့ဆရာ ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့ဟာ အရွယ်အားဖြင့် အငယ်အလတ်အကြီးဆိုပြီး အစားစား ရှိကြတယ်။ ဒါပေမယ်လို့ ဂုဏ်တော် ကျေးဇူးတော်တွေကတော့ တူမျှကြပါပေတယ်။ အရှင်မြတ်တို့ဟာ နိဗ္ဗာန်ချမ်းသာကို အလိုရှိကြတဲ့အတွက်ကြောင့် ဆိတ်ငြိမ်ရာအရပ်မှာ နေလေ့ ရှိတော်မူကြပါပေတယ်။ မိမိမှာ ထင်ရှားရှိတဲ့ သီလ သမာဓိ ပညာဂုဏ်တို့ကိုလည်း သူတစ်ပါးတွေကို မပြဘဲ အလွန် လျှို့ဝှက်တော်မူကြပါပေတယ်။ သတ်ခြင်း နှောင်ဖွဲ့ခြင်း အစရှိတဲ့ အကုသိုလ် ဒုစရိုက်အမှုတွေ ကင်းပြီး ငြိမ်သက်တဲ့ စိတ်နှလုံးလည်း ရှိတော်မူကြပါပေတယ်။ အရှင်ပစ္စေကဗုဒ္ဓတို့ဟာ အခု ဘယ်ကျောင်းမှာ သီတင်းသုံးတော်မူကြပါလိမ့်"

"ငါ့ဆရာ ပစ္စေကဗုဒ္ဓအရှင်မြတ်တို့ဟာ လေတိုက်လို့ မယိမ်းနိုင်တဲ့ ကျောက်တိုင်ကြီးပမာ မြဲမြံတဲ့ ပညာနဲ့

လည်း ပြည့်စုံတော်မူကြပါပေတယ်။ သတ္တဝါ အပေါင်းတို့ရဲ့ စိတ်နှလုံးကို မွှေနှောက်တတ်တဲ့ တဏှာတရားတွေလည်း ကင်းတော်မူကြပါပေတယ်။ ကြောင့်ကြစိုးရိမ်မှု မကင်း နိုင်သေးတဲ့ လူတို့ဘောင်မှာ ကြောင့်ကြမှု စိုးရိမ်မှု ကင်းစွာနဲ့ နေနိုင်တော်မူကြပါပေတယ်”

“မြင့်မြတ်တဲ့ သီလဂုဏ်ကျေးဇူးအစုကို ရှာမှီးလေ့ရှိတော်မူကြတဲ့ အဲဒီ အရှင်မြတ်တို့ကို ကျွန်ုပ် ရှိခိုးပါတယ်။ သေမင်းဟာ သတ္တဝါတို့ကို အထင်မှားအောင် လှည့်စားပြီး တဏှာကွန်ယက်နဲ့ ဖမ်းယူတတ်တယ်။ ငါ့ဆရာ အရှင်မြတ်တို့ဟာ တဏှာ အနှောင်အဖွဲ့ကို အကြွင်းမဲ့ ဖြတ်တောက်ပြီး နိဗ္ဗာန်အရောက် ကြွသွားတော်မူကြပြီ”

“ကိလေသာ ငြိမ်းပြီးတဲ့ ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့ရဲ့နေရာရောက်အောင် ငါ့ကို ဘယ်သူပို့မလဲ”လို့ အောက်မေ့ ဆင်ခြင်ပြီး ဘုရားအလောင်းတော်ဟာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရာက ရုံခါရုံခါ ထပြီး မြောက်ဘက် လေသာပြတင်းပေါက်ကို ဖွင့်လို့ မြောက်ဘက် ဟိမဝန္တာ တောဆီ စိတ်နဲ့မှန်းပြီး ပစ္စေကဗုဒ္ဓတို့ကို ရှိခိုးရင်း ဥဒါန်းကျူးလိုက်ပါတယ်။ အဲဒီလိုနဲ့ ဘုရားအလောင်းတော်ဟာ လေးလပတ်လုံး တစ်ကိုယ်တော်တည်း ပြာသာဒ်အထက်ဘုံအဆင့်

မှာ နေတော်မူလိုက်ပါတယ်။ အင်မတန် ကြီးကျယ်တဲ့ ထီးနန်းစည်းစိမ်ကြီးကို စွန့်ပြီး လေးလတိုင်တိုင် တစ်ကိုယ်တော်တည်း နေတာကို အတုယူလို့ အခု ယောဂီတို့ဟာ ကိုယ့်အိမ်ကလေး၊ ဆိုင်ကလေး၊ ခြံကလေး၊ သားသမီးကလေးတွေကို ခဏလောက် ခွဲထားခဲ့ပြီး ဆယ်ရက်လောက်တော့ ကြိုးကြိုးစားစား ကျင့်ကြံနေဖို့ ကောင်းပါတယ်။

✧



# ရဟန်းဖြစ်ရန် စိတ်တော်ကြံ

နန်းပြာသာဒ်ရဲ့ အပေါ်ဆုံးထပ်မှာ ဘုရားအလောင်းတော်ဟာ လေးလလွန်မြောက်တော့ ရဟန်းပြုချင်တဲ့ဆန္ဒတွေ သိပ်ပြီးတော့ ပြင်းထန်လာခဲ့ပါတယ်။ ထီးနန်းစည်းစိမ်နဲ့ နေရတာကို လောကန္တရိတ် ငရဲပမာ ထင်မြင်ပြီးတော့ ငြီးငွေ့လာပါတယ်။ ကာမ, ရူပ, အရူပ လို့ခေါ်တဲ့ ဘုံသုံးပါးကို မီးလောင်အိမ်ကြီးပမာ ထင်မြင်လာပါတယ်၊ သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်ပမာခန်းနားလှတဲ့ မိထိလာနေပြည်တော်ကြီးကို စွန့်ခွာပြီးဘယ်သောအခါမှ ဟိမဝန္တာတောကို ဝင်ပြီး ရဟန်းတရားကျင့်သုံးရပါ့ မလဲ”လို့ ကြံစည်ပြီးနေပါတယ်။

“လောကီဥစ္စာ ရတနာ ရွှေရံသင်းပင်း တိုင်းဌာနီအစရှိတဲ့ မိမိပိုင်ဆိုင်သမျှတွေကို ပယ်စွန့်ပြီး ရဟန်းပြုရရင်ကောင်းမှာပဲ”လို့ ကြံစည်ခဲ့ပါတယ်။ နောက်ပြီးတော့

“ငါဟာ ဦးခေါင်းက ဆံပင်ကို ရိတ်ပြီး ဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်းကို ဝတ်လို့ သပိတ်ပိုက်ပြီး ဘယ်တော့ ဆွမ်းခံသွားရပါ့မလဲ၊ လူတွေ မသုံးချင်လို့ စွန့်ပစ်ထားတဲ့ အဝတ်ကို ပံ့သုကူကောက်ပြီး သင်္ကန်းချုပ်လို့ ဘယ်တော့ ဝတ်ရပါ့မလဲ၊ နေ့စဉ်မပြတ် ရွာသွန်းတဲ့ မိုးကြီးထဲမှာ သင်္ကန်းတွေ စိုစိုရွှဲရွှဲနဲ့ ဘယ်တော့ ဆွမ်းခံသွားရပါ့မလဲ၊ ငါဟာ လွတ်လပ်စွာ တစ်တောဝင် တစ်တောထွက် သစ် တစ်ပင်မှာ နားလို့ ဝါးတစ်ပင်ရိပ်မှာနေ ကြောင့်ကြပူပန်မှုကင်းပြီး တစ်ကိုယ်တော်တည်း မြတ်သောအကျင့်ကို ဘယ်တော့ ကျင့်ရပါ့မလဲ၊ ငါဟာ ဟိမဝန္တာတောမှာ တစ်တောင်ဆင်း တစ်တောင်တက် ကြောက်မက်ဖွယ် ဘေးရန်ကို မမျှော် အဖော်မပါဘဲ ဘယ်တော့သွားရပါ့မလဲ”

“လိမ္မာတတ်ကျွမ်းတဲ့ စောင်းသမားဟာ ကောင်းမွန်လှတဲ့ စောင်းခွက်မှာ ခုနစ်ချောင်းသော ညှို့ကို ကောင်းကောင်းမွန်မွန် ညှိသလို အခုနေ ငါဟာ ကြောင့်ကြ ပူပန်နေတဲ့ စိတ်နှလုံးကို ဖြတ်ပြီး ညီညွတ်ဖြောင့်မတ်စွာ ဘယ်အခါမှ နေရပါ့မလဲ’

“ဖိနပ်လုပ်လိုတဲ့ သားရေနယ်သမားဟာ ထက်မြက်လှတဲ့ ဆောက်ဝန်းနဲ့ သားရေနယ်ကို ညီညီညွတ်

ညွှတ် လှိုးဖြတ်သလို လူနတ်တို့ရဲ့သန္တာန်မှာ မြှေးယှက်နေတဲ့ ကာမသံယောဇဉ်ကို ကင်းစင်သွားအောင် ဉာဏ်တည်းဟူသော ဆောက်ဝန်းနဲ့ ဖြတ်လို့ မြင့်မြတ်တဲ့နေရာမှာ ဘယ်တော့ နေရပ့ါမလဲ" လို့ တောင့်တနေပါတော့တယ်။

ပါရမီရင့်တဲ့ အသိဉာဏ်ရှိတဲ့ သူတော်ကောင်းတွေဟာ လောကီစည်းစိမ်တွေကို စွန့်ပြီး ရဟန်းပြုဖို့ တောင့်တကြပါတယ်။ ပါရမီနည်းသူ အသိဉာဏ်ခေါင်းပါးသူတွေက ရဟန်းဘဝကနေ ထွက်ပြီး လောကီကာမဂုဏ်တွေကို ခံစားပြီး မွေ့လျော်ဖို့ တောင့်တကြံစည်နေကြပါတယ်။ ယောဂီတို့လည်း ကိုယ့်ကိုယ်ကို ဘာတွေလုပ်ဖို့ ကြံစည်နေသလဲ ဆိုတာ ပြန်ပြီး ဆန်းစစ်ကြည့်ပါ။

✧



# တောတောင်ရပ်ခွင် ရှေးရှုနှင်

အလောင်းတော်မြတ်ရဲ့ တောထွက်ဖို့ အကြံ ကြီးမားတာကြောင့် ကာမဂုဏ်ကပ်ငြိမှု တဏှာအနှောင်အဖွဲ့ကနေ လေးလကျော်ကျော် လွတ်ကင်းပြီးတော့နေပါတယ်။ ကာမကုသိုလ်စိတ်နဲ့ တဏှာကို ခေတ္တ ပယ်စွန့်ထားတာကို တဒင်္ဂပဟာန်လို့ ခေါ်ပါတယ်။ ဈာန်စိတ်နဲ့ပယ်ရင်တော့ ဝိက္ခမ္ဘနပဟာန်လို့ ခေါ်ပါတယ်။ မဂ်ဉာဏ်နဲ့ပယ်ရင်တော့ နောင် ဖြစ်ခွင့်မရှိဘဲ အမြစ်ပါ ပြတ်တာကြောင့် သမုစ္ဆေဒပဟာန်လို့ ခေါ်ပါတယ်။ ညွတ်ကွင်းကနေ လွတ်သွားတဲ့ငှက်ဟာ ဘေးကင်းရာအရပ်ကို ရှေးရှုသွားသလို အလောင်းတော်ရဲ့စိတ်ဟာ ဟိမဝန္တာတောသို့ ဝင်ဖို့ ရှေးရှုနေပါတယ်။ ဒါကြောင့် အလုပ်အကျွေးဖြစ်တဲ့ စားတော်ကဲကို ခေါ်ပြီး-

"အမောင်. . . အခုချက်ချင်း ဈေးတန်းကို သွားစမ်း၊ ဘယ်သူ့ကိုမှ အသိမပေးနဲ့၊ ပရိက္ခရာတန်းကနေ သက်န်းပရိက္ခရာအစုံဝယ်ပြီး မြန်မြန် ပြန်လာခဲ့"လို့ စေခိုင်းလိုက်ပါတယ်။ စားတော်ကဲဟာလည်း မင်းကြီးရဲ့ အမိန့်အတိုင်း သက်န်းပရိက္ခရာတွေကို ဝယ်ယူပြီး မင်းကြီးထံ ဆက်သလိုက်ပါတယ်။

ဘုရားအလောင်းတော်ဟာ ဆတ္တာသည်(ဆံရိတ်သမား)ကိုခေါ်ပြီး ဆံပင်မုတ်ဆိတ် ကျင်စွယ်တို့ကို ရိတ်ခိုင်းပြီး ဆတ္တာသည်ကို ရွာစားဆု ချီးမြှင့်လိုက်ပါတယ်။ "ဒီအကြောင်းကို ဘယ်သူ့ကိုမှ သွားမပြောနဲ့"လို့လည်း မှာလိုက်ပါသေးတယ်။ အလောင်းတော်မြတ်ဟာ သင်းပိုင် ကိုယ်ဝတ်အပေါ်ရုံ သက်န်းကို ရုံပြီး လက်ဝဲပခုံးပေါ်မှာ ဒုကုဋ် (နှစ်ထပ်သက်န်း)ကို တင်ပြီး သပိတ်ကိုလွယ်၊ ဝါးရင်း တောင်ဝှေးကို ဆွဲကိုင်လို့ နန်းပြာသာဒ်ရဲ့ အပေါ်ဆုံးအဆင့်မှာ ပစ္စေကဗုဒ္ဓါတို့ရဲ့ တင့်တယ်စံပယ်သလို နှစ်ခေါက်သုံးခေါက် ဟိုဟိုဒီဒီ စင်္ကြံကြွလိုက်ပါသေးတယ်။ အဲဒီနေ့မှာ ထွက်သွားဖို့ အခွင့်မသာသေးတဲ့အတွက်ကြောင့် နန်းတော်မှာပဲ တစ်ညဉ့်နေလိုက်ရပါတယ်။ နံနက် နေအရုဏ်တက်တဲ့အခါမှာ နန်းတော်အထက်ဘုံဆင့်ကနေ ဆင်းသက်ပြီး တောထွက်ဖို့ ပြင်ဆင်ပါတယ်။

အဲဒီနေ့မှာပဲ မိဖုရားကြီးဟာ မင်းကြီးရဲ့ စိတ်အကြံကိုလည်း မသိရ၊ မရိပ်မိ၊ မတွေးတောမိဘဲ စိတ်ချလက်ချ မနေနိုင်တော့တဲ့အတွက်ကြောင့် မင်းကြီး မြတ်နိုးလှတဲ့ မိဖုရားငယ်ငယ်ရွယ်ရွယ် နုနုပျိုပျိုတွေကို ခေါ်ပြီး “ငါတို့သခင်ကို မမြင်ရတာ လေးလကျော်ခဲ့ပြီ၊ ထီးနန်းစည်းစိမ်ကို သိမ်းပိုက်ပြီးတဲ့ အချိန်ကစပြီး အနှစ်ခြောက်ထောင်ကျော် ခုနစ်ထောင်ကာလပတ်လုံး ငါတို့နဲ့ခွဲပြီး အခြားမှာ ပျော်ပါးတယ်ဆိုတာ မရှိခဲ့ပါဘူး။ အခုတော့ လေးလကျော်ကျော် ကိုယ်တော်တစ်ပါးတည်း ပျော်မွေ့နေတယ်ဆိုတာ ဖောက်ပြန်တဲ့အကြံများ ရှိနေသလား။ အခု တို့တစ်တွေ အဖူးအမြော် သွားကြကုန်စို့။ သင်တို့ကို မင်းကြီးက မြတ်နိုး နှစ်သက်ပါတယ်။ သင်တို့ဟာ အရွယ်အဆင်းနဲ့လည်း ပြည့်စုံတယ်။ ငါးတစ်ကောင်ကို ကွန်ကြီးနဲ့ ပြေးထွက်လို့ မရအောင် အုပ်ထားသလို မင်းကြီးရဲ့ စိတ်တော်ကို အပြင်ထွက်ခွင့်မရအောင် ဖွဲ့ရစ်ထားကြပါ။ ဒါကြောင့် အခုချက်ချင်း ဖီးလိမ်းပြင်ဆင် နံ့သာအမွှေးအကြိုင်တွေနဲ့ ခြယ်သပြီးတော့ ငါနဲ့အတူလိုက်ခဲ့ကြ” လို့ ပြောဆိုပြီး မိဖုရားငယ်တို့နဲ့အတူ မင်းကြီးရှိရာ အထက်ဘုံဆင့်ကို တက်သွားပါတယ်။

ဘုရားအလောင်းတော် မဟာဇနကမင်းကြီးဟာ ဟိမဝန္တာကို သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အထက်ဘုံဆင့်ကနေ ဆင်းသက်လာစဉ် ရှေးရှုတက်လာတဲ့ မိဖုရားတွေဟာ ရဟန်းအသွင်နဲ့ ဆင်းသက်လာတဲ့ ဘုရားအလောင်းတော်ကို ရုတ်တရက် မြင်လိုက်တော့ ငါတို့မင်းကြီးပါလားလို့ ဘယ်သူမှ မသိလိုက်ကြဘူး။ "ပစ္စေကဗုဒ္ဓအရှင်မြတ်ဟာ ငါတို့မင်းကြီးကို ဆုံးမစကားပြောကြားပြီး အခု ပြန်ဆင်းသွားတာနဲ့တူတယ်"လို့ မှတ်ယူကြပြီး လမ်းကို ဖယ်ပေးကြပါတယ်။ တစ်နေရာမှာ နေထိုင်ပြီး ကျကျနန ရှိခိုးဦးတင်ကြပါသေးတယ်။ ဘုရားအလောင်းတော်က ရဟန်းအသွင်နဲ့ ငြိမ်ငြိမ်သက်သက် တည်တည်ကြည်ကြည် အပေါ်ဘုံဆင့်ကနေ ဆင်းသက်လာပါတယ်။ မိဖုရားတွေဟာ ဘုရားအလောင်းကို မမှတ်မိကြတာဟာ တကယ်တော့ သူတို့မျက်စိနဲ့ အပေါ်ယံကြောအသွင်လေးသာ မြင်လိုက်ရလို့ပါ။ မွေးရာပါ ပကတိမျက်စိနဲ့ပဲ ကြည့်နေကြမယ်ဆိုရင် အသွင်သဏ္ဌာန်လောက်ပဲ မြင်ကြရမှာပါ။ သတ္တဝါတွေရဲ့ အစဉ်မှာ လောဘ ဒေါသ မောဟ ကိလေသာတွေ လွှမ်းနေတာဟာလည်း မွေးရာပါ ပကတိမျက်စိနဲ့ ကြည့်ပြီးနေကြလို့ပါ။ ပညာမျက်စိနဲ့ ကြည့်တတ်သူသာ ကိလေသာတွေ စင်ကြယ်မှာ ဖြစ်ပါတယ်။

✧



# စွဲလန်းလို့သာ လိုက်ကြရှာ

မိဖုရားတွေလည်း အထက်ဆုံးဘုံဆင့်ကို တက်ပြီး ကြည့်ရှုကြတဲ့အခါ လျောင်းစက်တော်မူရာ ရွှေသလွန်တော်ပေါ်မှာ မင်းကြီးရဲ့ ဝတ်လဲတန်ဆာတွေကို စုပုံပြီး ထားတာကို တွေ့ရတယ်။ အဲဒီ ဝတ်လဲတော် အပုံရဲ့ အပေါ်မှာ ခွေပြီး တင်ထားတဲ့ ပိတုံးရောင်အဆင်းရှိတဲ့ ဆံတော်တို့ကို တွေ့မြင်လိုက်ပါတယ်။ အဲဒီအခါ-

"ခုနက ရဟန်းအသွင်နဲ့ ဆင်းသွားတာဟာ ငါတို့ အရှင်မင်းကြီးပဲ ဖြစ်ရမယ်။ ပစ္စေကဗုဒ္ဓ မဟုတ်ဘူး။ ငါတို့ အခုပဲ လိုက်သွားပြီး တောင်းပန်ကြမယ်"လို့ ဆိုပြီး ဘုရားအလောင်းတော်ရဲ့ နောက်ကနေ လိုက်သွားတာ အရှေ့မုခ်ဝမှာ သွားပြီး မီကြတယ်။ အဲဒီအခါ မိဖုရား မောင်းမမိဿံအပေါင်းတို့က ဆံပင်တွေကို ဖြန့်ကြဲပြီး ရင်အုံကို လက်နဲ့ တီးခတ်ပြီးတော့-

"အရှင်မင်းကြီး ကျွန်ုပ်တို့ရဲ့ နှလုံးကို ကွဲအောင် ဘာကြောင့် လုပ်ရတာလဲ" စသည်ဖြင့် သနားစဖွယ် အသီးသီး ငိုကြွေးကြပြီးတော့ နောက်ကနေ လိုက်ကြပြန်တယ်။ မှူးမတ်ဗိုလ်ပါ ပြည်သူလူထု အပေါင်းတို့ကလည်း-

"ငါတို့မင်းကြီး ရဟန်းပြုသွားပြီ၊ ငါတို့အရှင်နဲ့ ဘုန်းတော်ကံတော် တူမျှတဲ့ မင်းကို ရမှာမဟုတ်တော့ဘူး" လို့ အော်ဟစ်ငိုကြွေးပြီး မင်းကြီးရဲ့နောက်ကို အစဉ်လိုက်ကြပြန်ပါတယ်။

ဘုရားအလောင်းတော်ဟာ တောထွက်လိုစိတ် သိပ်ပြီး ပြင်းပြနေတာကြောင့် နတ်သမီးတမျှ လှပတဲ့ နန်းတွင်းသူတို့ရဲ့ တဏှာကျော့ကွင်းနဲ့ ချိတ်ငင်နေတာကို နှိမ်နင်းချိုးဖဲ့ ငဲ့ကွက်ခြင်း လုံးလုံး မရှိပါဘူး။ မြေသပိတ်ကိုလွယ်၊ ဖန်ရည်စွန်းတဲ့ သင်္ကန်းကို ဝတ်ဆင်မြန်းလို့ ရဟန်းအဖြစ်ကို ယူခြင်းဟာ အလောင်းတော်အနေနဲ့ နှစ်ကြိမ်မြောက် အဘိသိက် ခံယူခြင်းပဲလို့ သဘောပေါက်ထားပါတယ်။ သီဝလိဒေဝီ မိဖုရားကြီးဟာ မိမိကိုယ်တိုင်က အရှယ်ရင့်နေပြီဖြစ်တာကြောင့် မိဖုရားငယ်ကို ခေါ်ပြီး-

"သင်တို့ဟာ မင်းကြီးရဲ့စိတ်ကို ကိုယ့်အလိုပါအောင် သနားစဖွယ် အမူအရာနဲ့ ဖြားယောင်းကြ"လို့ တိုက်တွန်း

ပြီး ကိုယ်တိုင်လည်း သိမ်မွေ့တဲ့ ဣန္ဒြေနဲ့ မင်းကြီးရဲ့ နောက်ကနေ ငုံကြွေးပြီးတော့ နန်းတော်မှာ ပြန်နေဖို့ အကြောင်း ပြောပြီး လိုက်ပါသွားပါတယ်။ မိဖုရားကြီးက ဘယ်လိုပဲ တောင်းပန်နေနေ ဘုရားအလောင်းတော်က စကားတစ်ခွန်းမျှ မပြောတဲ့အတွက်ကြောင့် စစ်သူကြီးနဲ့ အမတ်ကြီးကို ခေါ်ပြီး-

"အမောင်စစ်သူကြီး၊ အခု မင်းကြီးသွားတော့မယ့် လမ်းခရီး မနီးမဝေးမှာ ဟောင်းနွမ်းနေတဲ့ အိမ်ဇရပ် ကလေးတွေကို မင်းကြီး မြင်သာအောင် ရှေ့ကနေ ဆီးပြီး မီးရှို့လိုက်၊ မြက်ကောက်ရိုး သက်ကယ် မီးလောင်လွယ် တာတွေကို အခိုးထွက်အောင် ရေဆွတ်ပြီးတော့ မီးပုံမှာ ထည့်၊ မီးခိုးမီးလျှံ များများထွက်အောင်လုပ်" လို့ စေခိုင်း လိုက်ပါတယ်။ စစ်သူကြီးကလည်း မိဖုရားကြီး ခိုင်းတဲ့ အတိုင်းပဲ ဆောင်ရွက်နေပါတယ်။ မီးခိုးမီးလျှံတွေ တက် လာတဲ့အခါ မိဖုရားကြီးက ဘုရားအလောင်းတော်ရဲ့ ရှေ့ ရောက်အောင် ကျော်လွှားတက်ပြီးတော့ ဆံပင်ကို ဖြန့်ကြဲ လက်အုပ်ချီ ဝပ်တွားပြီးတော့-

"အရှင်မင်းကြီး အခု ကိုယ်တော် မြို့အပြင်တောင် မရောက်သေးဘူး၊ တိုင်းသူပြည်သားတွေဟာ စည်းလွတ်

ဝါးလွတ် ဖြစ်ကုန်ကြပြီ။ မြောက်တံခါးအနားမှာ မီးတွေ လောင်ကုန်ပြီ၊ ရှုစမ်းပါဦး မောင်တော်ရဲ့၊ အဲဒီမီးကို အသင်မင်းကြီး အုပ်ချုပ်ပြီး ငြိမ်းစေပါမှ ထီးနန်း စည်းစိမ် မပျက်မစီး တည်ရှိမှာပါ။ အသင်မင်းကြီးက လျစ်လျူရှု ခဲ့ရင် မပျက်မစီးဘူးတဲ့ ဘဏ္ဍာတွေဟာ အရှင်မင်းကြီးရဲ့ မျက်မှောက်မှာပဲ ပျက်စီးသွားပါလိမ့်မယ်။ ဒီလိုဖြစ်ရတာ ဟာ မသင့်တော်ပါဘူး။ အခုပဲ နန်းတော်ကို ပြန်ဝင်ပြီး စစ်သူကြီး မှူးမတ်တို့ကို အမိန့်ပေးပြီး မီးငြိမ်းအောင် လုပ်ပေးပါ။ နောက်မှ ရဟန်းပြုလည်း ရပါတယ်။ အခု လျစ်လျူရှုပြီး ထွက်ခဲ့ရင်

'မဟာဇနကမင်းကြီးဟာ ပညာရှိသူဖြစ်ပါလျက် မီးကို ငြိမ်းသတ်တဲ့သူဟာ ရဟန်းမပြုကောင်းဘူးလို့ ဥပဒေ ရှိနေသလို ကိုယ့်ရှေ့မှာ လောင်နေတဲ့မီးကို မငြိမ်းသတ်ပါ လား'လို့ ပြည်သူပြည်သားတွေက စပြီး ကြားကြားသမျှ သူတွေက အပြစ်တင်ကြလိမ့်မယ်။ အရှင်မင်းကြီးမှာ လည်း ဘုန်းရှင် ပညာရှင် ဖြစ်ပါလျက် မိမိရှေ့မှောက်မှာ သူတစ်ပါးတို့ ဖျက်ဆီးနေတာ ရှက်စရာကြီးပဲ၊ ဒါကြောင့် အခု ရဟန်းမပြုပါနဲ့ဦး။ ဒီမီးကို ငြိမ်းစေပြီးမှ ရဟန်းပြု ချင်လည်း ပြုပါ။ အခုတော့ နန်းတော်ကို ပြန်ပါဦး

မောင်တော်ဘုရားရဲ့”လို့ တောင်းပန်ပါတယ်။ ဒီစကားကို ကြားရတော့ ဘုရားအလောင်းတော်ဟာ

“သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။

မိထိလာ ဍယှမာနာယ၊ န မေ ကိဉ္စိ အဍယှထ”

လို့ မိန့်ကြားလိုက်ပါတယ်။

အနက်။ ။ ဒေဝိ-မိဖုရား၊ ယေသံနော-အကြင် ငါတို့အား၊ ကိဉ္စနံ-ကြောင့်ကြခြင်းသည်၊ နတ္ထိ-မရှိပါပေ၊ တေမယံ-ထိုငါတို့သည်၊ သုသုခံဝတ အလွန် ချမ်းသာစွာလျှင်၊ ဇီဝါမ-အသက် မွေးရကုန်၏၊ မိထိလာယ-မိထိလာပြည်သည်၊ ဍယှမာနာယ- မီးလောင်သော်လည်း၊ မေ-ငါ၏၊ ကိဉ္စိ-တစ်စုံတစ်ခုသော ဥစ္စာကို၊ နအဍယှထ-မီးမလောင်ပါ။

အဓိပ္ပာယ်။ ။ “မိဖုရား ငါ့မှာ ဝတ္ထုကာမ ကိလေသာကာမကိုမှီပြီး ကိလေသာစိတ်နဲ့ ကြောင့်ကြပူပန်ခြင်း မရှိပါဘူး။ အဲဒါကြောင့် ငါ့မှာ အလွန် စိတ်ချမ်းသာပါတယ်။ အဲဒီလို ချမ်းချမ်းသာသာ အသက်မွေးခြင်း ရှိတာ

ကြောင့် ထီးနန်းစည်းစိမ်နှင့် တိုင်းပြည်
တစ်ခုလုံးပါ မီးလောင်လည်း ငါ့ရဲ့ စည်း
စိမ်ကို လောင်တယ်လို့ ငါမထင်ဘူး”လို့
ဆိုလိုက်ပါတယ်။

မိဖုရားငယ်တွေလည်း နောက်တော်ပါးကနေ အမျိုးမျိုး ငိုမြည်တမ်းပြီး လိုက်ပါကြပါတယ်။ မိဖုရားကြီးဟာလည်း မှူးမတ် ပြည်သူပြည်သားအပေါင်း ခြံရံပြီး ငိုကာယိုကာနဲ့ နောက်တော်ကနေ လိုက်ပါလာပါတယ်။ မြို့ပြင်ရောက်တော့ မိဖုရားဟာ အကြံတစ်ခု ရပြီး စစ်သူကြီး အမတ်ကြီးတို့ကို ခေါ်လို့-

“အမောင်တို့၊ မြို့ရွာတိုင်း နိုင်ငံတိုင်းကို လုယက်ဖျက်ဆီးတဲ့ လူဆိုးတွေရဲ့ ရန်မီး ပေါ်လာတဲ့ပုံဟန်ကို ပြုကြစမ်း”လို့ ခိုင်းလိုက်ပါတယ်။ စစ်သူကြီး အမတ်ကြီးတို့လည်း မိဖုရားပြောတဲ့အတိုင်း ချက်ချင်းပဲ ရဲဘော်ရဲမက်တွေ လက်နက်ကိုယ်စီ ကိုင်ခိုင်းပြီး ရွာငယ်နိဂုံးငယ်တို့ကို “ပစ်ဟေ့ ခတ်ဟေ့ သတ်ကြဟေ့” စသည်ဖြင့် အသံတွေ ပေးပြီး မြို့ရဲ့ပတ်ဝန်းကျင်မှာ ကြောက်မက်ဖွယ် လုယက်ဖျက်ဆီး သတ်ဖြတ်ဟန် လုပ်ကြပါတယ်။ မင်းကြီး မြင်လောက်တဲ့နေရာတွေမှာ ရပ်သူရွာသားတွေဟာ ကိုယ်ပေါ်

ချိတ်ရည်တွေ သွန်းလောင်းပြီး ဓားခုတ် လှံထိုး ခံရလို့ သွေးထွက်သံယို ဖြစ်ပြီး ပြေးလာတဲ့အသွင်၊ သွေး အလိမ်းလိမ်း ကပ်နေတဲ့ကိုယ်နဲ့ သစ်ပင်အကြား ကမ်းနား လမ်းမလယ်တွေမှာ သေနေတဲ့ အခြင်းအရာတွေနဲ့ အိပ် နေတဲ့အသွင်၊ ကြောက်မက်ဖွယ် အသံတွေနဲ့ တစ်ပြိုင်နက် အော်ဟစ် ကြွေးကြော်နေတဲ့ အသွင်တွေကို ပြခိုင်းပါ တယ်။ ဒီလိုလုပ်တာဟာ မင်းကြီးကို တောမထွက်စေချင် တဲ့ အတွက်ကြောင့် မိဖုရားက ပရိယာယ်နဲ့ ဖန်တီးခြင်း ပါပဲ။

မိဖုရားကြီးဟာ အဲဒီအချိန်မှာ မင်းကြီးရဲ့ ခြေရင်း မှာ တုပ်ဝပ်ရှိခိုးပြီး "အရှင်မင်းကြီး တောပုန်း ခိုးသား ဓားပြတွေဟာ ကိုယ်တော် ထင်ရှားရှိစဉ်မှာပဲ တိုင်းပြည် ကို ဖျက်ဆီးဖို့ ထကြွ သောင်းကျန်းနေကြပါပြီ။ ဒီပြဿနာ ငြိမ်းအောင် မပြုဘဲနေရင် တိုင်းသူပြည်သားတွေ အကြီး အကျယ် ပျက်စီးကုန်ပါလိမ့်မယ်။ တောပုန်း ခိုးသားဓားပြ တွေကို ကိုယ်တိုင် မြင်တွေ့နေရပါလျက် မနှိမ်နင်းဘဲ မကြွသင့်ပါဘူး။ ဒီရန်တွေ အေးသွားမှ ရဟန်းပြုချင်လည်း ပြုပါ။ အခု နန်းတော်ကို ပြန်ကြွပါ"လို့ လျှောက်ထား တောင်းပန်ပါတယ်။

ဘုရားအလောင်းတော်က "ဒါဟာ မိဖုရားကြီးရဲ့ လုပ်ကြံမှုသာ ဖြစ်ရမယ်"လို့ သိတဲ့အတွက်ကြောင့်-

၁။ သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။
ရဋ္ဌေ ဝိလုမ္ပမာနမှိ၊ နမေ ကိဉ္စိ အဟီရထ။

၂။ သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ

လို့ မိန့်ကြားလိုက်ပါတယ်။ အဓိပ္ပာယ်ကတော့ "မိဖုရား၊ ကိလေသာ ဆိုတဲ့ ကြောင့်ကြ ပူပန်မှု ရှိတဲ့သူ အတွက်သာလျှင် လုယက်ဖျက်ဆီး ခံရခြင်း ရန်မီးဆိုတာ ဖြစ်ပေါ်လာပါတယ်။ ကြောင့်ကြပူပန်ခြင်း ကင်းတဲ့ ငါ့မှာ လုယက်ဖျက်ဆီး ခံရခြင်း ဘေးရန် မရှိပါဘူး။ မိထိလာ ပြည် တစ်ခုလုံးကို ရန်သူတွေ ဖျက်ဆီးလို့ ကုန်သွားသော် လည်း ငါ့မှာ တပ်မက်မှု ကင်းလွတ်နေတာကြောင့် ဘာမှ စိုးရိမ်စရာ မလိုပါဘူး။ ငါဟာ တိုင်းပြည်စည်းစိမ်ကို တံတွေးပေါက်ပမာ စွန့်ပြီး တပ်မက်မှုကင်းတဲ့အတွက် ကြောင့် ဗြဟ္မာများလို ပီတိတည်းဟူသော အစာအာဟာရ ရှိနေပါတယ်။ ဈာန်တရားမှာ မွေ့လျော်ပြီး အချိန်ကို အသုံးချတော့မယ်"လို့ ဆိုပြီး ဆက်လက် ကြွတော်မူပါ တယ်။

ယောဂီတို့လည်း စဉ်းစားကြည့်ပေါ့၊ ကပ်ငြိမှု ရှိနေလို့သာ လောကမှာ ပူပန်နေကြရတာပါ။ ကပ်ငြိမှု ကင်းတဲ့သူတွေမှာ ပူပန်ကြောင့်ကြမှုတွေလည်း ကင်းနေပါလိမ့်မယ်။ ကပ်ငြိမှု နည်းနည်းရှိရင် နည်းနည်းပူပန်ရမယ်၊ များများရှိရင် များများပူပန်ရမယ်။ အီရတ်နိုင်ငံမှာ လူပေါင်းများစွာ သေကြေ ပျက်စီးကြတဲ့အခါ "အော်. . . ဒီလူတွေ ကံဆိုးလိုက်ကြတာ"လို့ ဒီလောက်ပဲ စိတ်ထဲမှာ ဖြစ်ရပါတယ်။ ကိုယ့်ရဲ့ ဆွေမျိုးသားချင်း မိတ်သင်္ဂဟတွေ သေလုမျောပါး ဖျားနာနေပြီဆိုရင် ကိုယ့်စိတ်ထဲမှာ ပူပန်မှုတွေ အကြီးအကျယ် ကြုံတွေ့နေရတော့တယ်။ တစ်စုံတစ်ယောက်က ကိုယ့်ရှေ့မှာ အမှိုက်ပုံကို မီးရှို့နေရင် မြင်ရတဲ့သူမှာ မြင်ခါမျှပါပဲ။ အခြား စိုးရိမ်ပူပန်မှုတွေ ဘာမှ မဖြစ်ပါဘူး။ ကိုယ့်အိမ် ကိုယ့်ခြံကို တစ်စုံတစ်ယောက်က မီးလာရှို့ရင် အကြီးအကျယ် ဒေါသူပုန် ထသွားမှာပါ။ ဒါကြောင့် ပူပန်မှုတွေ ကင်းချင်ရင် တွယ်တာ ကပ်ငြိမှုတွေကို စွန့်ပစ်ရပါလိမ့်မယ်။

✧



# အရေးသားကာ တားမြစ်ရှာ

သိဝလိဒေဝီ မိဖုရားကြီးဟာ ပရိသတ်ခြံရံပြီး အလောင်းတော်ရဲ့ နောက်တော်ကနေ လိုက်ပြန်ပါတယ်။ အဲဒီအခါ အလောင်းတော်က "ဒီ မိဖုရားနဲ့ ပရိသတ်တွေဟာ ငါ မတားမြစ်ဘူးဆိုရင် ဟိမဝန္တာအထိ လိုက်ပြီး ငါ့ကို အန္တရာယ် ပြုကြလိမ့်မယ်။ ဒါကြောင့် ငါဟာ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်"လို့ ကြံပြီး မိထိလာနေပြည်တော်ကနေ ခရီးတာ ဥသဘလေးဆယ် (ကိုက် ၂၈၀၀) လောက် ရောက်တဲ့အခါ နောက်ကို ပြန်လှည့်ကြည့်ပြီး "မှူးတော်မတ်တော်တို့၊ ဒီ မိထိလာပြည်ဟာ ဘယ်သူ့ပြည်လဲ"လို့ မေးတော့ အမတ်တွေကလည်း "အရှင်မင်းကြီးရဲ့ပြည်ပါ ဘုရား"လို့ လျှောက်ထားကြပါတယ်။ အဲဒီတော့ မင်းကြီးက "မှူးတော် မတ်တော်တို့၊ ဒီပြည်ဟာ သင်တို့ဆိုတဲ့အတိုင်း ငါအစိုးရတဲ့ ပြည် ဖြစ်တယ်ဆိုရင် ဘယ်သူ

တစ်စုံတစ်ယောက်ကမှ ကျော်နင်းပြီး မလိုက်စေဖို့ ဒီလမ်းမမှာ ကန့်လန့်ဖြတ် အရေးအကြောင်း ငါ ရေးခြစ်ခဲ့မယ်။ ကျော်နင်း ဖျက်ဆီးတဲ့သူကို ရာဇဝတ်အပြစ်ဒဏ် ထင်ထင်ရှားရှား ပေးရမယ်”လို့ မိန့်ကြားပြီး လက်စွဲတော် တောင်ဝှေးနဲ့ အဲဒီ လမ်းမကြီးမှာ ကန့်လန့်ဖြတ် ရေးခြစ်ပြီး ပရိသတ်ကို ကျောခိုင်းပြီး သွားပါတော့တယ်။

မှူးတော် မတ်တော်အပေါင်းတို့ဟာ ဘုရားအလောင်းတော်ရဲ့ အရှိန်အဝါကြောင့် အဲဒီ အရေးအကြောင်းကို မကျော်နင်းဝံ့ကြဘူး။ အလောင်းတော်ကို မျှော်ကြည့်ရင်း အဲဒီအရေးအကြောင်းကို ဦးခိုက်လို့ ငိုကြွေးပြီးတော့ နေကြပါတယ်။ မိဖုရားကြီးဟာ ယူကြုံးမရ ဖြစ်ပြီး အလောင်းတော်ကို မျှော်ကြည့်လို့ အရေးအကြောင်းကို ဦးခိုက်ရှိခိုးပြီး မြေကြီးပေါ်မှာ လူးလိမ့် ငိုကြွေးနေပါတယ်။ လူးလိမ့်မှုကြောင့် အရေးအကြောင်းလည်း ပျက်စီးသွားပါတယ်။ အဲဒီတော့ မှူးမတ် ပြည်သူတို့က-

“ဒီအရေးအကြောင်းကို သူတစ်ပါး ဖျက်တာ မဟုတ်ဘူး။ တမင်သက်သက် ဖျက်တာ မဟုတ်တဲ့အတွက်ကြောင့် ရာဇဒဏ် ဆိုတာ မရှိဘူး”လို့ ပြောပြီး မင်းကြီးရဲ့နောက်ကို လိုက်ကြပြန်ပါတယ်။ မိဖုရားနဲ့ မှူးမတ်

ပြည်သူတို့ ငိုကြွေးကြရတာဟာ ဘုရားအလောင်းတော်ရဲ့ အပေါ်မှာ တဏှာနဲ့ ကပ်ငြိ တွယ်တာနေကြလို့ပါ။ တဏှာကြီးလေ ငိုကြွေးကြရလေပါပဲ။ ငိုကြွေးပူဆွေးမှု ကင်းချင်ရင် တဏှာကို ပယ်ဖို့ ကြိုးစားကြပါ။ ဘုရားရဟန္တာ အရှင်မြတ်တွေမှာ ပူဆွေးမှု မရှိတာဟာ တဏှာ ပယ်ထားပြီး ဖြစ်နေလို့ပါ။ ဒါကြောင့်-

တဏှာယ ဇာယတိ သောကော၊

တဏှာယ ဇာယတိ ဘယံ။

တဏှာယ ဝိပ္ပမုတ္တဿ၊

နတ္ထိ သောကော ကုတော ဘယံ လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

တဏှာယ-ကပ်ငြိမှုတဏှာကြောင့်၊ သောကော-စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်၊ ဇာယတိ-ဖြစ်၏၊ တဏှာယ-ကပ်ငြိမှု တဏှာကြောင့်၊ ဘယံ-ညှိုးခြောက်ကိုယ်တွင်း ဘေးရောက်ခြင်းသည်၊ ဇာယတိ-ဖြစ်၏၊ တဏှာယ-ကပ်ငြိမှု တဏှာမှ၊ ဝိပ္ပမုတ္တဿ-ရှင်းရှင်းလွတ်သောသူအား၊ သောကော-စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်၊ နတ္ထိ-မရှိ။ ဘယံ-ညှိုးခြောက်ကိုယ်တွင်း ဘေးရောက်ခြင်းသည်ကား၊ ကုတောအတ္ထိ-အဘယ်မှာ ရှိနိုင်ပါတော့အံ့နည်း။

ဘုရားအလောင်းတော်မှာတော့ မင်းစည်းစိမ်ကိုရော မိဖုရားမောင်းမ အပေါင်းတို့ကိုရော ကပ်ငြိမှု မရှိတာကြောင့် ပူပန်မှုလည်း ငြိမ်းနေပါတယ်။ အလောင်းတော်မြတ်ဟာ မိဖုရားကြီးနဲ့ မှူးမတ် ဗိုလ်ထု ပရိသတ်ကို ပြန်ခိုင်းလို့ မရတဲ့အတွက်ကြောင့် အနှောင်အဖွဲ့ တန်းလန်းနဲ့ပဲ ဟိမဝန္တာကို ရှေးရှုပြီး ယုဂန္ဓရခြောက်ဆယ်တိုင်အောင် ကြွခဲ့ပါတယ်။ လမ်းခရီးမှာ ညဉ့်အခါရောက်တိုင်း မိဖုရားကြီးဟာ သစ်တပ်တည်ခိုင်းပြီးတော့ တဲစခန်း ချနေပါတယ်။ အလောင်းတော်ကတော့ အဲဒီ သစ်တပ်တဲနန်းမှာ မနေဘဲ လွတ်လွတ်ကျွတ်ကျွတ် သစ်ပင်တစ်ပင်ရဲ့ အရင်းမှာပဲ တစ်ကိုယ်တော်တည်း ကျိန်းစက်နေပါတယ်။ ဒီလိုနဲ့ပဲ နေ့စဉ် ကြွခဲ့တာ မိထိလာပြည်ကနေ ယုဂန္ဓရခြောက်ဆယ် ကွာဝေးတဲ့အရပ်ကို ရောက်လာခဲ့ပါတယ်။

✧

# နာရဒရသေ့ လာပြီးတွေ့

အဲဒီအချိန်မှာ နာရဒအမည်ရှိတဲ့ ရသေ့တစ်ပါးဟာ ဟိမဝန္တာတောထဲမှာ ရွှေဂူအတွင်းဝင်ပြီး ဈာန်သမာပတ် ဝင်စားလို့ ပြီးခါစ ရှိပါသေးတယ်။ ဒီရသေ့ဟာ လောကီ အဘိညာဉ်ငါးပါးကို ရရှိပြီးသားပါ။ အဘိညာဉ် ငါးပါးဆိုတာ

၁။ ဒိဗ္ဗစက္ခု = နတ်တို့ရဲ့ မျက်စိလို အင်မတန် သိမ်မွေ့တဲ့ အဆင်းအာရုံ၊ ဝေးလံတဲ့ အရပ်မှာ ရှိတဲ့ အဆင်းအာရုံတွေကို မြင်နိုင်စွမ်းတဲ့ ဉာဏ်။

၂။ ဒိဗ္ဗသောတ = နတ်တို့ရဲ့ နားလို အင်မတန် သိမ်မွေ့တဲ့ အသံ၊ ဝေးလံတဲ့ အရပ်မှာရှိတဲ့ အသံတွေကို ကြားနိုင်စွမ်းရှိတဲ့ဉာဏ်။

၃။ ပရစိတ္တဝိဇာနန = သူတစ်ပါးတို့ရဲ့ စိတ်အကြံကို သိစွမ်းနိုင်တဲ့ ဉာဏ်။

၄။ ကုဒ္ဒိဝိဓ = အထူးထူးအပြားပြား ပုံစံအမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ ဉာဏ်။

၅။ ပုဗ္ဗေနိဝါသာနုဿတိ = ရှေးရှေးဘဝမှာ မိမိဖြစ်ခဲ့ ဖူးတာတွေကို သိနိုင်တဲ့ဉာဏ်။

အခု ဒီဉာဏ် (၅)မျိုးကို လောကီအဘိညာဉ်လို့ ခေါ်ပါတယ်။ အဘိညာဉ်ရပြီးသား ပုဂ္ဂိုလ်အနေနဲ့ ဈာန် ဝင်စားရတာ ခက်ခဲမှု မရှိပါဘူး။ အခု နာရဒရသေ့ဟာ ဈာန်ဝင်စားခဲ့တာ (၇)ရက် ပြည့်သွားတော့ ဈာန်ကနေ ထပြီး "ချမ်းသာလိုက်တာ၊ ချမ်းသာလိုက်တာ"လို့ ဝမ်း မြောက်ဝမ်းသာ ဥဒါန်းကျူးပြီးတော့ "ဒီ ဇမ္ဗူဒိပ်ကျွန်းမှာ ငါ့လို ချမ်းသာကို ရှာမှီးသူ တစ်စုံတစ်ယောက် ရှိလေ သလား"လို့ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ကြည့်ရှု ဆင်ခြင်ပါတယ်။ အဲဒီလို ကြည့်တဲ့အခါ ဘုရားအလောင်းတော် မဟာဇနက မင်း တောထွက်တော်မူလာတာကို မြင်တွေ့ရပါတယ်။ အဲဒီတော့ နာရဒရသေ့က-

"ဒီ မဟာဇနကမင်းဟာ ကြီးကျယ်တဲ့ မင်းစည်းစိမ် ကို စွန့်ပြီးတော့ တောထွက် ရဟန်းပြုလာပြီ၊ မိဖုရား ကြီးငယ် အသွယ်သွယ်နဲ့ မှူးမတ်အပေါင်းတို့က နောက် ကနေ ဝန်းရံပြီး လိုက်လာကြပြန်ပြီ၊ မင်းကြီးဟာ ပရိသတ်

ကို ပြန်လွှတ်လို့ မရဖြစ်နေတယ်။ မင်းကြီးဟာ လောကီ စည်းစိမ်တွေမှာ တပ်မက်မှုလောဘကို ဈာန်နဲ့ မခွာနိုင် သေးဘူး။ မိဖုရား မှူးမတ်တွေရဲ့ ဖြားယောင်းမှု ညွတ်ကွင်း ကနေ လွတ်အောင် မရုန်းနိုင်ရင် ရဟန်းပြုရခြင်းရဲ့ အန္တရာယ် ဖြစ်နေလိမ့်မယ်၊ ဒါကြောင့် အခု ငါ သွားပြီး အဆုံးအမပေးရင် ကောင်းမယ်" လို့ ကြံပြီး ဣဒ္ဓိဝိဓ အဘိညာဉ် တန်ခိုးနဲ့ ဘုရားအလောင်းတော် ရှိရာကို ကောင်းကင်ကနေ လာခဲ့ပါတယ်။ ဘုရားအလောင်းတော် ရဲ့ ရှေ့ ကောင်းကင်မှာ ရပ်ပြီးတော့-

"အို ရဟန်း၊ သင့်မှာ အခြားရဟန်းတွေနဲ့ မတူ ပါလား၊ အသံတွေကလည်း ဆူညံလို့၊ ဝတ်ကောင်းစားလှ တွေ ဆင်မြန်းထားတဲ့ သတို့သမီးပျိုတို့ရဲ့ တီတီတာတာ အသံတွေကလည်း မြေကြီးတုန်လှုပ်လုနီးပါး ဆူညံလှပါ လား၊ အကြောင်းဘယ်လိုပါလဲ"လို့ မေးတော့ အလောင်း တော်က-

"အရှင်ရသေ့၊ ကိလေသာ အဆီးအတားတွေကို ဖျက်ဆီးပြီး ကျွန်ုပ်ဟာ ရဟန်းဘောင် ဝင်ရောက်လာခဲ့ ပါတယ်။ ဟောဒီ ပရိသတ်ဟာ နောက်ကနေ လိုက်လာ ကြပါတယ်။ တိုင်းပြည်စည်းစိမ်မှာ ကျွန်ုပ် မကပ်ငြိပါဘူး။

ရှင်ရသေ့လိုပဲ ဈာန်သမာပတ်တွေနဲ့ မွေ့လျော်ချင်ပါ တယ်။ ကိလေသာ ကွန်ယက်ကနေ လွတ်မြောက်ပြီး အခု လို ရဟန်းအဖြစ်ကို ရခဲ့တာမို့ ကိုယ့်အကြောင်းကို အဖန် ဖန်တွေးပြီး ဟိမဝန္တာတောကို ထွက်လာခဲ့ပါတယ်။ "ဝိဒေ ဟရာဇ်တိုင်းကြီးကို စွန့်ပြီး မဟာဇနကမင်းကြီး တော ထွက်ခဲ့တယ်"ဆိုတဲ့ သတင်းစကားကို အရှင် ကြားတော်မူ လောက်ပါတယ်လို့ ဆိုလိုက်ပါတယ်။

ဘုရားအလောင်းတော်ရဲ့ စကားကို ကြားရတော့ နာရဒ ရသေ့က-

မာသုတိဏ္ဏော အမညိတ္ထ၊

သရီရံ ဓာရယံ ဣမံ။

အတီရနေယျံ ယမိဒံ၊

ဗဟူဟိ ပရိပန္ထယော လို့ မိန့်ကြားလိုက်ပါတယ်။

အဓိပ္ပာယ်ကတော့ "ရှင်ရဟန်း၊ ဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်းကို ဝတ်ကာမျှနဲ့ ကိလေသာကို ဖျက်ဆီးနိုင် ပြီလို့ ထင်မှတ်လေသလား၊ ရဟန်းပြုကာမျှနဲ့ ကိလေသာ ကို မဖျက်ဆီးနိုင်သေးပါဘူး။ နတ်ရွာနိဗ္ဗာန်ခရီးကို မရောက်နိုင်အောင် ဆီးတားတတ်တဲ့ ကိလေသာ ဘေး ရန်တွေဟာ နောက်ကနေ ထက်ကြပ် ဝန်းရံပြီး လိုက်နေပါ

သေးတယ်။ ရန်သူတွေရဲ့ လက်ထဲ ပါမသွားရအောင် ရဟန်းဘဝဆိုတဲ့ ချည်တိုင်မှာ အဖန်တလဲလဲ နှစ်သက်ခြင်းဆိုတဲ့ ကြိုးနဲ့ စိတ်ကို မြဲမြဲကြီး နှောင်ဖွဲ့နိုင်မှသာ ကိလေသာ ရန်သူတွေရဲ့ လက်မှ လွတ်မြောက်မှာပါ”လို့ သတိပေးလိုက်ပါတယ်။

ယောဂီတို့လည်း ဒီစကားကို စဉ်းစားကြည့်ပါ။ ရဟန်းအဖြစ် အသွင်ကိုယူပြီး သင်္ကန်းဝတ်ထားရုံ ရဟန်းလို့ အခေါ်ခံရရုံနဲ့ မပြီးသေးပါဘူး။ ကိလေသာတွေက လွတ်ချင်ရင် တကယ် ကျင့်ရမှာပါ။ အဝတ်ညိုကလေးတွေ ဝတ်ထားရုံနဲ့၊ ယောဂီဆိုတဲ့ အမည်ပညတ်ကို ရထားရုံနဲ့ ကိစ္စ မပြီးသေးပါဘူး။ တကယ် လက်တွေ့ကျကျ ကျင့်သုံးနိုင်မှသာ ကိလေသာတွေကို ပယ်စွန့်နိုင်ပြီး ဆင်းရဲ ဒုက္ခကနေ လွန်မြောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နာရဒရသေ့က ဘုရားအလောင်းတော်ကို သတိပေးနေတာပါ။ နာရဒရသေ့ရဲ့ သတိပေးစကားကို ကြားရတော့ ဘုရားအလောင်းတော်ဟာ မိမိရဲ့ စင်ကြယ်ကြောင်းကို ဖော်ပြပြီး ကိလေသာ ဘေးရန်အကြောင်းကို မေးချင်တာကြောင့်-

“အရှင်ရသေ့၊ အခု ကျွန်ုပ်ဟာ လူတို့ရဲ့ ကာမဂုဏ်ကို တောင့်တခြင်း မရှိပါဘူး။ ကာမဂုဏ်ကို တောင့်တ

ခြင်း ကင်းတဲ့ ကျွန်ုပ်ကို ဘယ်လိုဘေးရန်တွေက နှိပ်စက်နိုင်ဦးမှာလဲ။ ကျွန်ုပ်အနီးမှာ ရှိနေတဲ့ ဘေးရန်တွေက ဘာတွေလဲဆိုတာ မိန့်ကြားပေးစမ်းပါဦး" ဆိုတော့ နာရဒ ရသေ့က

"နိဒ္ဒါ တန္ဒီ ဝိဇမ္ဘိတာ၊ အရတိ ဘတ္တသမ္မဒေါ။

အာဝသန္တိ သရီရဋ္ဌာ၊ ဗဟူဟိ ပရိပန္ထယော" လို့ ဆိုလိုက်ပါတယ်။ အဓိပ္ပာယ်ကတော့ ရှင်ရသေ့၊ ကာမဂုဏ် အနှောင်အဖွဲ့က ထွက်မြောက်ပြီး ရဟန်းအဖြစ်သို့ ရောက်သော်လည်း မိမိတို့ကိုယ်မှာ နေ့တိုင်းမပြတ် ဘေးရန်တွေက ရှိနေသေးတယ်။ အဲဒီဘေးရန်တွေဆိုတာ

၁။ အအိပ်ကြူးခြင်း၊

၂။ ပျင်းရိခြင်း၊

၃။ ကိုယ်လက် တဆန့်ဆန့်နှင့် အပျင်းလိမ်ခြင်း၊

၄။ ရဟန်းတရားမှာ မမွေ့လျော်ခြင်း၊

၅။ အစားအစာမှာ အတိုင်းအရှည်မသိဘဲ စားမိလို့ အစာယစ်ခြင်း အားဖြင့် ဘေးရန်တွေ ဝိုင်းနေသေးတယ်။ သင့်မှာ မြင်ရတဲ့ သူတိုင်းရဲ့ ကြည်ညိုဖွယ် ရုပ်အဆင်းလည်း ရှိနေတယ်။ တိုင်းပြည်စည်းစိမ်ကို စွန့်ပြီးတော့ ရဟန်း ပြုနိုင်ပါပေတယ်လို့ ကြားရတဲ့လူတိုင်းက ကြည်ညို

ကြတယ်။ ကြည်ညိုတဲ့အတွက်ကြောင့် မွန်မြတ်တဲ့ ခဲဖွယ် ဘောဇဉ်တွေကို လှူဒါန်းကြလိမ့်မယ်။ သူများတွေ လှူဒါန်း သမျှ အရသာကောင်းတွေကို သပိတ်အပြည့် ခံယူပြီး အားရအောင် စားလို့ ကျောင်းသင်္ခမ်းထဲဝင် အလိုရှိတိုင်း အိပ်နေလိမ့်မယ်။ အိပ်ရာက နိုးတဲ့အခါ ချက်ချင်းမထသေး ဘဲ လူးလိမ့်လို့ ခြေပစ်လက်ပစ် အကြာကြီး နေပြီးမှ ထ လိမ့်မယ်။ ထပြီးနောက် အရသာကောင်းမှာ ယစ်နေလို့ ပျင်းရိခြင်းကြောင့် ကျောင်းမှာ တံမြက်စည်းလှည်းခြင်း သောက်ရေသုံးဆောင်ရေ တည်ထားခြင်း၊ ကမ္မဋ္ဌာန်းမှာ လုံ့လပြုခြင်း မရှိဘဲ နောက်ထပ်တစ်ဖန် ထပ်အိပ်ဦးမယ်။ အဲဒီလိုအားဖြင့် ဘေးရန်တွေဟာ အများကြီး ရှိနေပါသေး တယ်။

ဒါကြောင့် ကာမဂုဏ်ကို စွန့်ပစ်ထားရုံနဲ့ ဘေးရန် မကုန်သေးပါဘူး။ သင်ဟာ "ငါ့မှာ ကာမဂုဏ်ကို လွန် မြောက်ပြီး ရဟန်းဖြစ်ပြီလို့ ဒီလောကကလေးနဲ့ ကျေနပ် ပြီး လုံ့လကို လျှော့ချလိုက်ရင် အခု ငါ ပြောခဲ့တဲ့ ဘေးရန် တွေဟာ သင့်ကို နှိပ်စက်လိမ့်မယ်။ အဲဒီလို အနှိပ်စက် ခံရရင် ကာမစိတ်တွေ များပြီး ရဟန်းတရားမှာ မွေ့လျော် မှာ မဟုတ်တော့ပါဘူး"လို့ ဆိုပါတယ်။ အဲဒီလို နာရဒ

ရသေ့ရဲ့ စကားကို ကြားရတော့ ဘုရားအလောင်းတော်ဟာ အလွန်နှစ်သက်ပြီး ကောင်းချီးပေးလိုတဲ့ အတွက်ကြောင့် "အရှင်ရသေ့ သင်ဟာ ကျွန်ုပ်ကို ကောင်းသော စကားနဲ့ အဆုံးအမ ပေးလိုက်ပါတယ်။ ရှင်ရသေ့ဟာ ကျွန်ုပ်ရဲ့ ဆရာပါ။ အရှင်ရသေ့ရဲ့ အမည်ဟာ ဘယ်သူပါလဲ ဘုရား"လို့ မေးတော့ နာရဒရသေ့က-

၁။ နာရဒေါတ္တတိ နာမေန၊
ကဿပေါတ္တတိ မံ ဝိဒူ။
ဘောတော သကာသမာ ဂစ္ဆိံ၊
သာဓု သဗ္ဗိသမာဂမော။

၂။ တဿ တေ သဗ္ဗော အာနန္ဒော၊
ဝိဟာရော ဥပဝတ္တတု။
ယံ ဦနံ တံ ပရိပူရေဟိ၊
ခန္တိယာ ဥပသမေန စ။

၃။ ပသာရယ သန္နတဉ္စ၊
ဥန္နတဉ္စ ပသာရယ။
ကမ္မံ ဝိဇ္ဇဉ္စ ဓမ္မဉ္စ၊
သက္ကတွာန ပရိဗ္ဗဇ

လို့ သုံးဂါထာနဲ့ ပြန်ကြား ပြောဆိုလိုက်ပါတယ်။

အဓိပ္ပာယ်ကတော့ (၁) ရှင်ရသေ့ ငါ့ကို အမည်အားဖြင့် နာရဒလို့ အများက ခေါ်ကြတယ်။ အမျိုးအနွယ်အားဖြင့် ကဿပလို့ အများက သိကြတယ်။ ငါဟာ အလွန်ဝေးလှတဲ့ ဟိမဝန္တာ တောအရပ်မှာ ဈာန်ချမ်းသာနဲ့ နေတဲ့သူပါ။ သူတော်ကောင်းတွေနဲ့ တစ်ခဏမျှ အတူနေရသော်လည်း အကျိုးစီးပွား များတယ်လို့ သိတာကြောင့် သင့်ထံလာခဲ့ပါတယ်။

(၂) သင်ဟာ အသက်ထက်ဆုံး ရဟန်းတရားမှာ ပျော်မွေ့စွာနဲ့ မဖောက်မပြန် နေနိုင်ပါစေ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မဝိဟာရ (မြတ်သောနေခြင်း) တရားလေးပါးနဲ့ ချမ်းသာစွာ နေနိုင်ပါစေ။ လောကမှာ သူတော်ကောင်းလို့ ဝန်ခံနေကြတဲ့သူ အချို့ဟာ မိမိတို့မှာ ရှိတဲ့ တစ်စုံတစ်ခုသော ဂုဏ်ကိုမှီပြီး

(၃) ငါကတော့ အလျှုရှင်ကြီးပဲ၊ ငါ့မှာ ငါးပါးသီလနဲ့ ပြည့်စုံတယ်၊ ရှစ်ပါးသီလနဲ့ ပြည့်စုံတယ်၊ ဆယ်ပါးသီလနဲ့ ပြည့်စုံတယ်၊ ငါ့မှာ ဈာန်အဘိညာဉ်နဲ့ ပြည့်စုံတယ်၊ ငါဟာ မင်းမျိုး၊ ငါဟာ ပုဏ္ဏားမျိုး၊ ငါဟာ သူဌေးမျိုး စသည်ဖြင့် မာန်ထောင်လွှားမှုကလေးတွေ ရှိတတ်သေးတယ်။ အဲဒီလို မာန်ထောင်လွှားမှုကို နှိမ့်ချမှု၊ သည်းခံမှု

တရားတွေနဲ့ဖြစ်စေ မိမိမှာ ထင်ရှားရှိတဲ့ အသိပညာတရားနဲ့ဖြစ်စေ နှိပ်ကွပ် ဆုံးမပြီး ကောင်းကောင်းမွန်မွန်ကျင့်လိုက်စမ်းပါ။

ဒီလောကမှာ တစ်စုံတစ်ခုသော ဂုဏ်ရှိတဲ့ သူတွေဟာ မိမိတို့ရဲ့ ဂုဏ်ကို မှီပြီး-

၁။ **ဟီနမာန** (ကိုယ့်အောက် ညံ့သောမာန်)

၂။ **သဒိသမာန** (ကိုယ်နှင့် တန်းတူထားသော မာန်)

၃။ **ပဏီတမာန** (ကိုယ်နှင့်မတန် လွန်ကဲသောမာန်)

အဲဒီလို မာန်သုံးမျိုးထဲမှာ တစ်ပါးပါးနဲ့ ထောင်လွှားနေတတ်ကြတယ်။ အဲဒီလို ထောင်လွှားမှု မှန်သမျှကို နှိပ်ကွပ် ဆုံးမပြီး မြတ်တဲ့ ရဟန်းတရားကို ကျင့်သုံးအားထုတ်စမ်းပါ"လို့ ဆုံးမဩဝါဒ ပေးပြီး ကောင်းကင်ခရီးနဲ့ မိမိနေရာ ရွှေဂူကို ပြန်ကြွသွားပါတယ်။ နာရဒရသေ့ ပြန်ကြွသွားပြီးတဲ့အခါ ဘုရားအလောင်းတော်ဟာ ဟိမဝန္တာတောကို ဦးတည်ပြီးတော့ သွားပြန်ပါတယ်။ မိဖုရားနဲ့ မှူးမတ် ဗိုလ်ပါ ပရိသတ်တို့ဟာလည်း နောက်တော်ကနေလိုက်ကြပြန်ပါတယ်။

နာရဒရသေ့ဟာ ကိုယ်တိုင် သူပေါ်မပေါင်းဟာရားကျင့်သုံးနေတာကြောင့် သူတော်ကောင်းစိတ် ရှိသူတွေကို

မိမိလိုပဲ သူတော်ကောင်းတရားနဲ့ ချမ်းချမ်းသာသာ နေစေလိုပါတယ်။ အနှောင့်အယှက် အန္တရာယ်တွေ မဖြစ်စေလိုပါ။ ဒီလို မေတ္တာစိတ် ကရုဏာစိတ်တွေ ရှေ့ထားပြီး ဘုရားအလောင်းတော်ကို တမင်သက်သက် လာရောက်ဆုံးမပါတယ်။ ဒါကြောင့် ယောဂီတို့ဟာလည်း ယခု သူတော်ကောင်းတရားတွေကို ကျင့်သုံးနေကြတာကြောင့် သူတော်ကောင်း အစစ်ဖြစ်အောင် ကြိုးကြိုးစားစားနဲ့ တကယ် ကျင့်သုံးကြပါ။ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း သူတော်ကောင်းတွေ ဖြစ်နိုင်ကြပါစေဆိုတဲ့ စင်ကြယ်တဲ့ စိတ်ဓာတ်တွေနဲ့ မှန်မြတ်တဲ့ လုပ်ငန်းတွေမှာ အကူအညီပေးကြပါ။ သူတစ်ဖက်သား ဆင်းရဲဒုက္ခ ဖြစ်စရာတွေမှာ ပြေလည်အောင် ကူညီဖြေရှင်းပေးကြပါ။ ဒါဟာ သူတော်ကောင်းတွေရဲ့ လမ်းစဉ်ပါပဲ။

✧

# မိဂါဇိန်ရသေ့ လာပြီးတွေ့

အဲဒီအချိန်မှာ ဟိမဝန္တာတော ရွှေဂူတစ်ခုအတွင်းမှာ မိဂါဇိန် အမည်ရှိတဲ့ ရသေ့တစ်ပါးဟာလည်း ဈာန်သမာပတ် ဝင်စားရာကနေ ထပြီး လောကကို ကြည့်လိုက်တဲ့အခါ ဘုရားအလောင်းတော်ကို မြင်တော့-

"ဩော်. . . မဟာဇနကမင်း တောထွက်လာတာကို မိဖုရားနဲ့ ပြည်သူတို့က လိုက်နေကြပါပေါ့လား။ ရဟန်းဘဝရဲ့ အန္တရာယ် မဖြစ်ရလေအောင် ငါသွားပြီးတော့ အဆုံးအမ ပေးရရင် ကောင်းမယ်"လို့ ကြံပြီး ဘုရားအလောင်းတော်ရဲ့ရှေ့ ကောင်းကင်ပြင်မှာ ရပ်ပြီး-

"မဟာဇနကမင်း၊ မြို့ ရွာ နိဂုံး ဆင်မြင်းရထား သူဌေး၊ သူကြွယ်၊ မှူးမတ်အပေါင်းနဲ့ အင်မတန် စည်ကားလှတဲ့ မိထိလာပြည်ကြီးမှာ အဖိုးတန် ဝတ်စားတန်ဆာတွေကိုရော၊ ပိုချိန်တစ်ရာ ရှိတဲ့ ရွှေလင်ပန်းကိုရော စွန့်

ပြီးတော့ အဖိုးမတန်တဲ့ ဒီသင်္ကန်းကို ဝတ်၊ အဖိုးမတန်တဲ့ မြေသပိတ်ကို လွယ်ပြီး ထွက်လာခဲ့တာ ဘယ်လိုအကြောင်းကြောင့်ပါလဲ၊ သင့်ကို ဆွေတော်မျိုးတော် မှူးမတ် ပြည်သူပြည်သားတို့ ဟိမဝန္တာအရောက် ပို့ပြီး နှင်ထုတ်လိုက်လို့ ဒီမြေခွက် မြေသပိတ်ကို နှစ်သက်နေရတာလား”လို့ မေးလိုက်ပါတယ်။ အဲဒီတော့ အလောင်းတော်က-

“သစ်နက်ရေသင်္ကန်းကို ဝတ်ရုံတော်မူတဲ့ အရှင်ရသေ့၊ ကျွန်ုပ်ဟာ မိထိလာပြည်ကြီးမှာ အနှစ် ခုနစ်ထောင်ပတ်လုံး မင်းပြုနေခဲ့ပါတယ်။ အဲဒီကာလမှာ ဆွေတော်မျိုးတော်တွေကိုရော တိုင်းသူပြည်သားတွေကိုပါ ဘယ်တော့မှ မတရား မပြုကျင့်ခဲ့ပါဘူး၊ တရားသဖြင့်သာ အုပ်ချုပ်ပြီး နေခဲ့ပါတယ်။ ဘယ်သူကမှ ကျွန်ုပ်ကို ပြစ်မှားတယ်ဆိုတာလည်း မရှိခဲ့ပါဘူး”လို့ ဆိုပြီးတော့ မိမိရဲ့ မြင့်မြတ်တဲ့ တောထွက်ပုံကို ပြတော်မူလိုတာကြောင့်-

ဒိသွာန လောကဝတ္တန္တံ၊ ခဇ္ဇန္တံ ကဒ္ဒမီကတံ။
ဟညရေ ဗဇ္ဈရေ စေတ္ထ၊ ယတ္ထ သန္နော ပုထုဇ္ဇနော။
တေဟံ ဉပမံ ကတွာ၊ ဘိက္ခုကောသ္မိ မိဂါဇိန။
လို့ ဂါထာစကားနဲ့ ပြန်ပြောလိုက်ပါတယ်။

အမိပ္ပါယ်ကတော့ "သစ်နက်ရေ သက်န်းကို ဝတ်တဲ့ ရှင်ရသေ့၊ ဒီလောကမှာ လူအပေါင်းကို ဝတ္ထုကာမ ကိလေသာကာမဆိုတဲ့ ပိုးဟာ အမြဲမပြတ် ကိုက်ခဲနေပါတယ်။ ကိလေသာ ရွံ့နွံ့ပျောင်းမှာ သတ္တဝါတွေဟာ အမြဲ အလိမ်းအကျံ ခံနေရတယ်။ တဏှာတည်းဟူသော ကြိုးနဲ့လည်း အနှောင်အဖွဲ့ ခံနေရတယ်။ အဲဒီလို ဆင်းရဲ ဒုက္ခတွေနဲ့ ကြုံတွေ့နေရပါလျက် ပုထုဇဉ် လူမိုက်တို့ဟာ ကပ်ငြိသာယာပြီး မွေ့လျော်နေကြတယ်။ အဲဒီ ပုထုဇဉ် တွေကို သံသရာ ဝဋ်ဆင်းရဲမှာ ဘေးရန်တွေက မပြတ် နှိပ်စက်နေပါတယ်။ အဲဒီ ပုထုဇဉ်တို့ရဲ့ အပြစ်ကို မြင်ရ တာကြောင့် ဝဋ်ဆင်းရဲကနေ လွယ်လွယ်ကူကူ ထွက် မြောက်ဖို့ရာ ဒီအဝတ်ကို ဝတ်ပြီး ဒီခွက်နဲ့ အသက်မွေး လို့ တရားကို ကျင့်ကြံ ပွားများရလေအောင် ကျွန်ုပ် ရဟန်း ပြုခဲ့ပါတယ်။ အပြစ်ဒဏ်သင့်လို့ ရဟန်းပြုလာရတာ မဟုတ်ပါဘူး"လို့ ဆိုလိုက်ပါတယ်။

ဘုရားအလောင်းတော်ရဲ့ စကားမှာ ဝတ္ထုကာမ ကိလေသာ ကာမကို ပိုးကောင်နဲ့ ဥပမာပေးသွားပါတယ်။ ပိုးကိုက်ခံရတဲ့ လယ်တွေဟာ အသီးအနှံ မအောင်မြင် တော့သလို အပင်ပါ လုံးပါးပါးပြီး သေသွားရသလို ကိလေ

သာ အနှိပ်စက် ခံရတဲ့ သတ္တဝါလည်း ဒီလိုပါပဲ။ လယ်တွေ ယာတွေ ခြံတွေအိမ်တွေ တိုက်တာစက်ရုံတွေ ကားတွေ များများရှိတဲ့သူက များများကြီး ပူရပါတယ်။ ထွက်သွားတဲ့ကား အချိန်တန်လို့ ပြန်မရောက်ရင် ပူရတယ်။ ကိုယ့် အလုပ်ရုံမှာ အလုပ်သမားတွေ မှန်မှန်အလုပ်ဆင်းရဲ့လား ဆိုတာ တွေးရင်း သောကဖြစ်ရတယ်။ ငါ့လယ်မှာ ဒီနှစ် စပါးထွက်ပါ့မလား၊ မိုးကကြီးလို့ အပင်တွေ သေသွားဦး မလား စသည်ဖြင့် တွေးပြီး ပူရပါတယ်။ သားသမီး ရှိတဲ့ သူဆိုရင် သားသမီးရဲ့ ပညာရေး၊ စီးပွားရေး၊ အိမ်ထောင် ရေးတွေနဲ့ စပ်ပြီး ပူရပြန်တယ်။ အချို့ဆိုရင် တွေးရင်း တွေးရင်း စိတ်ထိခိုက်ပြီး မစားနိုင် မအိပ်နိုင် အခြေအနေ တောင် ရောက်ကြရပါသေးတယ်။ အဲဒါဟာ ဝတ္ထုကာမ ကိုမှီပြီး မိမိရဲ့စိတ်အစဉ်မှာ ကိလေသာပိုး အကိုက်ခံရ တာပါ။

နောက်ပြီးတော့ ကာမဂုဏ်ကို ရွှံ့ညွန်ပျောင်းနဲ့ ဥပ မာပေးသွားပါတယ်။ ရွှံ့ညွှန်ထဲ ဆင်းသွားမိတဲ့သူဟာ ရွှံ့ညွှန်ရဲ့ ပေကျံခြင်းခံရပါတယ်။ ကုန်းပေါ်ကို ပြန်တက် ဖို့ရာ ရွှံ့ညွှန်များရင် များသလို အခက်အခဲနဲ့ ကြုံရပါ တယ်။ အချို့ဆိုရင် မိမိဘာသာ ပြန်မတက်နိုင်လို့ အခြား

သူက လာရောက် အကူအညီ ပေးရတာတွေလည်း ရှိပါတယ်။ အချို့ ကားတွေဆိုရင် ရွှံ့ညွန်ထဲမှာ နစ်နေလို့ လယ်ထွန်စက်နဲ့ လာပြီး ဆွဲရတာကိုလည်း တွေ့ရပါတယ်။ ရွှံ့ညွန်ထဲမှာ နစ်နေတဲ့ နွားတွေကို လူတွေသွားပြီး ထုတ်ဆောင်ပေးရတာတွေလည်း တွေ့ဖူးပါတယ်။

ယောဂီတို့လည်း ပတ်ဝန်းကျင်လောကကို တစေ့တစောင်း လှေ့လာကြည့်ပါ။ ကလေးတွေ ငယ်သေးလို့ သူတို့ကို ပစ်ထားပြီး တရားစခန်းလာဝင်လို့ မဖြစ်တာတွေ၊ အိမ်စောင့်မယ့်လူ မရှိလို့ ဥပုသ်နေ့မှာတောင် ဥပုသ်မစောင့်နိုင်၊ တရားလာမနာနိုင်တဲ့သူတွေ၊ အလုပ်သမားတွေကို စိတ်မချရလို့ ကျောင်းကိုတောင် မရောက်နိုင်တဲ့သူတွေ၊ ဖောက်သည်တွေ ပျက်သွားမှာစိုးလို့ ဆိုင်ပိတ်ပြီး တရားမဝင်ဖြစ်သူတွေ ပြောရမယ်ဆိုရင်တော့ မကုန်နိုင်ဘူး။ အများကြီးပါပဲ။ အဲဒီလူတွေဟာ တကယ်တော့ ရွှံ့ညွန်နစ်နေကြတာပါပဲ။ ကိုယ့်ကိုယ်ကို နစ်လို့ နစ်မှန်း မသိတဲ့လူတွေလည်း အများကြီးရှိပါသေးတယ်။

ကာမဂုဏ်ကို နှောင်ကြိုးနဲ့လည်း ဥပမာပြုသွားပါတယ်။ ကြိုးတုပ်ခံထားရတဲ့သူဟာ လွတ်လွတ်လပ်လပ် မသွားနိုင်သလို အိုးအိမ်တိုက်တာ ရွှေငွေလယ်ယာ ဆင်

မြင်း၊ ကျွဲနွား၊ ယာဉ်ရထားဆိုတဲ့ ကာမဂုဏ်ကြိုးတွေ အတုပ်ခံထားရတဲ့သူကိုလည်း ကြည့်ပေါ့။ ကျောင်းကန် ဘုရား လွတ်လွတ်လပ်လပ် သွားပြီး ဥပုသ်သီတင်း စောင့် သုံးဖို့၊ တရားဘာဝနာ ပွားများဖို့ မလွယ်ပါဘူး။ အချို့ ဆိုရင် လုပ်ငန်းက တစ်ခုမက နှစ်ခု သုံးခု ချဲ့လိုက်သေး တယ်။ အဲဒီလူဟာ ကြိုးများများ အတုပ်ခံချင်လို့ပါ။ ကာမဂုဏ်ကြိုးကို မဖြတ်နိုင်ဘဲ ကပ်ငြိမှုနဲ့ သေသွားကြ တော့ ကိုယ့်အိမ်ကိုယ့်ခြံနားမှာပဲ သွားပြီးတော့ ပြိတ္တာဖြစ် ရပြန်ရော၊ အဲဒါဟာ ကြိုးတုပ်ခံထားရလို့ပါ။ ဒါကြောင့် ယောဂီတို့လည်း ကြိုးတွေကို ဖြတ်ထားကြပါ။

ဘုရားအလောင်းတော်ကတော့ ဒီ ကာမဂုဏ်တွေ က လွတ်အောင် ကြိုးစားနေပါတယ်။ နှောင်ကြိုးတွေကို ဖြတ်နေပါတယ်။ အလောင်းတော်ရဲ့ တရားစကားကို အကျယ်တဝင့် ထပ်မံ နားထောင်ချင်တာကြောင့်-

အရှင် မဟာဇနကမင်းမြတ်၊ သင် အခု ပြောနေ တာ ဘယ်ဆရာ့အထံကနေ ကြားခဲ့ရတဲ့ စကားပါလဲ။ သင့်ရဲ့ဆရာက ဘယ်သူပါလဲ။ သင့်ရဲ့စကားဟာ အလွန် သန့်ရှင်းစင်ကြယ်ပါတယ်။ ဒီလို စကားမျိုးကို ဈာန်အဘိ ညာဉ်နဲ့ ပြည့်စုံတဲ့ ကမ္ဗဝါဒီ (ကံကိုယုံကြည်၍ ပြောဆိုလေ့

ရှိသူ) ရသေ့၊ အာသဝက္ခယဝိဇ္ဇာဉာဏ် (အာသဝေါ တရား လေးပါး ကုန်ပြီးတဲ့ ဉာဏ်) နဲ့ ပြည့်စုံတဲ့ ပစ္စေကဗုဒ္ဓတို့မှ တစ်ပါး ဘယ်သူမှ မဟောပြနိုင်ပါဘူး။ အဲဒီလို သူတော် ကောင်းတွေကို အမှီမရဘဲ သင် ပြောဆိုနေတဲ့ ရဟန်း ကျင့်ဝတ်တရားကို မကျင့်နိုင်ပါဘူး။ သင်ပြောတဲ့အတိုင်း ဝဋ်တရားကနေ လွတ်မြောက်နိုင်တဲ့သူကို သမဏလို့ ခေါ်ဆိုပါတယ်။ ဘုရားရှင်တို့ရဲ့ စကားကို သင်က ပြောပြ နေတဲ့အတွက်ကြောင့် သင့်ရဲ့ဆရာဟာ ဘုန်းတော်ကြီး မားတဲ့ ဘုရား ဖြစ်ပုံရတယ်။ ဟုတ်မှန်တဲ့အတိုင်း ပြောစမ်း ပါ"လို့ မေးတော့ ဘုရားအလောင်းတော်က-

"မိဂါဇိန် ရသေ့၊ ကျွန်ုပ်ဟာ ရဟန်းပြုခြင်းရဲ့ အကျိုးတရားတွေ၊ ရဟန်းတို့ရဲ့ ကျင့်ဝတ်တရားတွေကို သိလိုစိတ်နဲ့ ဘယ်ဆရာ့ထံမှာမှ မမေးဖူးပါဘူး။ ဘယ် ဆရာကမှလည်း ရဟန်းတို့ကျင့်ဝတ်၊ ရဟန်းပြုရခြင်းရဲ့ ဂုဏ်ကျေးဇူးတွေကို ဟောကြားဖူးတယ်ဆိုတာ မရှိပါဘူး" လို့ ပြောကြားလိုက်ပါတယ်။ ဘုရားအလောင်းတော်ဟာ ပစ္စေကဗုဒ္ဓအရှင်မြတ်တွေကို အမြဲမပြတ် လုပ်ကျွေး ပြုစု နေတဲ့ ဒကာဖြစ်ပါတယ်။ ပစ္စေကဗုဒ္ဓ အရှင်မြတ်တွေရဲ့ အယ်ကနေ တရားနာကြားရသော်လည်း ရဟန်းပြုရခြင်း

ရဲ့ ဂုဏ်ကျေးဇူးကို လျှောက်ထား မေးမြန်းမှု မရှိခဲ့ဘူးတာကြောင့် ဆရာမရှိဘူးလို့ ပြောလိုက်တာပါ။

နောက်ပြီးတော့ ဘုရားအလောင်းတော်ဟာ မိမိရဟန်းပြုခဲ့ရခြင်းရဲ့ အကြောင်းကို အရင်းအမြစ်က စပြီး အကျယ်ကို ပြောကြားလိုတာကြောင့်-

"မိဂါဇိန်ရသေ့၊ စင်စစ်တော့ သရက်ပင် နှစ်ပင်သာလျှင် ကျွန်ုပ်ရဲ့ ဆရာဖြစ်ပါတယ်။ တစ်နေ့သောအခါမှာ ဆင်မြင်းရထား ခြေသည် မှူးမတ် ပုရောဟိတ် မင်းညီမင်းသားအပေါင်း ခြံရံပြီး အတီးအမှုတ် တူရိယာမျိုးစုံနဲ့ ကျွန်ုပ်ဟာ ဥယျာဉ်တော်ကို ထွက်လာခဲ့ပါတယ်။ ဥယျာဉ်တံခါးဝမှာ သရက်ပင်နှစ်ပင်ရှိတယ်။ တစ်ပင်ကတော့ အခက်အရွက် ပြည့်စုံပြီး တစ်ပင်ကတော့ အခက်အရွက်တွေ ကျိုးပဲ့စုတ်ပြတ်နေတာကို မြင်ရပါတယ်။ ရေမြေဒေသ တူညီပါလျက် အခက်အရွက်ထွက်ပုံ နုပုံ ရင့်ပုံမတူတဲ့အကြောင်းက ဘယ်လိုပါလဲလို့ ကြံမိပြီး သရက်ပင်ရဲ့ အရင်းကို သွားကြည့်ပြီး အမတ်တွေကို မေးတော့-

"ဒီအပင်က အသီးသီးတာကြောင့် လူတွေရဲ့ ဆွတ်ခူး ညှဉ်းဆဲ ခံရပြီး အခက်အရွက် ပျက်စီးခဲ့ရတယ်။ ဟိုဘက် အပင်ကတော့ အသီးမသီးတာကြောင့် နှောင့်

ယှက်ညှဉ်းဆဲမှုက လွတ်တဲ့အတွက်ကြောင့် အခက်အရွက်တွေ ဝေဝေဆာဆာ ရှိတယ်”လို့ လျှောက်ထားတဲ့ စကားကို ကြားရတဲ့ခဏမှာပဲ-

‘မင်းစည်းစိမ်ဟာ အသီးသီးတဲ့ သရက်ပင်နဲ့ တူတယ်။ ရသေ့ ရဟန်းရဲ့အဖြစ်ဟာ အသီးမသီးတဲ့ သရက်ပင်နဲ့တူတယ်’လို့ သဘောပေါက်ပြီး ထိတ်လန့် သံဝေဂဖြစ်တာကြောင့် ရဟန်းပြုခဲ့တာပါ။ တောထဲက ကျားသစ်ကို အရေလိုချင်လို့ သတ်ကြပါတယ်။ ဆင်ကိုတော့ အစွယ်လိုချင်လို့ သတ်ကြပါတယ်။ အိမ်ရာထောင်မှု စည်းစိမ်လည်းမရှိ၊ အဆွေခင်ပွန်း၊ အပေါင်းအဖော်လည်းမရှိ၊ တစ်ယောက်တည်း နေတဲ့သူကိုတော့ ဘယ်ရန်သူက ညှဉ်းဆဲမှာလဲ”လို့ ကြံစည်ပြီး ရဟန်းအဖြစ်မှာ အမြဲမပြတ် စိတ်ညွတ်လို့ သရက်ပင်နှစ်ပင်ကို ဆရာတင်ပြီး ကျွန်ုပ် တောထွက်လာခဲ့ပါတယ်”လို့ ဆိုလိုက်ပါတယ်။

ဘုရားအလောင်းတော်ရဲ့ စကားကို ကြားလိုက်ရတော့ မိဂါဇိန် ရှင်ရသေ့ဟာ-

“မဟာဇနကမင်း. . ကောင်းပါပေစွ၊ အခုလိုသင့်ရဲ့ စိတ်ကို ရန်သူ ဝင်ရောက် မဖျက်ဆီးရလေအောင် လုံ့လပြုပြီး မမေ့မလျော့ ကျင့်ပါ”လို့ အဆုံးအမ ပေးပြီး မိမိနေရာ ဟိမဝန္တာတော ရွှေဂူထဲ ပြန်ကြွသွားပါတယ်။

မိဂါဇိန်ရသေ့ဟာ တကယ်တော့ ဘုရားအလောင်းတော်ရဲ့ အကျိုးကို လိုလားလို့ အခုလို လာရောက် သတိပေးတာပါ။ ကလျာဏမိတ္တ (မိတ်ဆွေကောင်း)လို့ ခေါ်ပါတယ်။ လောကမှာ မကောင်းတဲ့ မိတ်ဆွေတွေကတော့ ပေါပါတယ်။ အပြစ်မကင်းတဲ့ အမှုကိစ္စတွေမှာ အားပေးတဲ့သူတွေဟာ ပါပမိတ္တ (မိတ်ဆွေယုတ်)တွေပါပဲ။ ကောင်းကျိုး ချမ်းသာရဖို့ လမ်းပြတဲ့သူ၊ ကောင်းတဲ့လုပ်ငန်းမှာ အားပေးတဲ့သူတွေကိုတော့ ကလျာဏမိတ္တ (မိတ်ဆွေကောင်း) လို့ ခေါ်ပါတယ်။ ဒါကြောင့် ယောဂီတို့ဟာ ကြီးပွားချမ်းသာမှုကို လိုလားတယ်ဆိုရင် ကလျာဏမိတ္တ (မိတ်ဆွေကောင်း)ကို ရွေးချယ်ပြီး ပေါင်းသင်း ဆည်းကပ်ကြပါ။ မိတ်ဆွေယုတ်ကို ချဉ်းကပ် မှီဝဲလို့ စီးပွားရေးတွေ ပျက်ပြားပြီး မျက်မှောက်ဘဝမှာတောင် အချုပ်အနှောင်ခံရတာတွေ၊ မိတ်ဆွေကောင်းကို အမှီရလို့ စီးပွားရေး၊ ပညာရေးတွေ အထက်တန်းရောက်ပြီး ကြီးပွားနေကြတာတွေကိုလည်း သင်ခန်းစာယူကြပါ။

မိဂါဇိန်ရသေ့ ပြန်သွားပြီးနောက် မိဖုရားကြီးဟာ ဘုရားအလောင်းတော်ရဲ့ ခြေအစုံကို ဦးခိုက်ပြီး-

"အရှင်မင်းကြီး၊ အခု ကိုယ်တော် ရဟန်းပြုတာဟာ ဘယ်သူ့ကိုမှ တိုင်ပင် ပြောဆိုမှု မပြုခဲ့ပါဘူး။ အများသူငါ

အရိပ်ခိုတဲ့ ပညောင်ပင်ကြီးကို ဂဠုန်ငှက် သုတ်ယူသွားလို့ ပါသွားသလို ကိုယ့်သဘောနဲ့ကိုယ် ရဟန်းပြုခဲ့တာကြောင့် ဆွေတော်မျိုးတော် မှူးတော်မတ်တော် ပြည်သူလူထု အပေါင်းတို့ဟာ ထိတ်လန့်ပူဆွေးမှု ဖြစ်ရပါတယ်ဘုရား။ ရဟန်း တကယ်ပြုချင်ရင် လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပြီး စီမံခန့်ခွဲပြီးမှ ပြုသင့်ပါတယ်ဘုရား။ အခုအခါ ပြည်သူ ပြည်သားတို့ရဲ့ စီးပွားချမ်းသာကို ဆောင်တဲ့ အနေနဲ့ နေပြည်တော်ကို ပြန်ပါဦး၊ သားတော် ဒီဃာဝုကို မင်းစည်းစိမ် အပ်နှင်းပြီး တိုင်းရေးပြည်ရေး ကိစ္စတွေကို လျစ်လျူရှုပြီး နန်းတွင်းမှာ နေလိုကလည်း နေတော်မူပါ။ ဥယျာဉ်တော်အတွင်းမှာ ရဟန်းပြုချင်လည်း ပြုပါ။ ဟိမဝန္တာကို ကြွလိုကလည်း ကြွပါ။ တိုင်းရေးပြည်ရေး ကိစ္စတွေကို စီမံပြီးမှ အလိုရှိတိုင်း ပြုတော်မူပါဘုရား" လို့ လျှောက်ထားလိုက်ပါတယ်။ ဘုရားအလောင်းတော် ဟာ ပကတိ သွားမြဲတိုင်း သွားနေရာက မိဖုရားရဲ့ စကားကို ကြားရတဲ့အခါ-

"အို. . မိဖုရား၊ မြို့ရွာနိဂုံး ဇနပုဒ်သားတွေ၊ နန်းတွင်းသူ နန်းတွင်းသားတွေ၊ သားသမီး ချွေးမ အစရှိတဲ့ ဆွေမျိုးအပေါင်းတွေ၊ မှူးမတ်ဗိုလ်ပါ စစ်သူကြီး ပရော

ဟိတ်တွေ၊ ထီးနန်းစည်းစိမ်တွေကို ငဲ့ကွက်ခြင်းမရှိဘဲ ငါ စွန့်ပစ်လိုက်ပြီ။ ရဟန်းဖြစ်နေတဲ့ ငါ့မှာ သားသမီးဆိုတာ မရှိတော့ပါဘူး။

သားတော် ဒီဃာဝုဟာ-

၁။ ထီးနန်းအရှင်ရဲ့ သားတော်လည်း ဖြစ်ပါတယ်။

၂။ မိမိအကျိုးစီးပွား၊ သူတစ်ပါး အကျိုးစီးပွားကို စဉ်းစား မြော်မြင် အသင့် စီမံ ဝေဖန် ခွဲခြမ်းနိုင်တဲ့ ပညာစွမ်းနဲ့လည်း ပြည့်စုံပါတယ်။

၃။ တတ်သင့် တတ်ထိုက်တဲ့ ပညာကိုလည်း သင်ကြား တတ်မြောက်ပြီးပြီ၊

ဒီဃာဝု မင်းသားဟာ ဝိဒေဟရာဇ်တိုင်းပြည်ကြီးရဲ့ အစီးအပွားကို ဆောင်ပြီး ထီးနန်းစိုးစံ အုပ်ချုပ်ပါလိမ့်မယ်။ ငါမရှိလို့ ပြည်သူတွေမှာ ကိုးကွယ်ရာမဲ့ မဖြစ်နိုင်ပါဘူး”လို့ ဆိုလိုက်ပါတယ်။

အဲဒီအခါ မိဖုရားကြီးဟာ ဘုရားအလောင်းတော်ရဲ့ နောက်ကနေလိုက်ပြီး “အရှင်မင်းကြီး ကိုယ်တော် ရဟန်းပြုခဲ့ရင် ကျွန်တော်မမှာ တစ်ယောက်တည်း ဘယ်လို နေရတော့မှာလဲ”လို့ ဆိုပြန်ပါတယ်။

အဲဒီတော့ ဘုရားအလောင်းတော်က-

"မိဖုရားကြီး သင့်ကို ငါအကြံပေးမယ်။ ဒီဃာဝုမင်းသား မင်းဖြစ်ခဲ့ရင် သင့်အနေနဲ့ အမှုခပ်သိမ်းကို မဆောင်ရွက်ဘဲ နေနိုင်မှာ မဟုတ်ဘူး။ အဲဒီလိုဆိုရင် ကိုယ်နှုတ်နှလုံး သုံးပါးလုံးမှာ တစ်ပါးပါးနဲ့ ဒုစရိုက်အမှုဖြစ်ပွားလာလိမ့်မယ်။ အဲဒီ ဒုစရိုက်အမှုဟာ ကောင်းရာသုဂတိဘုံကို ပို့တတ်တဲ့ တရားမဟုတ်ဘူး။ အပါယ်လေးဘုံကိုသာ ပို့ဆောင်တတ်တဲ့သဘော ရှိတယ်၊ ဒါကြောင့် တစ်အိမ်တစ်လုတ် ရတတ်သမျှ ဆွမ်း၊ ရတတ်သမျှ သင်္ကန်းနဲ့ သပိတ်ကို ပိုက်ပြီး ရဟန်းအကျင့်ကို ကျင့်ရင်းကုသိုလ်တွေ ပွားများရာအရပ်မှာ တစ်ယောက်တည်း ကမ္မဋ္ဌာန်းတရားကို ပွားများပါ။ အဲဒါဟာ သူတော်ကောင်းတွေ ချီးမွမ်းတဲ့ အလုပ်ပါပဲ" လို့ ပြောဆို ဆုံးမလိုက်ပါတယ်။

အဲဒီလို အချင်းချင်း စကားများပြောပြီး သွားနေစဉ် နေဝင်ခါနီး အချိန်မှာ ထူဏာမြို့အနီးကို ရောက်သွားပါတယ်။ မိဖုရားကြီးဟာ သင့်တော်ရာ အရပ်မှာ သစ်တပ် တည်ပြီး ညဉ့်တည်းခိုနေပါတယ်။ ဘုရားအလောင်းတော်ကလည်း လှူပရိသတ်နဲ့ မနီးမဝေး သစ်ပင်တစ်ပင်ရဲ့ အရင်းမှာ ညဉ့်တည်းခိုနေပါတယ်။ နံနက် မိုးသောက်

အလင်းရောက်တော့ ဘုရားအလောင်းတော်ဟာ စခန်းချရာ နေရာကနေ ဆက်လက် ထွက်ကြွသွားတော်မူပါတယ်။ မိဖုရားကြီးလည်း မှူးမတ်ဗိုလ်ပါတို့ကို "သင်တို့နောက်ကနေ ဖြည်းဖြည်းလိုက်လာခဲ့ကြ" လို့ ဆိုပြီး အလောင်းတော်ရဲ့ နောက်ကနေ ဆက်လက် လိုက်သွားပါတယ်။ အဲဒီလို သွားကြရင်း မင်းနဲ့ မိဖုရားဟာ ဆွမ်းခံချိန် ရောက်တော့ ထူဏာမြို့ကို ဆိုက်ရောက်သွားပါတယ်။

✧



# အပြစ်ကင်းစင် အမဲကင်

အဲဒီအချိန် မြို့တွင်းမှာ ယောက်ျားတစ်ယောက်ဟာ အိမ်ဈေးကနေ အမဲသားကို ဝယ်လာခဲ့ပါတယ်။ အဲဒီအမဲသားကို တံစိုးနဲ့ထိုး မီးကင်ပြီး အအေးခံထားလိုက်တယ်။ အဲဒီယောက်ျား အခြားကို အာရုံပြုနေစဉ် ခွေးတစ်ကောင်က အမဲကင်ကို ချီပြီးတော့ တောင်ဘက် တံခါးဆီ ထွက်ပြေးသွားပါတယ်။ အဲဒီယောက်ျားဟာ ခွေးကို အပြေးလိုက်တာ တောင်ဘက် တံခါးဝရောက်တာတောင် မမီနိုင်တော့တဲ့အတွက်ကြောင့် လက်လျှော့ပြီး ပြန်လာခဲ့ရတော့တယ်။ ဘုရားအလောင်းတော်နဲ့ မိဖုရားတို့ မြို့တံခါးကို ရောက်တဲ့အခါ ခွေးနဲ့ ရင်ဆိုင်တွေ့ပါတော့တယ်။ အဲဒီအခါ ခွေးဟာ ကြောက်စိတ် ပြင်းထန်တာကြောင့် အမဲကင်ကို ပစ်ချပြီး လွတ်ရာကို ထွက်ပြေးသွားပါတယ်။ အဲဒီအခါ ဘုရားအလောင်းတော်ဟာ ‘ခွေးဟာ အမဲကင်ကို

ပစ်ချပြီး ထွက်ပြေးသွားပြီ၊ ပိုင်ရှင် မရှိတော့တဲ့အတွက် ကြောင့် အမဲကင်ဟာ ပံ့သကူ ဖြစ်နေပြီလို့ ယူဆပြီး အလောင်းတော်ဟာ မြေသပိတ်ထဲကို ကောက်ထည့်လို့ ရေရှိရာကို ကြွတော်မူပါတယ်။

အဲဒီအခါ မိဖုရားကြီးက "မင်းကြီးဟာ မင်းစည်းစိမ်မှာ ငဲ့ကွက်မှု ရှိသေးလို့ ရဟန်းအကျင့်မှာ စိတ်မခိုင်သေးဘူးဆိုရင် ဒီလောက် ရွံရှာဖွယ်ဖြစ်တဲ့ မြေမှုန့်အလိမ်းလိမ်း ကပ်နေတဲ့ ခွေးရဲ့ စားကြွင်းစားကျန် အမဲကင်ကို စားမှာ မဟုတ်ဘူး။ တကယ်လို့သာ အမဲကင်ကို စားရင်တော့ မင်းစည်းစိမ်မှာ ကပ်ငြိခြင်း မရှိလို့ပဲ"လို့ ကြံစည်ပြီး-

"အရှင်မင်းကြီး၊ စက်ဆုပ် ရွံရှာဖွယ် ခွေးရဲ့ စားကြွင်းစားကျန်ဖြစ်တဲ့ အမဲကင်ကို သုံးဆောင်မလို့လား။ ဒါဟာ ရှင်ဘုရင်ရဲ့ စားတော်မဟုတ်ပါဘူး"လို့ လျှောက်တင်လိုက်တော့ အလောင်းတော်က-

"မိဖုရား၊ သင်ဟာ ပညာမရှိတော့ ဒီ အမဲကင်ရဲ့ ဂုဏ်ကျေးဇူးကို မသိဘူးနော်"လို့ မိန့်ပြီး ရေရှိတဲ့ အရပ်မှာထိုင်လို့ စင်စင်ကြယ်ကြယ် ရ[illegible]တဲ့ အမဲကင်ကို ဘုဉ်းပေး သုံးဆောင်လိုက်ပါတယ်။ ဘုရားအလောင်းတော် သုံးဆောင်ပြီးတော့ မိဖုရားက-

"အရှင်မင်းကြီး၊ အမျိုးမြတ်တဲ့ သူတော်ကောင်းများဟာ သုံးရက်လေးရက် အစာငတ်မွတ်နေရသော်လည်း ဒီ အမဲကင်ကို ရွံရှာဖွယ်ဖြစ်တာကြောင့် မစားသုံးပါဘူး။ အသက်ကိုသာ အသေခံပါတယ်။ ဒီလိုဖြစ်ပါလျက် အရှင်ကတော့ အမျိုးမြတ်တဲ့ သူတော်ကောင်း မဟုတ်သလို ရွံရှာဖွယ်အမဲကင်ကို အားရပါးရ သုံးဆောင်နေလိုက်တာဟာ မသင့်တော်ပါဘူးဘုရား"လို့ လျှောက်တင်လိုက်ပါတယ်။ အဲဒီတော့ အလောင်းတော်က-

"မိဖုရား၊ သင်ဟာ အမွှေးအကြိုင်တွေ ဆီပျားတွေနဲ့ စီရင်ထားတဲ့ အစာကိုမှ မြင့်မြတ်တဲ့သူတို့ရဲ့ အစာလို့ထင်နေသလား။ ဒီ အမဲကင်ဟာ မြင့်မြတ်တဲ့အစာ ဖြစ်ကြောင်းကို သင် မသိဘူး။ စင်စစ်တော့ ဒီ အမဲကင်ကို ပိုင်ရှင်ဖြစ်တဲ့လူကရော ခွေးကရော စွန့်ပစ်ထားလိုက်ပြီ။ အဲဒါကြောင့် ဒီ အမဲကင်ဟာ ပံ့သကူ ဖြစ်နေပြီ။ ဒီ အမဲကင်ကို ငါတော့ တရားသဖြင့် ရထားလိုက်ပြီ။ ဒီလို တရားသဖြင့် ရတဲ့ အစာမျိုးသာလျှင် သူတော်ကောင်းတို့ရဲ့ အစာဖြစ်ပါတယ်။ လောကမှာ အဝတ်တန်ဆာဖြစ်စေ၊ ရွှေငွေ အစရှိတဲ့ ဥစ္စာစည်းစိမ်ဖြစ်စေ၊ ဘာမဆို တန်ဖိုးကြီးတယ်၊ မကြီးဘူး ဆိုတာကို ထောက်ရှုပြီး အယုတ်

အမြတ် မခွဲသင့်ပါဘူး။ တရားသဖြင့် ရတယ်၊ မတရားသဖြင့် ရတယ်ဆိုတာကိုသာ ကြည့်ပြီး အယုတ်အမြတ် ခွဲဝေထိုက်ပါတယ်။

တရားသဖြင့် ရတဲ့ ပစ္စည်းဥစ္စာဟာဖြင့် ပဲဝက်လောက်ပဲ တန်ဖိုးရှိပါစေ၊ မြင့်မြတ်တဲ့ သူတော်ကောင်းတွေ သုံးဆောင်သင့်တဲ့ အရာသာဖြစ်ပါတယ်။ မတရားသဖြင့် ရထားတဲ့ ပစ္စည်းဥစ္စာဟာ တန်ဖိုး တစ်သိန်းလောက် ထိုက်စေဦးတော့၊ သူယုတ်မာတွေရဲ့ သုံးဆောင်ရာသာ ဖြစ်ပါတယ်။ ငါ အခု တရားသဖြင့် ရထားတဲ့ အမဲကင်ကို ဘာကြောင့် သူယုတ်တို့ရဲ့ အစာလို့ သင်က ဆိုရတာလဲ”လို့ မိန့်ကြားပြီး ဆက်လက် ကြွချီတော်မူပါတယ်။

ဒီနေရာမှာ ဘုန်းကြီးတို့ တရားနာ ပရိသတ်အနေနဲ့ သင်ခန်းစာ ယူရမှာပါ။ ပတ်ဝန်းကျင် လောကမှာတော့ တရားသဖြင့် ရတာ မရတာကို မစိစစ်တော့ဘဲ အကွာရာမြင့်တဲ့ကား စီးတဲ့သူ၊ သိန်းထောင်ကျော်တန် ကားစီးတဲ့သူ၊ တိုက်ကြီး ဟိန်းနေအောင် ဆောက်ထားတဲ့သူ၊ ရွှေငွေ လက်ဝတ်တန်ဆာတွေ ညွတ်နေအောင် ဆင်ထားတဲ့ သူကိုမှ ဂုဏ်ရှိတယ်၊ လူရာဝင်တယ်၊ အဆင့်မြင့်တယ်လို့ ပြောဆိုနေကြတယ်၊ အထင်ကြီးနေကြတယ်။

အဲဒီ စည်းစိမ်တွေဟာ အပြစ်ကင်းကင်းနဲ့ ရ,ထား ရင်တော့ ဂုဏ်ရှိတယ်။ အဆင့်မြင့်တယ်လို့ ဆိုရမယ်။ မသမာတဲ့ နည်းလမ်းနဲ့ လိမ်ညာပြီးတော့ ရထားတဲ့ ဟာဆိုရင်တော့ ကိုယ်ကျင့်တရား အဆင့်အတန်း နိမ့်နေ တာကြောင့် လုံးဝ အထင်ကြီးစရာ မရှိပါဘူး။ ကိုယ့်ဝင် ငွေက တစ်လမှာ ငါးထောင်လောက်ပဲ ရှိတဲ့သူဟာ သိန်း တစ်ထောင်ကျော်တန် ကားကြီး စီးနိုင်တယ်ဆိုရင် ဒါဟာ စဉ်းစားစရာပါပဲ။ ဒီကားကို သူ့ဝင်ငွေနဲ့ ဘယ်လိုလုပ်ပြီး ဝယ်မှာလဲ။ စင်စင်ကြယ်ကြယ် ရ,ထားတာ ဟုတ်ရဲ့လား လို့ စိစစ်ရပါလိမ့်မယ်။ သူတော်ကောင်းတို့ရဲ့ နယ်ပယ် မှာတော့ တရားသဖြင့် ရ,ထားတဲ့ ပစ္စည်းကိုသာ မွန်မြတ် တဲ့ ပစ္စည်းလို့ ခေါ်ပါတယ်။ မစင်မကြယ်နည်းလမ်း မမှန်ကန်ဘဲ ရ,ထားတဲ့ ပစ္စည်းဟာ ဘယ်လောက်ပဲ တန်ဖိုးကြီးနေနေ ကိုယ်ကျင့်သိက္ခာ ချွတ်ယွင်းပြီး ရယူ ထားတာကြောင့် အောက်တန်းကျတဲ့ ပစ္စည်းလို့ပဲ သတ် မှတ်လိုက်ပါတော့။

✧

# သတို့သမီးငယ် စကားကြွယ်

မိဖုရားကြီးဟာ ဘုရားအလောင်းတော်ရဲ့ နောက်ကနေ ဆက်ပြီး လိုက်သွားပါတယ်။ တဖြည်းဖြည်းနဲ့ ထူဏမြို့ရဲ့ တောင်ဘက် တံခါးကို ရောက်သွားကြတယ်။ အဲဒီ တံခါးဝမှာ သတို့သမီး ငယ်ငယ်ကလေးတွေဟာ အိုးငယ် ခွက်ငယ် ဆန်ကောငယ်လေးတွေနဲ့ သဲတွေကိုထည့်ပြီး ထမင်းချက်တဲ့ ပုံဟန်၊ ဆန်ပြာနေတဲ့ ပုံဟန်တွေ ပြုလုပ်ကစားနေကြပါတယ်။ အဲဒီ ကလေးမတွေ အုပ်စုထဲမှာ တစ်ယောက်ဟာ လက်တစ်ဖက်မှာ ရွှေလက်ကောက် နှစ်ကွင်း၊ နောက်တစ်ဖက်မှာ ရွှေလက်ကောက် တစ်ကွင်း၊ ဝတ်ဆင်ထားပါတယ်။ လက်ကိုလှုပ်ရမ်းပြီး ကစားနေတဲ့ အခါ လက်ကောက် နှစ်ကွင်းဝတ်ထားတဲ့ ဘက်က လက်ကောက် အချင်းချင်း ထိခိုက်မိတာကြောင့် တချွင်ချွင်နဲ့ အသံမြည်ထွက်နေပါတယ်။ တစ်ကွင်းတည်း ဝတ်ထားတဲ့ လက်ကတော့ အသံမမြည်ပါဘူး။

အဲဒါကို မြင်ရတော့ ဘုရား အလောင်းတော်ဟာ

"အင်း. . . မိဖုရားကြီးဟာ ငါ့နောက်ကနေ လိုက်လာတယ်။ မိန်းမဆိုတာ ရသေ့ ရဟန်းတွေအတွက် အညစ်အကြေးပဲ။ ငါ့ကို သူများတွေ မြင်သွားရင် ဒီကိုယ်တော်ဟာ ရဟန်းဖြစ်နေတာတောင်မှပဲ မယားကို မစွန့်နိုင်သေးဘူးဆိုပြီး ကဲ့ရဲ့ကြလိမ့်မယ်။ အခု ရှေ့လက်ကောက်ရှင် သတို့သမီးငယ်ဟာ ပညာရှိတယ်ဆိုရင် ငါ့ရဲ့ နောက်ကနေ မိဖုရားကြီး မလိုက်ရဲအောင် ပြောဆိုတတ်ပေလိမ့်မယ်။ ဒီ သတို့သမီးငယ်ရဲ့ စကားနဲ့ မိဖုရားကြီး လက်ကနေ လွတ်တန်ကောင်းပါရဲ့"လို့ ကြံစည်ပြီး သတို့သမီးငယ်အနား ကပ်ပြီးတော့-

"အို. . သတို့သမီးငယ်၊ ဘာကြောင့် သင့်ရဲ့ လက်တစ်ဖက်ဟာ အသံမြည်ပြီး နောက်လက်တစ်ဖက်က ဘာကြောင့် အသံမမြည်တာလဲ"လို့ မေးတော်မူပါတယ်။ သတို့သမီးငယ်ဟာ ပါရမီဓာတ်ခံ ရှိသူဖြစ်တာကြောင့် သာမန်ကလေးငယ်တစ်ယောက်လို မဟုတ်ဘဲ ပညာရှိ တစ်ယောက်ပမာ-

"အရှင်ဘုရား၊ ဒီ ဘယ်လက်ဟာ လက်ကောက်နှစ်ကွင်းရှိနေတာကြောင့် အချင်းချင်း ခတ်မိပြီး အသံမြည်

ပါတယ်။ ဒါဟာ အဖော်အဖက်ရှိရင် ဖြစ်တတ်တဲ့ သဘောပါပဲ။ ဟောဒီဘက် လက်ကတော့ လက်ကောက် တစ်ကွင်းတည်းဆိုတော့ အချင်းချင်း ထိခိုက်စရာ မရှိတာကြောင့် အသံမမြည်ဘူးပေါ့ဘုရား။ လောကကြီး မှာလည်း ဘယ်အရာမဆို အဖော်အဖက် ရှိရင် ငြင်းခုံမှု ဆိုတာ ဖြစ်တတ်ပါတယ်။ တစ်ယောက်ထီးတည်း နေသူ မှာတော့ ငြင်းခုံမှုဆိုတာ ဘယ်ဖြစ်မှာလဲဘုရား။ နတ်ရွာ နိဗ္ဗာန်ကို အလိုရှိလို့ ဆံမုတ်ဆိတ် ကျင်စွယ်ကို ရိတ်ဖြတ်ပြီး ရဟန်းတရား ကျင့်သုံးတော်မူတဲ့ အရှင်ဘုရားဟာလည်း အဖော်မပါ တစ်ယောက်တည်း နေခြင်းကိုသာ နှစ်သက် လိုက်စမ်းပါဘုရား။ ဘာကြောင့် အခုလို လှပချောမောတဲ့ မိန်းမကို နောက်လိုက်ပြုပြီး မြို့ထဲ ရွာထဲမှာ လှည့်လည် နေတာလဲ ဘုရား၊ ဒီမိန်းမဟာ အရှင်ဘုရားရဲ့ နှမလား၊ ဇနီးသည်လား၊ ရဟန်းတို့မည်သည် နှမအရင်းပင် ဖြစ် သော်လည်း မိန်းမနဲ့ အတူသွား အတူလာ အတူ နေထိုင်တာဟာ မသင့်တော်ပါဘူးဘုရား၊ မိန်းမနဲ့ အတူတူ နေတာ ကြာလာရင် မိန်းမကို မှီပြီး အကျင့်မြတ်ရဲ့ အန္တရာယ် အနှောင့်အယှက် မကြာမီ ဖြစ်လာပါလိမ့်မယ် ဘုရား”လို့ ပြောလိုက်ပါတယ်။

တကယ်လည်း ဟုတ်ပါတယ်။ ရှင်ရဟန်းတွေဟာ ဝိသဘာဂ အာရုံလို့ ခေါ်တဲ့ မိန်းမတွေနဲ့ တွေ့ဖန်များလာရင် တဖြည်းဖြည်းနဲ့ ကပ်ငြိသာယာမှု ရာဂစိတ်တွေဖြစ်ပေါ်ပြီး မကြာမီ ကိုယ်ကျင့်သီလတွေ ဖောက်ပြန်လို့ လွန်ကျူးတဲ့အဆင့်အထိ ရောက်သွားတတ်ပါတယ်။ မိမိက စောင့်ထိန်းနိုင်ပါတယ် ဆိုသော်လည်း မိန်းမတွေနဲ့ ရောရောယှက်ယှက် နေတာများလာရင် ပတ်ဝန်းကျင်က ဝေဖန် စွပ်စွဲလာတတ်ပါတယ်။ အဲဒီလို စွပ်စွဲလာတော့ စွပ်စွဲတဲ့သူမှာလည်း အကုသိုလ်စိတ်တွေ ဖြစ်လာရပါတယ်။ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ပြစ်တင်တဲ့ စကားကြားရရင် အကဲ့ရဲ့ခံရတဲ့ ရှင်းရဟန်းမှာလည်း ရှက်စရာ ဖြစ်ရပါတယ်။ ငါ့ကို ဒီလို ပြောရဆိုရကောင်းလား၊ ငါ့ကို ဘာမှတ်သလဲ စသည်ဖြင့် မခံချင်စိတ် ဒေါသတွေလည်း ဖြစ်ပေါ်လာတတ်ပါတယ်။ တစ်ပါးတည်း ကင်းကင်းရှင်းရှင်းနေတဲ့ ရဟန်းမှာတော့ "မမြင်ရရာ ကိလေသာ သူဟာသူငြိမ်းသည်"ဆိုသလို မြင်မှု ကြားမှု အစရှိတဲ့ ကိစ္စတွေကြောင့် ဖြစ်နိုင်ခွင့်ရှိတဲ့ ကိလေသာတွေဟာ ဖြစ်ခွင့်မရဘဲ ငြိမ်းနေလို့ မိမိကိုယ်ကျင့်တရားရဲ့ အန္တရာယ် ဖြစ်စရာလည်း မရှိတော့ပါဘူး။ ရှင်ရဟန်းတွေသာ မဟုတ်

သေးပါဘူး။ တရားကို တကယ်ကျင့်သုံးနေကြတဲ့ အမျိုးသားယောဂီတွေဟာလည်း အမျိုးသမီး အာရုံတွေနဲ့ ကင်းကင်းရှင်းရှင်းနေပြီး အားထုတ်ရင် အကောင်းဆုံးပါပဲ။ အမျိုးသမီး ယောဂီတွေဟာလည်း အမျိုးသားတွေနဲ့ ကင်းကင်းရှင်းရှင်းနေပြီး အားထုတ်ရင် အကောင်းဆုံးပါပဲ။ အခုလည်း ကြည့်ကြပေါ့။ ကလေးမငယ်ဟာ ဘုရားအလောင်းတော်ကို ကဲ့ရဲ့ပြစ်တင်စကား ပြောကြားနေပါပြီ။

ဒီစကားကို ကြားရတော့ ဘုရားအလောင်းတော်ဟာ 'သတို့သမီးငယ်က ငါ့ကို ကောင်းကောင်းကြီး ဆုံးမနေပြီ၊ ဒီကလေးမရဲ့ စကားကို မိဖုရားကြီး ဆင်ခြင် စဉ်းစားတတ်ရင်လည်း ကောင်းပါရဲ့၊ ဒီကလေးမငယ်ဟာ ငါ့ကို ထောက်ပံ့ ကူညီမှု ပြုပါပေတယ်'လို့ကြံပြီး-

"မိဖုရား၊ ဒီသတို့သမီးငယ် ပြောတဲ့စကားကို သင် စဉ်းစားမိပါရဲ့လား၊ အခု ပြောသွားတဲ့ ကလေးမငယ်ဟာ ငါ့ရဲ့ သမီးအရွယ် မြေးအရွယ်လောက်ပဲ ရှိပါသေးတယ်။ အမျိုးစည်းစိမ် ဂုဏ်အနေနဲ့ ငါ့ရဲ့ အစေအပါး ကျွန်အဆင့်လောက်ပဲ ရှိပါသေးတယ်။ ဒီလောက် အဆင့်အတန်းနိမ့်တဲ့ သတို့သမီးငယ်က သင့်ကြောင့် ငါ့ကို ကဲ့ရဲ့

ဖြစ်တင်နေပြီ။ ဒါကြောင့် သင်ဟာ ငါ့ကို သနားတယ် ချစ်တယ်ဆိုရင် အခု တွေ့နေရတဲ့ လမ်းကြောင်းနှစ်ခုမှာ သင်က ကြိုက်ရာလမ်းကို ရွေးပါ။ သင်မသွားတဲ့ လမ်းကို ငါ သွားပါ့မယ်။ ဒီနေ့ကစပြီး ငါ့ကို လင်လို့ မမှတ်ပါနဲ့တော့။ သင့်ကိုမှီပြီး ငါ့ရဲ့ အစေအပါးလောက်ရှိတဲ့ သတို့သမီးငယ်က ငါ့ကို သူ့ရဲ့ အစေအပါးလောက် သဘောထားပြီး ကဲ့ရဲ့ ဖြစ်တင်နေပြီ။ ဒါကြောင့် ငါ့စကားကို နားထောင်ပြီး ကုသိုလ်တရားတွေ ပွားများဖို့ရာ သင်နဲ့ငါ လမ်းခွဲကြပါစို့”လို့ သတိပေး ပြောကြားလိုက်ပါတယ်။

ဘုရားအလောင်းတော်ရဲ့ စကားကို ကြားရတော့ မိဖုရားကြီးရဲ့ နှလုံးသားဟာ ပူလောင်လှတဲ့ သံချောင်းနဲ့ ထိုးဆွ မွှေနှောက် ခံလိုက်ရသလို စိတ်ထဲမှာ ပူလောင်ပြီး မခွဲချင်သော်လည်း သတို့သမီးငယ်ရဲ့ရှေ့မှာ ဖြစ်နေတာက တစ်ကြောင်း၊ ဘုရားအလောင်းတော်ရဲ့ စကားတော်ကို မလွန်ဆန်ဝံ့တာက တစ်ကြောင်းမို့-

“အရှင်မင်းကြီး၊ အနှစ်ခုနစ်ထောင်ပတ်လုံး အေးအတူ ပူအမျှ ထီးနန်းစည်းစိမ် ခံစားနေခဲ့ပြီးတော့ ဒီနေ့ရောက်မှ အရှင်မင်းကြီးကို နှမတော်ရဲ့လင် မဟုတ်ဘူးလို့ ဘယ်လိုပြောရက်မှာလဲ။ နှမတော်နဲ့ အတူတူ မနေချင်

တော့ဘူးဆိုရင် ကိုယ်တော်က ယောက်ျားမြတ် ဖြစ်တာကြောင့် လက်ယာဘက်လမ်းခရီးကနေ ကြွတော်မူပါ။ နှမတော်ကတော့ လက်ဝဲဘက် လမ်းခရီးကနေ သွားပါတော့မယ်"လို့ ရှိုက်ကြီးတငင် ငိုကြွေး ပြောဆိုပြီး လမ်းခွဲသွားပါတော့တယ်။ အချိန် နည်းနည်းကြာလာတော့ ရုပ်ပိုင်းဆိုင်ရာ ကိုယ်အင်္ဂါအားဖြင့် ကွဲနေသော်လည်း စိတ်ထဲက မခွဲနိုင် မခွာရက်တာကြောင့် မိဖုရားကြီးဟာ တစ်ဖန် ပြန်လာပြီး အလောင်းတော်ရဲ့ နောက်ကနေ ကြေကွဲဆို့နင့်စွာ ပြောဆိုရင်း လိုက်သွားပြန်ပါတယ်။

ဘုန်းကြီးတို့ ပရိသတ်လည်း ကိုယ်ချင်းစာကြည့်ပေါ့။ ဘဝမှ ဆွေမတော် မျိုးမစပ်ဘဲ အတူတကွ လုပ်ဖော်ကိုင်ဖက်တွေ ရင်းရင်းနှီးနှီး အတူတူနေလာရာကနေ ရုတ်တရက် မလွှဲသာလို့ ခွဲခွာရတဲ့အခါမှာ ဝမ်းနည်း ကြေကွဲမှုတွေ ဖြစ်ရတာ တော်တော်များများ ရှိပါတယ်။ ဘဝများစွာက အတူတကွ ချဖူးတဲ့ရေစက် ပန္နက်ဖူးတဲ့သစ္စာနှစ်ဖြာ ပေါင်းသင်းပြီး နေလာကြတဲ့ ပါရမီဖြည့်ဖက်နှစ်ဦးဟာ ဒီ ပစ္စုပ္ပန်ဘဝမှာလည်း အနှစ် ခုနစ်ထောင်ပတ်လုံး အပြစ်မမြင် ချစ်ကြင်စွာ နေခဲ့ပြီးမှ အခုလို ခွဲခွာရမယ်ဆိုတော့ အတော်ကို ခံစားရပါလိမ့်မယ်။

တရားအသိဉာဏ် နည်းပါးတဲ့သူဆိုရင် ပိုပြီးတော့ ခံစားရပါလိမ့်မယ်။ ဒါကြောင့် ရှင်တော်ဘုရားက-

"သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါမို့ တံ သဘာဝံ အနတီတော တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"လို့ ဟောခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့-

"ငါ့မှာ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးရတဲ့ သက်ရှိ သင်္ခါရ၊ သက်မဲ့သင်္ခါရတွေနဲ့ သေကွဲကွဲရခြင်း၊ ရှင်ကွဲ ကွဲ ရခြင်းဆိုတဲ့ သဘောနဲ့ ကြုံတွေ့ရဦးမယ်။ ဒီလို သဘောကို ဘယ်လိုမှ မလွန်မြောက်နိုင်ဘူးလို့ ရှင်ရဟန်းပဲဖြစ်စေ၊ လူပဲဖြစ်စေ နေ့စဉ်မပြတ် နှလုံးသွင်း ဆင်ခြင်သင့်တယ် လို့ ဟောထားခဲ့ပါတယ်။ ဒီလို ဆင်ခြင်မှုတွေ နေ့စဉ် ရှိ နေမယ်ဆိုရင် တကယ်တမ်း မလွှဲသာလို့ ခွဲခွာရတဲ့အခါ တရားသဘောနဲ့ ဖြေနိုင်ပြီး သည်းခံနိုင်တာပေါ့။ သက်သာရာ ရတာပေါ့။

အညမညံ ပိယာယန္တာ၊ ကောဂ္ဂဝသာ ဒုဝေ။
ဝမိုကာလေ ဝိသံယောဂါ၊ သော ဟိ လောကဓမ္မတာ။

| | | |
|---|---|---|
| လောကေ | = | ဖြစ်ပြန် ပျက်ပြန် ဆက်ဆံ တွဲစပ် လောကဓာတ်ကြီး အတွင်း၌၊ |
| ကောဂ္ဂဝသာ | = | တစ်မိဝမ်းခေါင်း အတူတူ အောင်းကြ ရကုန်သော၊ |

ဒုဝေ = မောင်နှင့်နှမ ဘဝမခြား နှစ်ဦးသား တို့သည်၊

အညမည်ံ = မေတ္တာတုံ့ပြန် ဆက်ဆံဖလှယ် သွယ် သွယ်နှီးရင်း အချင်းချင်းပင်၊

ပိယာယန္တာ = မေတ္တာသဘော ကရုဏာနှော၍ မုဒိတာရော အဝင်အပါ စင်ကြယ်စွာ ချစ်ခင်၍ နေကြပါကုန်လျက်၊

ဝမ္မိကာလေ = သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်သလို ကြီးရင့်တဲ့အချိန် အိုးအိမ်နှင့် နေရ သော အခါကာလ၌၊

ဝိသံယောဂါ = မောင်နှမအရင်းအချာပေမယ့် မငြင်း သာ မရှောင်သာ ခွဲခွာ ကွေကွင်းကြ ရလေကုန်၏။

ဟိ-သစ္စံ = တွေ့ကြုံဆုံကွဲ မလွဲဧကန် စင်စစ် မှန်လှပေ၏။

ဧသော = တစ်သက်နှင့် တစ်ကိုယ်မှာ မပျက်လို မခွဲလို အသည်းလို အချစ်စွဲပါလျက် ခွဲခွာရတယ်ဆိုတဲ့သဘောသည်၊

လောကဓမ္မတာ = ဖြစ်ပြန်ပျက်ပြန် လောကဓံစနစ်ဆိုး

ဟာမို့ ဖြစ်ရိုးစဉ်လာ ဓမ္မတာကြီးတစ်ခု ပါပေတည်း။

တရားသဘောကို နားလည်ထားရင် လောကဓံကို ခံနိုင်ရည်ရှိတယ်။ လောကဓံကို ကြံ့ကြံ့ခံနိုင်မှသာ မုန်တိုင်းထန်တဲ့ လောကအလယ်မှာ အပြုံးမပျက် ဘဝကို ရပ်တည်နိုင်မှာပါ။

✧



# တစ်ယောက်တည်းသာ ကျင့်စမ်းပါ

ဘုရားအလောင်းတော်ဟာ ကရုဏာတွေ လွန်ပြီး မိဖုရားကို မနှင်ရက်တာကြောင့် မိဖုရားနှင့်အတူတူ 'ထူဏာ'မြို့တွင်းဝင်ပြီး ဆွမ်းခံပါတယ်။ အိမ်စဉ်အတိုင်း ဆွမ်းခံကြွနေစဉ် လေးသမားတစ်ယောက်ရဲ့ အိမ်တံခါးဝမှာ ဆွမ်းရပ်တော်မူလိုက်ပါတယ်။ မိဖုရားကြီးကလည်း သင့်တော်တဲ့ တစ်နေရာမှာ ရပ်နေပါတယ်။ အဲဒီအချိန်မှာ လေးသမားကြီးဟာ မြားကို မီးကင်လိုက် မျက်စိတစ်ဖက်ကို မှိတ်ပြီး ကျန်မျက်စိတစ်ဖက်နဲ့ ကြည့်လိုက်နဲ့ မြားတံကို ပအုံးရည်ဆွတ်လို့ ဖြောင့်အောင် ပြုလုပ်နေပါတယ်။ ဘုရားအလောင်းတော်ဟာ လေးသမားကိုမြင်တော့ "ဒီလေးသမားဟာ ပညာရှိသူဖြစ်ရင် ငါ့ကို ပြောသင့် ပြောထိုက်တဲ့ အကြောင်းအရာ တစ်ခုခုကို ပြောမှာ

ပဲ၊ ဒီလေးသမားကို မေးကြည့်ဦးမယ်”လို့ ကြံစည်ပြီး လေးသမားရဲ့ အနီးမှာ-

“အမောင်လေးသမား၊ အခု မျက်စိတစ်ဖက်ကို မှိတ်ပြီး တစ်ဖက်တည်းသော မျက်စိနဲ့သာ ကြည့်ပြီး မြားတံကို ဖြောင့်အောင် လုပ်နေတယ်နော်။ ဆီမီးနှစ်တိုင်ပြိုင်ပြီး ထွန်းသလို မျက်စိနှစ်ဖက်နဲ့ကြည့်ပြီး ဖြောင့်ရရင်ပိုပြီး မကောင်းဘူးလား။ ဘာကြောင့် မျက်စိတစ်ဖက်ကို မှိတ် ထားရတာလဲ၊ မျက်စိတစ်ဖက်တည်းနဲ့ ကြည့်ရတာဟာ ပိုပြီးတော့ မြင်ရလို့လား”လို့ မေးလိုက်ပါတယ်။ လေးသမားကလည်း ပညာဓာတ်ခံ ရှိနေတဲ့သူဆိုတော့-

“အရှင်ရသေ့ဘုရား၊ အဖော်ရှိတိုင်း ကောင်းတာ မဟုတ်ပါဘူး။ မျက်စိနှစ်ဖက်နဲ့ ကြည့်ရင် စိတ်များတာကြောင့် အာရုံလည်း ကွဲပြားပါတယ်။ မြားတံရဲ့ လိမ်တာ တွန့်တာ အဖုအပိမ့်ရှိတာ ဖြောင့်တာ ကောက်တာတွေကို မမြင်ဘဲ တစ်ပြင်တည်းလို့သာ ထင်နေရတာကြောင့် လုပ်ရတာ အတော်ခက်ခဲပါတယ်။ မျက်စိတစ်ဖက်တည်းနဲ့ ကြည့်ပြီး ဖြောင့်ရင် စိတ်တစ်ခုတည်း ဖြစ်တာကြောင့် သမာဓိ ရတာပေါ့။ အဲဒီတော့ သိမ်မွေ့တဲ့မြားရဲ့ ဖြောင့်တာ ကောက်တာ လိမ်တာ တွန့်တာ အဖုအပိမ့် ရှိတာ

တွေကို ထင်ထင်ရှားရှား မြင်ရပြီး ပြုပြင်လို့ လွယ်တာပေါ့။ အခြားနေရာတွေမှာလည်း နှစ်ကိုယ်နှစ်စိတ် နှစ်ပညာနဲ့ ပြုလုပ်နေရင် အနှောင့်အယှက် အငြင်းအခုံများနေတာကြောင့် သမာဓိ မဖြစ်ဘဲ အလွန်ဖြောင့်မှန်ဖို့ ခဲယဉ်းပါတယ်။ မိမိရဲ့ သတိပညာကို ရင့်စေပြီး တစ်ကိုယ်တစ်စိတ် တစ်ပညာတည်းနဲ့ ပြုလုပ်လိုက်ရင် သမာဓိရတာကြောင့် အလွန်ဖြောင့်မှန် တည့်မတ်ပါတယ်။

နတ်ရွာ နိဗ္ဗာန်ကို လိုလားလို့ သက်န်းဝတ်ပြီးနေတဲ့ ရှင်ရဟန်းဟာလည်း အဘယ်ကြောင့် ကိစ္စတွေများအောင် မိန်းမတွေခေါ်ပြီး လာရတာလဲ။ ဒီ မိန်းမဟာ အရောင်အသွေး တောက်ပတယ်။ အသွင်အပြင်က မင်းသမီးလိုပဲ။ အရှင်ဘုရားရဲ့ နှမလား။ ခရီးသည်လား။ နှမအရင်းပဲဆိုတာတောင် ရဟန်းနဲ့ အတူတူ သွားလာနေထိုင်ရင် မတော်ပါဘူးဘုရား။ ရဟန်းဆိုတာ တစ်ယောက်တည်းသာ နေပြီး တရားအကျင့်ကို ကျင့်မှသာ သမာဓိရပြီး တောင့်တတဲ့ အကျိုးတရားနဲ့ ပြည့်စုံမယ် မဟုတ်ပါလားဘုရား။ မိန်းမနဲ့ ရဟန်း အတူတူနေရင် မကြာမီ ရဟန်းသီလတွေ ပျက်စီးတတ်ပါတယ်။ ဒါကြောင့် မိန်းမကို စွန့်ပြီး တစ်ယောက်တည်း ချမ်းချမ်းသာသာ ရဟန်းတရားကို

ကျင့်ကြံတော်မူစမ်းပါ ကိုယ်တော်”လို့ ပြောဆိုလိုက်ပါတယ်။

အဲဒီလို ပြောဆိုပြီး မိမိအိမ်မှာ ဆွမ်းခံရပ်နေတာကိုတောင် သတိမမူ၊ မေးမြန်းပြောဆိုခြင်းကိုလည်း မပြုဘဲ မြားကိုသာ ဖြောင့်အောင် လုပ်နေပါတယ်။ ဘုရားအလောင်းတော်ဟာ လေးသမားနဲ့ စကားပြောပြီး အိမ်စဉ်အတိုင်း လှည့်လည် ဆွမ်းခံတဲ့အခါ အကြမ်းအနုကောင်းသော မကောင်းသော ရောပြွမ်းနေတဲ့ ဆွမ်းကိုမျှတရုံလောက် ရပါတယ်။ ရေပြည့်စုံတဲ့ နေရာကို ရောက်တော့ ဆွမ်းဘုဉ်းပေးပါတယ်။ မိဖုရားကြီးဟာ ဘုရားအလောင်းတော် ကြွတော်မူတိုင်း နောက်တော်ကနေလိုက်လို့ အလောင်းတော် ဆွမ်းစားတာကို ကြည့်ရှုပြီးနေပါတယ်။ အလောင်းတော်ဟာ ဆွမ်းစားပြီးနောက်မိဖုရားကို ခေါ်ပြီး-

“မိဖုရား၊ သင်ဟာ လေးသမား ပြောတဲ့စကားကိုကြားတယ်နော်၊ ငါ့ရဲ့ အစေအပါး ကျွန်အမှုလုပ်လောက်တောင် အဆင့်အတန်း မရှိတဲ့ လေးသမားက ငါ့ကို ကျွန်အမှုလုပ်လောက် သဘောထားပြီး ကဲ့ရဲ့ ပြစ်တင်သွားပြီ၊ အဲဒီလို အကဲ့ရဲ့ခံရတာဟာ စင်စစ် ငါ့မှာ အပြစ်ရှိလို့

မဟုတ်ဘူး။ သင်ဟာ ငါ့နောက်ကနေ ကပ်ပြီး လိုက်ပါလာလို့သာ ဖြစ်ပါတယ်။ ဒါကြောင့် ငါ့ကို သနားတယ်၊ ချစ်တယ်ဆိုရင် ငါ့အနေနဲ့ ရဟန်းတရားကို လွတ်လွတ်လပ်လပ် ကျင့်ပါရစေ။ ငါ့နောက်ကနေ မလိုက်ပါနဲ့၊ အခုတွေ့နေရတဲ့ ခရီးလမ်းကြောင်း နှစ်ခုမှာ သင်ကြိုက်ရာလမ်းကို ရွေးပြီးသွားပါ။ သင်မသွားတဲ့လမ်းနဲ့ ငါသွားပါ့မယ်။ ယနေ့ကစပြီး ငါ့ကို လင်ရယ်လို့ မမှတ်တော့ဘဲ ကုသိုလ်ပွားကြောင်း ကောင်းရာဘုံသို့ ရောက်ကြောင်း အကျင့်ကောင်းကိုသာ ကျင့်ပါ။ ငါကလည်း သင့်ကို မယားရယ်လို့ မမှတ်တော့ဘဲ ကုသိုလ်ပွားရာ အရပ်မှာ တစ်ယောက်တည်းပဲ ရဟန်းတရားကို ကျင့်သုံးပြီး နေပါတော့မယ်”လို့ ဆိုလိုက်ပါတယ်။

သီဝလိဒေဝီ မိဖုရားကြီးဟာ အပြစ်ကို ဖော်ပြပြီး တောင်းပန်နေတဲ့ ဘုရားအလောင်းတော်ကိုလည်း အားနာ၊ ခွဲခွာပြီးတော့ သွားရမှာကိုလည်း အလွန် ဝန်လေးလှတာကြောင့် ဆန့်ကျင်ဘက် ဘာကိုမျှ လျှောက်ထားခြင်း မပြုတော့ဘဲ-

“အရှင်မင်ကြီးဟာ ယောကျ်ားမြတ် ဖြစ်တာကြောင့် လက်ယာဘက် လမ်းကနေ ကြွတော်မူပါ။ နှမတော်

ကတော့ လက်ဝဲဘက် လမ်းကနေ သွားပါတော့မယ်”လို့ ဆိုပြီး လက်ဝဲလမ်းကနေ နည်းနည်းလောက် သွားပြီး “အရှင်မင်းကြီး၊ ကိုယ်တော်နဲ့ ခွဲပြီး နှမတော် မသွားတတ်တော့ပါဘူး”လို့ ပြောပြောဆို ဆိုနဲ့ ပြန်လာပြီး အလောင်းတော်ရဲ့ နောက်ကနေ ကပ်ပြီး လိုက်လာပြန်ပါတယ်။ ဘုရားအလောင်းတော်ဟာ မိဖုရားနဲ့ အတူတူ မြောက်ဘက် ဟိမဝန္တာ တောအရပ်ကို ရှေးရှုပြီး ဆက်လက်ကြွမြန်းတော်မူပါတယ်။ မျှူးမတ် ဗိုလ်ပါ လူထု ပရိသတ် အပေါင်းတို့ကလည်း မီလာပြီး အလောင်းတော်ရဲ့နောက် မလှမ်းမကမ်းကနေ လိုက်ကြပြန်ပါတယ်။

✧



# မြှက်ပင်ကိုပြု တောသို့ကြွ

အဲဒီလို ခရီးဆက်ကြစဉ် သစ်ကြီးဝါးကြီး ပိတ်ဆီး အုံ့ဆိုင်း မှိုင်းမှိုင်းညို့ညို့နဲ့ ကြောက်ခမန်းလိလိ တောမြိုင်ဝကို ရောက်သွားကြပါတော့တယ်။ အဲဒီအခါ အလောင်းတော်က မိဖုရားကို ပြန်စေလိုတဲ့ စိတ်အကြံနဲ့ အနားမှာ ရှိနေတဲ့ မြူဆံမြက်ပင် အညွန့် အမြိတ်စကို လက်တော်နဲ့ ဖြတ်ယူလိုက်ပြီး-

"သီဝလိဒေဝီ ဒီမှာကြည့်စမ်း၊ ဒီမြက်ညွန့်ကို မူလ အပင်မှာ ပြန်ဆက်လိုက်ရင် မူလအတိုင်း ပြန်မဖြစ်နိုင်တော့သလို ငါဟာလည်း ရဟန်းတရားကို ကျင့်ကြံလိုက်တာကြောင့် သင်တို့ကို စွန့်ပြီးပြီမို့ သင်တို့နဲ့ အဆက် အသွယ်ဖြတ်ပြီးတာကြောင့် နောက်ထပ် တစ်ဖန် ဘယ်လိုမှ ပြန်လည် ပေါင်းဖော်ခြင်း ပြုမှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ငါဟာ အပင်ကနေ ပြတ်ကင်းပြီးတဲ့ မြူဆံ

မြွက်ညွှန့်ပမာ တစ်ယောက်တည်း ဟိမဝန္တာတောမှာ ရဟန်းတရားကို ပွားများပြီး နေတော့မယ်။ သင်ဟာလည်း လက်ရှိစည်းစိမ်မှာ ငြိမ်းငွေ့ဖို့ ကောင်းပြီ။ ငါနဲ့ ကွေကွင်း ပြီးတော့ စည်းစိမ်ချမ်းသာကို ခံစားနေလို့ ဘာလုပ်မှာလဲ။ ငါ့လိုပဲ တစ်ယောက်တည်း ရဟန်းပြုပြီး နေရစ်ပါ တော့”လို့ အဆုံးအမ ပေးတော်မူလိုက်ပါတယ်။

ဒီစကားကို ကြားရတဲ့အခါ မိဖုရားကြီးဟာ ‘ငါ့ အရှင်ဟာ ငါ့ကိုပစ်ပြီး ဒီ တောအုပ်ကြီးထဲကို ဝင်ဖို့ ကြံစည် နေပြီကိုး၊ အခုမှ စိမ်းစိမ်းကားကား ဒီစကားမျိုး ပြောရက် တယ်’လို့ ပူပန်ကြေကွဲမှု များစွာနဲ့ ရင်ဘတ်ကို လက်နှစ် ဖက်နဲ့ တီးခတ်ပြီး မတ်တပ်ရပ်ကနေ ယိုင်လဲကျသွားပါ တော့တယ်။ အဲဒီအခါ ဘုရားအလောင်းတော်ဟာ မိဖုရား ကြီး သတိမေ့လျော့နေတာကို သိတာကြောင့် ခြေရာကို ဖျောက်ဖျက်ပြီး တောအုပ်ထဲ ဝင်ပြေးပါတော့တယ်။ အမတ်တွေလည်း စိတ်လျှော့ပြီးတော့ ဘုရားအလောင်း တော်ဆီကို မလိုက်ဘဲ မိဖုရားကြီးအနားမှာ ဝိုင်းအုံလို့ ခြေဆုပ်လက်နယ် ပြုစုနေကြပါတယ်။ မိဖုရားကြီးဟာ သတိရလာတော့ “အမောင်တို့၊ မင်းကြီးဘယ်ရောက်သွား ပြီလဲ”လို့ မေးတဲ့အခါ “ကျွန်ုပ်တို့ဟာ ခပ်ဝေးဝေးကနေ

လိုက်လာရတာကြောင့် မင်းကြီး ဘယ်ဆီကို ကြွမြန်းတယ် ဆိုတာ မသိလိုက်ရပါ”လို့ လျှောက်တင်ကြပါတယ်။

မိဖုရားကြီးဟာ မှူးမတ်ဗိုလ်ပါ ပရိသတ်ကို မင်းကြီးကို တွေ့အောင် ရှာဖို့ စေလွှတ်လိုက်ပါတယ်။ မိဖုရားကြီးရဲ့ စကားကို မလွန်ဆန်ဝံ့တာကြောင့် အသီးအသီး လှည့်လည်ရှာဖွေကြတာ ခြေရာကိုတောင် မတွေ့ရတာကြောင့် ပြန်လာကြပြီး မိဖုရားကြီးကို အကြောင်းစုံ လျှောက်ထားကြပါတယ်။ မိဖုရားကြီးလည်း ပြင်းပြင်းထန်ထန် ငိုကြွေးပြီးတော့ ရပ်တော်မူပြီး မြူဆံမြက်ကို ပြရာ အရပ်မှာ စေတီတည်ခိုင်းပြီး ပန်းနံ့သာ အမွှေးအကြိုင်တွေနဲ့ စေတီတော်ကို ရှိခိုး ပူဇော်ခဲ့ပါတယ်။ သတ္တဝါတွေ သံသရာ တစ်ခွင်မှာ စားရေး ဝတ်ရေး နေရေး ထိုင်ရေး အတွက် ခံခဲ့ရတဲ့ဒုက္ခ၊ အိုဘေး ဒုက္ခ၊ နာဘေး ဒုက္ခ၊ သေဘေး ဒုက္ခ အစရှိတဲ့ ဒုက္ခတွေနဲ့ ကြုံတွေ့ခဲ့ရလို့ ငိုခဲ့ရတဲ့ အခါမှာ ကျခဲ့ရတဲ့ မျက်ရည်တွေကို စုစည်းပြီးတော့ ထားလိုက်ရင် သမုဒ္ဒရာကြီး လေးစင်းမှာရှိတဲ့ ရေတွေထက်တောင် များပါသေးတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ လောကီနယ်မှာ တကယ် ဒုက္ခတွေ စုံလင်လှပါတယ်။ လောကီနယ်ထဲမှာပဲ နေချင်တယ်

ဆိုရင် နောက်ထပ် မျက်ရည်ကျချင်သေးလို့ပဲ မှတ်ကြပါ။ မျက်ရည်သိမ်းချင်ရင် လောကီနယ်ကနေ လွတ်အောင် ခန္ဓာဉာဏ်ရောက်တဲ့ အလုပ်ကို ကြိုးစား ပွားများ အားထုတ်ကြပါလို့ ဘုန်းကြီးက တိုက်တွန်းပါတယ်။

ဘုရားအလောင်းတော်ဟာ ဟိမဝန္တာတောမှာ ကသိုဏ်းပရိကံကို ပွားများ အားထုတ်ပြီးနေလိုက်တာ ခုနစ်ရက်အတွင်းမှာပဲ ဈာန်အဘိညာဉ် သမာပတ်တွေကို ရခဲ့ပါတယ်။ အနှစ်သုံးထောင်ပတ်လုံး လူတွေနဲ့ နီးစပ်ရာနေရာကို မသွားဘဲ ဟိမဝန္တာတောမှာပဲ ဈာန်ချမ်းသာနဲ့ မွေ့လျော်နေပါတယ်။ သတ္တဝါတွေဟာ ပျော်စရာ ရှိတဲ့အရပ်မှာ နေထိုင်ချင်ကြပါတယ်။ အလောင်းတော်ကတော့ ဈာန်တရားနဲ့ ပျော်နေတာမို့ တောအရပ်မှာ နေနိုင်ပါတယ်။ ဘုန်းကြီးတို့ ယောဂီများလည်း အခုတရားအားထုတ်တာ တရားနဲ့ ပျော်မယ်ဆိုရင် ကျောက်တစ်လုံး တောရကနေ ဘယ်ခွာတော့မလဲ၊ အခုတော့ သကြ်န်ရက်ကလေးအတွင်းမှာတောင် အတင်းပဲ ကြိတ်မှိတ်ပြီး နေရတယ်။ အချို့ဆိုရင် ပြန်ဖို့ရက်တောင် တွက်နေကြပြီ။ အဲဒါဟာ ကာမဂုဏ် အရှုပ်ထဲမှာ ပျော်ကြလို့ပါ။ ဘုရားအလောင်းတော်ရဲ့ ကျင့်ကြံပုံကို စံနမူနာ ယူပြီး

တရား အားထုတ်နေစဉ်အတွင်းမှာ ဘယ်သူနဲ့မှ မရောယှက်၊ ကိုယ့်တရားကို နှလုံးသွင်းပြီးတော့ နေဖို့ ကောင်းပါတယ်။ လောကီရေး ကိစ္စတွေ ဘာကိုမှ တွေးတောကြံစည်မနေဘဲ ကိုယ့်သားသမီး မြေးမြစ်တွေကိုတောင် အလာမခံဘဲ ကျင့်သုံးကြစမ်းပါ။ အချိန်ရှိတုန်း အခွင့်ရတုန်း ဒုက္ခနယ်ကနေ ရုန်းထွက်ကြစမ်းပါ။

✧



# ပြန်ကြစို့ ဒို့ဌာနီ

မိဖုရားကြီးနဲ့ ပရိသတ်တို့လည်း မဟာဇနကမင်းအတွက် ရှာပုံတော် မဖွင့်တော့ဘဲ ပြန်လာကြပါတယ်။ အစဉ်အတိုင်း ပြန်လာရင်း 'ထူဏာမြို့' ရောက်တဲ့အခါ

၁။ လေးသမားနဲ့ ဘုရားအလောင်းတော် စကားပြောတဲ့ အရပ်မှာ စေတီတစ်ဆူ။

၂။ သတို့သမီးငယ်နဲ့ ဘုရားအလောင်းတော် စကားပြောတဲ့ အရပ်မှာ စေတီတစ်ဆူ။

၃။ ပွဲသကူ အမဲကင်ကို ဘုဉ်းပေး သုံးဆောင်တဲ့ အရပ်မှာ စေတီတစ်ဆူ။

'ထူဏာမြို့' မှာ စေတီသုံးဆူ တည်ထားပြီး ပန်းနံ့သာ အမွှေးအကြိုင်တွေနဲ့ အားရအောင် ပူဇော်ပြီး ခရီးဆက်ခဲ့ပါတယ်။ အဲဒီလိုနဲ့ ဆက်လက်ပြန်လာခဲ့တာ-

၄။ မိဂါဇိန် ရသေ့နဲ့ စကားပြောတဲ့ နေရာမှာ စေတီ တစ်ဆူ။

၅။ နာရဒရသေ့နဲ့ စကားပြောတဲ့ နေရာမှာ စေတီ တစ်ဆူ။

၆။ ဘုရားအလောင်းတော် တောင်ဝေ့းတော်နဲ့ လမ်း ခရီးမှာ ကန့်လန့်ဖီလာ အရေးအကြောင်း ရေးခြစ် တဲ့ နေရာမှာ စေတီတစ်ဆူ။

၇။ မိထိလာမြို့တော်ကို ရောက်ခါနီး လူဆိုးခိုးသား ဓားပြတွေ ထကြွ ပုန်ကန်နေကြောင်းကို မိဖုရား ကြီး လျှောက်ထားတဲ့နေရာမှာ စေတီတစ်ဆူ။

၈။ မီးတွေ လောင်မြိုက်နေကြောင်းကို လျှောက်ထား ရာ မြို့တွင်းမှာ စေတီတစ်ဆူ။

တည်ထားစေပြီး ပန်းနံ့သာတွေနဲ့ ပူဇော်ပြီး မိထိ လာမြို့တော်ကို ဆိုက်ရောက်လာခဲ့ပါတယ်။ အဲဒီလို စေတီ တော်များကို ပူဇော်မှု ပွဲသဘင်ကို ပြုပြီးနောက် မိဖုရား ကြီးဟာ မြို့ကို လှလှပပဖြစ်အောင် တန်ဆာဆင်ခိုင်းပြီး မှူးမတ်ဗိုလ်ပါ စစ်အင်္ဂါလေးပါး ခြံရံပြီး ဥယျာဉ်တော်ကို ထွက်ခဲ့ပါတယ်။ ဥယျာဉ်တော်အတွင်း မင်္ဂလာ ကျောက် ဖျာပေါ်မှာ အိမ်ရှေ့မင်းသား ဒီဃာဝုကို မင်းအဖြစ်

အဘိသိက်သွန်းပြီး ထီးနန်းစည်းစိမ် အပ်နှင်းလိုက်ပါတယ်။ မိဖုရားကြီးက သားတော်ကို-

"သားတော်၊ သင့်ခမည်းတော် အုပ်ချုပ်ခဲ့သလို တိုင်းပြည်တွင်းမှာ ငြိမ်းချမ်း သာယာအောင် တရားသဖြင့် အုပ်ချုပ်ပါ။ မမေ့မလျော့ပါနဲ့၊ မယ်တော်ကတော့ မောင့်ခမည်းတော် မှာထားခဲ့တဲ့အတိုင်း ဒီ ဥယျာဉ်တော်မှာ ရဟန်းပြုပြီး နေခဲ့တော့မယ်"လို့ ပြောကြားလိုက်ပါတယ်။ ဒီဃာဝုမင်းနဲ့ မှူးမတ်ဗိုလ်ပါ ပရိသတ်တို့ဟာ မြို့ထဲကို ဝင်ပြီး ထီးနန်းကို သိမ်းပိုက် စံမြန်းပါတော့တယ်။ မိဖုရားကြီးဟာ ဒီဃာဝုမင်းကြီး မြို့ထဲဝင်သွားပြီးနောက် ဆတ္တာသည် (ဆံရိတ်သမား)ကို ခေါ်ပြီး ပရိက္ခရာ အစုံဝယ်ခိုင်း၊ ဆံချခိုင်းပြီးတော့ ရသေ့ဝတ်လိုက်ပါတယ်။ သီဝလိဒေဝီ မိဖုရားကြီးဟာ ရသေ့မ ဘဝနဲ့ ဥယျာဉ်အတွင်းမှာ ကြောင့်ကြ ပူပန်စရာ မှန်သမျှကို ဖြတ်တောက်ပြီး ကသိုဏ်းပရိကံဘာဝနာကို ပွားများ အားထုတ်လိုက်တာ မကြာမီမှာ ပထမဈာန်သမာပတ်ကို ရရှိခဲ့ပါတယ်။

ပဋိသမ္ဘိဒါ ဉာဏ်လေးပါးကို မရသေးတဲ့ မိန်းမတွေဟာ ဈာန်ကို ရသော်လည်း အဘိညာဉ်ရဲ့ အခြေခံဖြစ်တဲ့ စတုတ္ထဈာန်ကို မရနိုင်ပါဘူး။ စတုတ္ထဈာန်ကို

မရတဲ့အတွက်ကြောင့် အဘိညာဉ်ကိုလည်း မရနိုင်ပါဘူး။ အလွန်ဆုံး ပထမဈာန်သမာပတ်ပဲ ရနိုင်ပါတယ်။ မိဖုရားကြီးဟာ ရသေ့မဘဝနဲ့ ဥယျာဉ်တော်အတွင်းမှာ ဈာန်ချမ်းသာကို ခံစားပြီး အနှစ်သုံးထောင်ပတ်လုံး နေခဲ့ရပါတယ်။ အဲဒီဘဝကနေ စုတေမနေ သေလွန်တဲ့အခါ ဗြဟ္မပါရိသဇ္ဇာဘုံကို ရောက်ခဲ့ပါတယ်။ ဗြဟ္မပါရိသဇ္ဇာဘုံဆိုတာ ဗြဟ္မာဘုံ ၂၀ ရှိတဲ့အထဲက တစ်ခု အပါအဝင်ပါပဲ။ မဟာဗြဟ္မာတွေရဲ့ အလုပ်အကျွေး ဗြဟ္မာတွေနေထိုင်ရာဘုံလို့ ဆိုလိုပါတယ်၊ ဘုရားအလောင်းတော်ဟာလည်း တောထဲမှာ အဘိညာဉ် ဈာန်သမာပတ်ချမ်းသာကို ခံစားပြီး အနှစ်သုံးထောင်ပတ်လုံး နေခဲ့ပါတယ်။ အဲဒီဘဝကနေ စုတေမနေ သေလွန်တဲ့အခါ ဝေဟပ္ဖိုလ်ဗြဟ္မာဘုံကို ဆိုက်ရောက်ခဲ့ပါတယ်။ ဝေဟပ္ဖိုလ်ဆိုတာ ကြီးကျယ်တဲ့ ကောင်းကျိုးရှိသူ ဗြဟ္မာတို့ရဲ့ဘုံလို့ ဆိုလိုပါတယ်။

မဟာဇနကမင်းတို့၊ သီဝလိဒေဝီတို့ ဗြဟ္မာ့ဘုံရောက်တယ်ဆိုတာ တန်ခိုးရှင်တွေက ဖန်ဆင်းပေးလို့ ရောက်ရတာ မဟုတ်ပါဘူး။ သူတို့ရဲ့ အကြောင်းကံတရားကြောင့် ရောက်ရတာပါ။ ဗြဟ္မာ့ပြည်နဲ့ ထိုက်တန်

တဲ့ အကြောင်းကံ ရှိတော့ ဗြဟ္မာ့ဘုံ ရောက်ရတာပေါ့။ ဗြဟ္မာ့ဘုံ ရောက်တော့လည်း ရောက်ရာဘုံချင်း မတူကြ ပြန်ပါဘူး။ ဘုရားအလောင်းတော်က ဝေဟပ္ဖိုလ်ဘုံနဲ့ ထိုက်တန်တဲ့ အကြောင်းကံ ပါလာတော့ ဝေဟပ္ဖိုလ်ဘုံ ရောက်ရပါတယ်။ သီဝလိဒေဝီကတော့ ဗြဟ္မပါရိသဇ္ဇာ ဘုံကို ဆိုက်ရောက်ရပါတယ်။ လောကီဘုံဆိုတာ ကံ အကျိုးပေးတဲ့ နယ်ပါ။ အဲဒါကြောင့် နိဗ္ဗာန်မရောက်မီ လောကီနယ်မှာ ကျင်လည်ကြရမယ့် သူတွေဟာ ဆင်းရဲ ဒုက္ခတွေကို မလိုလားပါဘူး။ ကြောက်ရွံ့ပါတယ် ဆိုရင် ဆင်းရဲခြင်းရဲ့ အကြောင်းဖြစ်တဲ့ ကာယကံ အကုသိုလ်၊ ဝစီကံ အကုသိုလ်၊ မနောကံ အကုသိုလ်တွေကို ရှောင်ရှား ရပါလိမ့်မယ်။ လူချင်းတူသော်လည်း တစ်ယောက်နဲ့ တစ်ယောက် အကျိုးပေး ကွာခြားနေတာကို ပတ်ဝန်း ကျင်မှာ တွေ့ရပါလိမ့်မယ်။ အကြောင်းတရား မတူညီ တော့ အကျိုးတရားလည်း မတူညီကြဘူးပေါ့။

ကံအလုပ် သက်သက်ကိုပဲ လုပ်ပြီး ခန္ဓာဉာဏ် ရောက်တဲ့ အလုပ်ကို မလုပ်ရင်လည်း လောကီနယ်မှာပဲ ကျင်လည်ပြီးတော့ အိုနာသေ ဒုက္ခ မဆုံးနိုင်ပါဘူး။ အိုနာ သေ ဒုက္ခတွေ ချုပ်ငြိမ်းချင်ရင် ဉာဏ်အလုပ်ကိုလည်း

လုပ်ရပါလိမ့်မယ်။ အချို့က ဒါန သီလဆိုတဲ့ ကုသိုလ် အမှုတွေဟာ ကံအလုပ်ဖြစ်တယ်။ အိုနာသေ မငြိမ်းနိုင်ဘူး။ အဲဒါကြောင့် ကံအလုပ်တွေကို မလုပ်ဘဲ ဉာဏ်အလုပ်ကိုပဲ လုပ်ရမယ်လို့ ပြောကြပြန်တယ်။ ဒါဟာ အသိဉာဏ် မပြည့်စုံသေးလို့ ပြောနေကြတာပါ။ အဲဒါကို နားမယောင်ကြပါနဲ့၊ ဉာဏ်အလုပ်ဟာ ကံအထောက်အပံ့ ပေးမှ အောင်မြင်ပါတယ်။ ကံအလုပ် မပါဘဲ ဉာဏ်အလုပ်သက်သက်ကို လုပ်နေပြန်ရင်လည်း ချွတ်ယွင်းချက်ဟာကွက် ပျော့ကွက်တွေ ဖြစ်လာတတ်ပါတယ်။

သစ်ပင်တစ်ပင်ရဲ့ ထိပ်ဖျားကို ရောက်နေတဲ့ သူဟာ အောက်ခြေကနေ အဖျားရောက်အောင် ခုန်ကျော်တက်လို့ မရပါဘူး။ အောက်ခြေကနေ တဖြည်းဖြည်းချင်း တွယ်တက်သွားရမှာပါ။ အဲဒီလိုပဲ ဉာဏ်အလုပ်ဆိုတာ အဆင့်မြင့်တဲ့ အလုပ်ပါ။ ကံအလုပ် အခြေခံ မပါဘဲ လုပ်နေရင် ပြည့်စုံမှု မရနိုင်ပါဘူး။ အဲဒါကြောင့် မိမိတို့ရဲ့ ကာယကံ ဝစီကံ မနောကံတွေကို စင်ကြယ်အောင် သတိပညာ ရှေ့ထားပြီးတော့ နေ့စဉ် ဒါန သီလ အစရှိတဲ့ ကုသိုလ်ကံ အလုပ်တွေကို အခြေခံပြီး အားထုတ်ကြပါ။ ဘုရားအလောင်းတော် မဟာဇနကမင်းနဲ့ သီဝလိဒေဝီ

တို့ဟာလည်း ဉာဏ်အလုပ်တွေ မပြည့်စုံသေးတော့ ကံရဲ့ အကျိုးပေးရာ လောကီနယ်မှာ ကျင်လည်နေရပါသေးတယ်။ သူတို့ရဲ့ ကံဟာ ဖြဟ္မာ့ဘုံနဲ့ ထိုက်တန်တာကြောင့် ဖြဟ္မာတို့ရဲ့ ဈာန်ချမ်းသာကို ခံစားပြီးတော့ နေကြရပါတယ်။

✧

# အတိတ်ဇာတ်ကြောင်း ပြန်လည်ပေါင်း

ဘုန်းကြီး အခုဟောကြားနေတဲ့ မဟာဇနကမင်းကြီးရဲ့ အကြောင်းကို မြတ်စွာဘုရားဟာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ တပည့်ရဟန်းတွေကို အကျယ်တဝင့် ဟောကြားနေတာ ဖြစ်ပါတယ်။ ဒီလို ဟောပြပြီး "န ဘိက္ခဝေ ဣဒါနေဝ၊ ပုဗ္ဗေပိ တထာဂတော မဟာဘိနိက္ခမနံ နိက္ခန္တောယေဝ"လို့ မိန့်လိုက်ပါတယ်။

အဓိပ္ပာယ်ကတော့

"ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ ငါဘုရားဟာ အခုအခါမှသာ လူအို လူနာ လူသေ ရဟန်း အားဖြင့် နိမိတ်ကြီးလေးပါးကို တွေ့မြင်ပြီး မင်းစည်းစိမ်ကို စွန့်ပြီးတော့ တောထွက်ခဲ့တာ မဟုတ်သေးပါဘူး။ ရှေးရှေး ဘဝမှာ ပါရမီတော်တို့ကို ဖြည့်ကျင့်စဉ်ကလည်း ငြိတွယ်စရာ များလှတဲ့ မင်းစည်းစိမ်ကို စွန့်ပြီး မြတ်သော

တောထွက်မှုကို ပြုတော်မူခဲ့ပါသေးတယ်”လို့ ဒေသနာတော်ကို ဆက်စပ်တော်မူပြီး-

၁။ “ငါ မဟာဇနကမင်း ဖြစ်ခဲ့စဉ်အခါက မဟာသမုဒ္ဒရာထဲကနေ ထုတ်ဆယ်ပြီး မိထိလာပြည် ဥယျာဉ်တော်အတွင်း မင်္ဂလာကျောက်ဖျာ အပြင်မှာ သိပ်ထားတဲ့ မဏိမေခလာ နတ်သမီးဆိုတာ အခုအခါ ငါဘုရားရဲ့လက်ဝဲရံ တပည့်မတွေထဲမှာ အမြတ်ဆုံး အသာဆုံး (အဂ္ဂသာဝိကာ) ဥပ္ပလဝဏ္ဏာထေရီ ဘိက္ခုနီမ ဖြစ်လာခဲ့ရပါတယ်။”

၂။ “ဘုရားအလောင်းတော်ကို ရဟန်းအဖြစ်မှာ မြဲမြံစေဖို့ အဆုံးအမ ပေးသွားတဲ့ ထူဏမြို့သူ ရွှေလက်ကောက်ဝတ်ဆင်ထားတဲ့ သတို့သမီးဟာ အခုအခါ ငါဘုရားရဲ့လက်ယာရံ တပည့်မအပေါင်းတို့မှာ အမြတ်ဆုံး ခေမာထေရီ ဘိက္ခုနီမ ဖြစ်လာခဲ့တယ်။”

၃။ “မိဂါဇိန် ရှင်ရသေ့ ဆိုတာ အခုအခါ ငါဘုရားရဲ့လက်ဝဲရံ တပည့်ရဟန်းအပေါင်းတို့ထဲမှာ အမြတ်ဆုံး မဟာမောဂ္ဂလာန် ထေရ် ဖြစ်လာခဲ့တယ်။”

၄။ “နာရဒ ရှင်ရသေ့ဆိုတာ အခုအခါ ငါဘုရားရဲ့လက်ယာရံ တပည့်အပေါင်းတို့ အထဲမှာ အမြတ်ဆုံး သာရိပုတ္တာထေရ် ဖြစ်လာခဲ့တယ်။”

၅။ "ထူဏာမြို့သား လေးသမားဟာ အခုအခါ ငါဘုရားရဲ့ အလုပ်အကျွေးအရာမှာ အမြတ်ဆုံး အသာဆုံး ဓမ္မဘဏ္ဍာဂါရိက အာနန္ဒာထေရ် ဖြစ်လာခဲ့တယ်"

၆။ "မိဖုရားကြီး သီဝလိဒေဝီဆိုတာ အခုအခါ ရာဟုလာရဲ့ မိခင် ဗိမ္ဗာထေရီ (ယသောဓရာ ထေရီ) ဖြစ်လာခဲ့တယ်"

၇။ "ဒီဃာဝု မင်းသားဆိုတာကတော့ သားတော် ရာဟုလာ ဖြစ်ခဲ့တယ်"

၈။ "မဟာဇနကမင်းရဲ့ မယ်တော် ခမည်းတော်များကတော့ အခုအခါ ကပိလဝတ် နေပြည်တော်မှာ စံမြန်းကြတဲ့ သုဒ္ဓေါဒန မင်းကြီးနဲ့ မယ်တော် မာယာဒေဝီတို့ ဖြစ်လာခဲ့ပါတယ်"

၉။ "သရက်ပင်ကို ကြည့်ပြီး သံဝေဂယူလို့ ထီးနန်းစည်းစိမ် စွန့်ပြီး တောထွက် ရဟန်းပြုသွားတဲ့ မဟာဇနကမင်းဆိုတာကတော့ အခုအခါ သင်တို့ဆရာ ငါဘုရားဖြစ်တော်မူလာခဲ့တယ်"လို့ မိန့်ကြားပြီး ဇာတ်တော်ပေါင်းလိုက်ပါတယ်။

✧



# ပတ္ထနာ

ဒီတရားတော်ကို နာကြားလိုက်ကြရတဲ့ ယောဂီ သူတော်စင်တို့ဟာ ဘုရားအလောင်းတော်ကြီးနှင့်တကွ ပါရမီဖြည့်ဘက်များရဲ့ သဒ္ဓါ ဆန္ဒ ဝီရိယတရားတို့ကို ရှေ့တန်းတင်ပြီး ကမ္ဘာများစွာ အကြိမ်များစွာ ပါရမီ ကုသိုလ်ထူးများကို ဆည်းပူးကြလို့ နောက်ဆုံး ပါရမီ ပြည့်ကာ အိုနာသေ ဒုက္ခတွေ ချုပ်ငြိမ်းရာ နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြုသွားကြသလို မိမိတို့လည်း ကိုယ်စီကိုယ်င ရှေးက သူတော်ကောင်းများကို အတုယူပြီး လိုက်နာ ကျင့်သုံးနိုင်ကြသဖြင့် မိမိတို့ ပန်ဆင်ထားတဲ့ ဗောဓိဉာဏ်ကြီး အသီးသီးနဲ့ တစ်ဆယ့်တစ်သီး မီးငြိမ်းရာ မှန် မြတ်နိဗ္ဗာန်ကို လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်ကြ ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ဟိတွာ ကာမေ ပဗ္ဗဇိံသု၊
သန္တော ဂမ္ဘီရ စိန္တကာ၊
တေ တုမှေ ပျုနုသိက္ခာဘော၊
ပဗ္ဗဇိတာ သုပေသလာ။

သန္တော = ဘုရားအလျာ ပစ္စေကာနှင့် အရိယာနွယ်လောင်း ရှေးက သူတော်ကောင်းတို့သည်၊

ဂမ္ဘီရစိန္တကာ = တွေ့ရကြံ့ရ မူကိစ္စဝယ် အဖျတ်တွင် ဉာဏ်မြင်ဆိုက်အောင် လိုက်လိုက်လှဲလှဲ စိတ်မှာစွဲ၍ နက်နဲသည့် ဓာတ်သဘောကို နက်နေစွာ ဆင်ခြင် အကြံကောင်း ဉာဏ်ကောင်း ဝင်တော်မူကြကုန်လျက်၊

ကာမေ = ရှေးကပြုဖန် ကုသိုလ်ကံတို့ စီမံထောက်မ လက်ရောက်ရသား များလှဇနီးသည် ကြီးကြီးငယ်ဟု နှီးနွယ်ရောစု ကိုယ်တော်တို့ ပိုင်သသည့် ကာမဝတ္ထုအစုစုတို့ကို၊

ဟိတွာ = ငါတို့ပိုင်ပြား ဤကာမတရားတို့သည်ကား အများနှင့်ဆက်ဆံ ဘေးတွေကရံ ရန်တွေက မြောက်မြားကြောက်လန့်ဖွယ်တကားဟု ကြောက်အားတော် ဉာဏ်ကြွယ် လွတ်လွတ်ကြီး စွန့်ပယ်တော်မူကြကုန်ပြီး၍၊

ပဗ္ဗဇိံသု = ယရာဝါသ သမ္ဗာဓဟု ကိစ္စများမြောင် လူတို့ဘောင်မှ လွတ်အောင်ကြိုးကုပ် အားထုတ်ကြကုန်

ပြီးလျှင် နှစ်သက်ရွှင်လန်း မြတ်သက်န်းဖြင့် ရှင်ရဟန်း ပြုတော်မူကြလေကုန်ပြီ၊

တုမ္ဟေပိ = မြတ်နေကမ္ဘာမှ အာသယဟု ဆန္ဒ ကိန်းအောင်း သင် သူတော်စင်အပေါင်းတို့သည်လည်းပဲ၊

ပဗ္ဗဇိတာ = ဝတ္ထုကာမ အဝဝမှ မရအရ လွတ်အောင် ကြိုးကုပ် အားထုတ်ကြကုန်ပြီးလျှင်၊

သုပေသလာ = စာမရိုသား မြီးဖျားခုံမင် ပုံအသွင်သို့ ချစ်ခင်လေးမြတ် နှစ်သက်အပ်သော သီလ ကိုယ်စီကိုယ်င ရှိကြကုန်သည်ဖြစ်၍၊

တေ = ထိုဘုရားအလျာ ပစ္စေကာနှင့် အရိယာ နွယ်လောင်း ရှေးက သူတော်ကောင်းတို့ကို၊

အနုသိက္ခာထ = အတုလိုက်ကာ ကျင့်ကြံကြိုးကုပ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း. . .။

သာဓု သာဓု သာဓု။

ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ